# အမျိုးသားညီညွတ်ရေးအစိုးရ၏

## စစ်ရေးကြေညာချက်များ၊ အင်တာဗျူးများနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုများ



၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီ ၂၂၊ ရန်ကုန်။

လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ

General Strike Committee of Nationalities - GSCN




# လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ၏ နောက်ခံသမိုင်းကြောင်း

၂၀၂၁-ခုနှစ် ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ - General Strike Committee of Nationalities (GSCN) ကို လူမျိုးစု ၂၉-စုဖြင့် ဖွဲ့စည်းခဲ့ပြီး ဖေဖော်ဝါရီလ(၂၆)ရက်နေ့တွင် အဖွဲ့ဝင် လူမျိုး ၃၁-မျိုးရှိလာခဲ့သည်။ GSCN သည် မူ (၅) ချက်နှင့် ကြွေးကြော်သံ(၄)ချက်ကို ကိုင်စွဲပြီး သပိတ်အဖွဲ့ (Strike Wing) နှင့် နိုင်ငံရေးအဖွဲ့ (Political Wing) နှစ်ခုရှိပြီး လူမျိုးစုများ၏ တော်လှန်ရေးလှုပ်ရှားမှုများကို အကောင်အထည်ဖော်လျက်ရှိသည်။ GSCN သည် ဆပ်ကော်မတီ- Sub-committee (၇) ခုဖြင့် လည်ပတ်နေပြီး သုတေသနနှင့် အချက်အလက် ထိန်းသိမ်းရေးသည် ဆပ်ကော်မတီများထဲမှတစ်ခုဖြစ်သည်။

## မူ(၅)ချက်

(၁) ဖယ်ဒရယ်ဒီမိုကရေစီပေါ်ပေါက်ရေး
(၂) စုပေါင်းခေါင်းဆောင်မှု
(၃) တန်းတူညီမျှရေး နှင့် တရားမျှတမှု
(၄) အပြန်အလှန်လေးစားတန်ဖိုးထားမှု
(၅) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

## ကြွေးကြော်သံ(၄)ချက်

(၁) အာဏာရှင်စနစ်မှန်သမျှဖျက်သိမ်းရေး
(၂) ၂၀၀၈ အခြေခံဥပဒေဖျက်သိမ်းရေး
(၃) ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ပေါက်ရေး
(၄) မတရားဖမ်းဆီးထားသူများ အမြန်ဆုံး လွှတ်ပေးရေး

# ကျေးဇူးတင်လွှာ

အမျိုးသားညီညွတ်ရေးအစိုးရ – NUG ၏ စစ်ရေးကြေညာချက်များ၊ အင်တာဗျူးအဖြေများနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့/အင်အားစုအပေါ် သက်ရောက်မှုများစာတမ်းဖြစ်မြောက်ရေးအတွက် တွေ့ဆုံ မေးမြန်းမှုတွင် အချိန်ပေးပါဝင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များ၊ လူထုလက်နက် ကိုင်တော်လှန်ရေးအဖွဲ့များနှင့် ပြည်သူလူထုများအားလုံးကို လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီမှ အထူးကျေးဇူးတင်ရှိပါသည်။ ဤစာတမ်းကို အစမှအဆုံး အဘက်ဘက်မှလမ်းညွှန်အကြံပေးခဲ့သည့် သုတေသနပညာရှင်ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် စာတမ်းဖြစ်မြောက်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီသူများ၊ ချိတ်ဆက်ဆောင်ရွက်ပေးသူများ၊ အင်တာဗျူးအဖွဲ့သားများအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါသည်။

ဤစာတမ်းတွင် အားနည်းချက်များစွာရှိနိုင်သော်လည်း လက်ရှိတော်လှန်ရေးကို ဦးတည်ပြုစုထားသည့် စာတမ်းဖြစ်ပြီး တော်လှန်ရေးနှင့် လက်ရှိနိုင်ငံရေးဦးဆောင်နေသောအစုအဖွဲ့များအတွက် အကြံပြုချက်များ ပါဝင်သောကြောင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ထောင်နိုင်ရန် အကျိုးပြုသည့် စာတမ်းတစ်ခု ဖြစ်မည်ဟု မျှော်လင့်ယုံကြည်ပါသည်။

လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ
General Strike Committee of Nationalities – GSCN



# အတိုကောက်စာလုံးများ

| အတိုကောက် | အဓိပ္ပာယ် (အင်္ဂလိပ်) | အဓိပ္ပာယ် (မြန်မာ) |
|---|---|---|
| AAPP | Assistance Association for Political Prisoners | နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း |
| ACLED | The Armed Conflict Location & Event Data Project | |
| AJMM | Anti-Junta Mass Movement | စစ်အာဏာရှင်ဆန့်ကျင်ရေးလူထုလှုပ်ရှားမှု |
| CDF | Chinland Defense Force | ချင်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| CDM | Civil Disobedience Movement | အာဏာဖီဆန်ရေးလှုပ်ရှားမှု |
| CRPH | Committee Representing Pyidaungsu Hluttaw | ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ |
| EAO | Ethnic-Armed Organization | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ |
| GSC | General Strike Committee | စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ |
| GSCN | General Strike Committee of Nationalities | လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ |
| KNDF | Karenni National Defense Force | ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် |
| KNU | Karen National Union | ကရင်အမျိုးသားအစည်းအရုံး |
| LDF | Local Defense Force | ဒေသဆိုင်ရာကာကွယ်ရေးအဖွဲ့ |
| NLD | National League for Democracy | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| NUG | National Unity Government | အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | People Defense Force | ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| PNLO | Pa-Oh National Liberation Organization | ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ |
| ULA/AA | United League of Arakan/Arakan Army | ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော် |
| VPN | Virtual Private Network | |



# မာတိကာ


၁။ အနှစ်ချုပ်ဖော်ပြချက် 1

၂။ နိဒါန်း 4

၂-က။ သုတေသန၏ရည်ရွယ်ချက် 6

၂-ခ။ သုတေသနနည်းနာ 6

၂-ဂ။ သုတေသနကန့်သတ်ချက်များ 7

၃။ တွေ့ရှိချက်များ 8

၃-က။ ၂၀၂၁-ခုနှစ် လူထုတော်လှန်ရေး (သို့မဟုတ်) မြန်မာ့နွေဦးတော်လှန်ရေး 8

၃-ခ။ အကြမ်းမဖက်တော်လှန်ရေးနှင့် မိမိကိုယ်ကိုကာကွယ်မှု 10

၃-ဂ။ လက်နက်ကိုင်တော်လှန်ရေး 12

လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ခဲ့ရသူများ 14

၃-ဃ။ လူထုတော်လှန်ရေးနှင့် NUG 16

၃-င။ လက်နက်ကိုင်ခုခံတော်လှန်ရေးအပေါ် သက်ရောက်မှုရှိသည့် NUG နှင့် CRPH ၏ ထုတ်ပြန်ချက်များ 20

၃-စ။ အရေးပေါ်အခြေအနေထုတ်ပြန်ချက်၏ ရိုက်ခတ်မှုများ 22

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ၏ သုံးသပ်ချက်များ 25

ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၏ သုံးသပ်ချက်များ 27

ပြည်သူများ၏ သုံးသပ်ချက်များ 32

၃-ဆ။ အရေးပေါ်ကာလကြေညာချက်နောက်ပိုင်း အခြေအနေများ 36

၄။ ခြုံငုံသုံးသပ်ချက်များ 45

တော်လှန်ရေးအောင်မြင်ရန်အထောက်အကူပြုစေမည့် အကြံပြုချက်များ 48

နောက်ဆက်တွဲများ 48

နောက်ဆက်တွဲ-၁။ တွေ့ဆုံမေးမြန်းမှုတွင် အသုံးပြုသည့် နမူနာမေးခွန်းပုံစံ 48

နောက်ဆက်တွဲ-၂။ CRPH နှင့် NUG ၏ ထုတ်ပြန်ကြေညာချက်များ 50

နောက်ဆက်တွဲ-၃။ သုတေသနအတွင်းလေ့လာခဲ့သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့စာရင်း 54

ကိုးကားချက်များနှင့် မှတ်စုများ 57

# ၁။ အနှစ်ချုပ်ဖော်ပြချက်

ဤ သုတေသနကို NUG ၏ စစ်ရေးကြေညာချက်များနှင့် သဘောထားအမြင်များက ပြည်သူလူထု ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့/ အင်အားစုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အပေါ် မည်သို့သော အကျိုးသက်ရောက်မှုများကို လေ့လာသိရှိရန်၊ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှု အပေါ် သက်ရောက်နေမှုများ ကိုသိရှိရန်နှင့် တော်လှန်ရေးအောင်မြင်ရန်အထောက်အကူပြုနိုင်မည့် သုံးသပ် အကြံပြုချက်များရရှိရန် လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ (GSCN) ၏ သုတေသနနှင့် အချက်အလက် စုဆောင်းရေးအဖွဲ့မှ ဤသုတေသနကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်(၂)ဖွဲ့၊ ဒေသ(၅)ခုမှ ပြည်သူ့ ကာကွယ်ရေးအဖွဲ့(၁၁)ဖွဲ့နှင့် ပြည်သူ(၆)ဦးအား တိုက်ရိုက်တွေ့ဆုံ မေးမြန်းခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာ များမှတဆင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (၁၀၀)ကျော်၏ ထုတ်ပြန် ချက်များကို လေ့လာခဲ့ပါသည်။ ထို့အပြင် သုတေသနနှင့်ဆက်စပ်သည့် အခြားသော အချက်အလက်များ၊ သုံးသပ်ချက်များကို သက်ဆိုင်ရာ မီဒီယာ၊ အဖွဲ့အစည်း (သို့) လူပုဂ္ဂိုလ်များ၏ လူမှုကွန်ရက်စာမျက်နှာများ၊ ဝက်ဘ်စာမျက်နှာများမှတဆင့် အချက်အလက်များကို စုစည်းသုံးသပ်ခဲ့ပါသည်။

၂၀၂၁-ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် အကြမ်းဖက်စစ်တပ်က ပြည်သူများထံမှ မတရား အာဏာသိမ်းခဲ့သည်။ ထိုအချိန်မှစ၍ ပြည်သူလူထုက အာဏာရှင်ပြုတ်ကျရေးအတွက် အကြမ်းမဖက် ဆန္ဒ ပြမှုများ၊ သပိတ်မှောက်တောင်းဆိုမှုများ အပါအဝင် နွေဦးတော်လှန်ရေးကို စတင်ခဲ့သည်။ ငြိမ်းချမ်းစွာ ဆန္ဒ ပြသူများအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်းအပါအဝင် ပြည်သူလူထုအား ဖိနှိပ် မှုပုံစံမျိုးစုံအား အသုံးပြုလာခဲ့သည်။ စစ်တပ်၏အကြမ်းဖက်မှုများက ဆိုးဝါးလာသည့်အပြင် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ မြန်မာ့အရေးတုံ့ပြန်မှုများက လုံလောက်မှုမရှိကြောင်း ကြုံတွေ့ ခံစား လာရချိန်တွင် စစ်အာဏာရှင်အားအမြစ်ဖြုတ်ရန်အတွက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်မှုများ ရှိလာသကဲ့သို့ ပြည်သူလူထု၏ အာရုံစိုက်မှုများလည်း ရရှိလာခဲ့သည်။

ပြည်တွင်းစစ်မီးအစဉ်တစိုက် တောက်လောင်ခဲ့သည့် မြန်မာ့သမိုင်းတွင် လက်နက်ကိုင်ပဋိပက္ခ များသည် လှိုင်းအတက်အကျများရှိခဲ့ပြီး အထူးသဖြင့် တောင်တန်းဒေသများမှ လက်နက်ကိုင်အဖွဲ့များသည် ကာလရှည်ကြာစွာပင် တည်ရှိနေခဲ့ပြီဖြစ်သည်။ ယခု အာဏာသိမ်းမှုသည် လက်နက်ကိုင်တော်လှန်ရေးကို ထပ်မံ၍ အားသစ်လောင်း လိုက်ခြင်းဖြစ်ပြီး ၂၀၂၁-ခုနှစ်အတွင်း ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့ (ပြည်သူ့ ကာကွယ်ရေးအဖွဲ့) ပေါင်း ၁၁၄-ဖွဲ့ကို စာရင်းပြုစုနိုင်ခဲ့သည်။ လက်တွေ့တွင် အဖွဲ့ပေါင်း ထောင် ဂဏန်းရှိနိုင်သည်ဟုလည်းဆိုသည်။အဆိုပါအဖွဲ့များတွင် ၂၀၂၁-မတ်လမှစတင်ဖွဲ့စည်းခဲ့သည်များရှိပြီး မူဝါဒ အားဖြင့် 'ပြည်သူလူထုအား အကာအကွယ်ပေးရန်' ဟူသည့် ဖော်ပြချက်ကို အဖွဲ့အားလုံး၏ (၇၆%) တွင် တွေ့ရှိရသည်။ NUG နှင့် ချိတ်ဆက်လှုပ်ရှားရန် (သို့) NUG ကာကွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက် များကို အကောင်အထည်ဖော်ရန်ဟု မူဝါဒဖော်ပြထားသည့်အဖွဲ့ (၄၆%) ပါဝင်သည်။ ထို့အပြင် စုဖွဲ့မှုပုံစံ ကွဲပြားမှုများလည်းတွေ့ရပြီး အချို့မှာ ပြည်သူ့ကာကွယ်ရေးအဖွဲ့ (PDF)၊ အချို့မှာ ဒေသဆိုင်ရာကာကွယ်ရေး အဖွဲ့ (LDF)၊ မြို့ပြပြောက်ကျား (Urban Guerrilla) (သို့မဟုတ်) မြေပြင်ပြောက်ကျားအင်အားစု (Special Task Force) စသဖြင့် တွေ့ရှိရသည်။ အချို့သောအဖွဲ့များမှာ ဤသုတေသနအတွက် အချက်အလက် ကောက်ယူစဉ်ကာလအထိတွင် စစ်ဆင်ရေးပြုလုပ်မှု မရှိသေးသော်လည်း အချို့မှာမူ ဖွဲ့လျှင်ဖွဲ့ချင်း (သို့မဟုတ်) ၂၀၂၁-ခုနှစ် မတ်လကတည်းက တိုက်ပွဲဝင်နေကြသည့် အဖွဲ့များလည်းရှိနေသည်။

တစ်ဖက်တွင်လည်း ပုံမှန်အစိုးရဖွဲ့စည်းခြင်း၊ လွှတ်တော်ခေါ်ယူခြင်းများကို မဆောင်ရွက်နိုင်တော့သည့် အတွက် (၂၀၂၀)ရွေးကောက်ပွဲအနိုင်ရအမတ်အချို့က ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို စုဖွဲ့ခဲ့သည်။ ထိုမှတစ်ဆင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကိုအခြေပြုပြီး အမျိုးသားညီညွတ်ရေးအစိုးရ(NUG)ကို ၂၀၂၁-ခုနှစ်၊ ဧပြီ(၁၆)ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ဤသို့ဖြင့် NUG သည် လူထုတော်လှန်ရေးအတွက် ဦးဆောင်မှုပေးရမည့် တော်လှန်ရေးတပ်ဦးသို့ရောက်ရှိလာခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ အသစ်ဖြစ်ပေါ်လာသည့် ပြည်သူ့ကာကွယ်ရေး အဖွဲ့များအား ချိတ်ဆက်စုစည်း ဦးဆောင်မှုပေးနိုင်ရေး၊ ကျယ်ပြန့်ထိရောက်သော စစ်ရေးလှုပ်ရှားမှုဖော်ဆောင် နိုင်ရေးများက NUG ၏ တာဝန်များ ဖြစ်လာခဲ့သည်။ နိုင်ငံရေးနှင့်စစ်ရေးအရဦးဆောင်မှုပေးရာ၌ လတ်တလောနှင့် ရေရှည်ပြဿနာများအား ကိုင်တွယ်မည့်ပုံစံ၊ လူထု၏တက်ကြွမှုနှင့်အားပေးထောက်ခံမှုအား ထိန်းသိမ်းသည့် ပုံစံများအကြား အပြန်အလှန်ထိန်းညှိနိုင်ရန်မှာလည်း စိန်ခေါ်မှုများစွာရှိနေသည်။

CRPH ကထုတ်ပြန်ခဲ့သော 'မိမိကိုယ်ကို ခုခံပိုင်ခွင့်' ကြေညာချက်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အဖွဲ့အဖြစ်မှ ပယ်ဖျက်ခြင်း၊ NUG က ထုတ်ပြန်ခဲ့သော 'ပြည်သူ့ကာကွယ် ရေးအဖွဲ့ - PDF' ဖွဲ့စည်းခြင်း၊ ၎င်းနှင့်သက်ဆိုင်သည့် အခြေခံမူများနှင့် ကျင့်ဝတ်များ၊ ပြည်သူများအတွက် ဘေးအန္တရာယ်ကာကွယ်ရေးပြင်ဆင်နိုင်ရန်တိုက်တွန်းချက်များ၊ စက်တင်ဘာလအရေးပေါ်အခြေအနေ ကြေညာချက်နှင့် NUG ဝန်ကြီးများ၏ စစ်ရေးဆိုင်ရာရေးသားပြောဆိုမှုများအပေါ် ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများ၏ ကြိုဆိုထောက်ခံမှုများတွေ့ရသကဲ့သို့ ဝေဖန်သုံးသပ်မှု များကိုလည်း တွေ့ရှိရသည်။ ထုတ်ပြန်ချက်များသည် လုပ်ထုံးလုပ်နည်းများအရ အစီအစဉ်တကျဖြစ်သော်လည်း အမှန်တကယ် ဗျူဟာကျမှုရှိမရှိ၊ သက်ဆိုင်ရာ တော်လှန်ရေးအင်အားစုများနှင့် ခိုင်မာသည့် ချိတ်ဆက်ညှိနှိုင်းမှုများရှိမရှိ၊ ဖြစ်လာမည့်အကျိုးဆက်များကို ထည့်တွက်ခြင်းရှိမရှိ ဆိုသည်မှာ သာမန်အားဖြင့် သိရှိနိုင်ရန်ခက်ခဲပါသည်။

အထူးသဖြင့် စက်တင်ဘာလ(၇)ရက်နေ့ အရေးပေါ်အခြေအနေကြေညာချက်သည် တော်လှန်ရေးအင်အားစုများနှင့် ပြည်သူအကြား ရိုက်ခတ်မှုကြီးမားခဲ့သည်မှာလည်းအမှန်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဧပြီလ NUG ဖွဲ့စည်းချိန်မှစ၍ စက်တင်ဘာအရေးပေါ်အခြေအနေ မကြေညာမီ ကာလအထိတွင် တိုက်ပွဲခေါ်သံပေးမည်ဖြစ်ကြောင်း၊ 'ဒီ-ဒေး' ကြေညာမည်ဖြစ်ကြောင်း NUG ဝန်ကြီးများကရည်ညွှန်းပြောဆိုခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့အတွက် အရေးပေါ်အခြေအနေကြေညာချက် ထုတ်ပြန်ချိန်တွင် ၎င်းသည် 'ဒီ-ဒေး' ပင်ဖြစ်သည်၊ တစ်ပြည်လုံး အုံကြွတိုက်ခိုက်ကြလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ကြသည်။ သို့သော် အဆိုပါ ကြေညာချက်အပြီးတွင် အမှန်တကယ် တိုက်ခိုက်မှုများရှိခဲ့သော်လည်း အများကမျှော်လင့်ခဲ့သည့် အခြေအနေမဟုတ်သည်ကို သိရှိခံစားကြရသည်။ တစ်ပါတည်းမှာပင် စစ်ကောင်စီ၏ ထိုးစစ်များ၊ လူနေအိမ်နှင့် ကျေးရွာများအား မီးရှို့မှုများ၊ လူငယ်များအား ပိုမိုပစ်မှတ်ထား၍ ဖိနှိပ်ဖမ်းဆီးသတ်ဖြတ်ခြင်းများကိုသာ ကြုံတွေ့လာရသည်။ အဆိုးဝါးဆုံးမှာ ၎င်းကြေညာချက်ထုတ်ပြန်မှုအတွက်ပင် သက်ဆိုင်ရာ တော်လှန်ရေးအင်အားစုများအားလုံးနှင့် ညှိနှိုင်းသဘောတူ၍ သတ်မှတ်ခြင်းမဟုတ်သည်ကို တွေ့ရှိရသည်။ ထို့အတွက် မြေပြင်တွင်တိုက်ပွဲဝင်နေသည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များအတွက်သာမက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့အတွက်ပင် ခက်ခဲကြပ်တည်းမှုများဖြစ်လာစေသည်။

အာဏာသိမ်းပြီး တစ်နှစ်ကျော်ကြာသည်အထိ ပြည်တွင်းနှင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကိုမရရှိသည့်အပြင် အစိုးရတစ်ရပ်အနေနှင့် ရပ်ကျေးအုပ်ချုပ်ရေးယန္တရားကိုပင် ကောင်းမွန်စွာလည်ပတ်နိုင်ခြင်းမရှိသေးသည့် စစ်ကောင်စီက လူထုအားပို၍ဖိနှိပ်လာသည်မှာ အံ့အားသင့်စရာမရှိပါ။ ထို့အတွက် NUG ၏ အရေးပေါ်အခြေအနေကြောင့် ဖိနှိပ်မှုများပိုဆိုးလာသည်ဟု အလွယ်တကူကောက်ချက်ချ၍ မရနိုင်ပေ။ သို့သော်လည်း အဆိုပါစစ်ရေးကြေညာချက်ကြောင့် ထူးခြားသည့်ရလဒ်များကို မြင်ရခြင်းမရှိသေးသည်မှာလည်း အမှန်ပင်ဖြစ်သည်။ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း NUG နှင့် အဖွဲ့ဝင်ဝန်ကြီးများ၏ သတင်းထုတ်ပြန်မှုများနှင့် သဘောထားအမြင်များအား ရေးသားပြောဆိုမှုများတွင် တော်လှန်ရေးအဆင့်ဆင့်ပြောင်းလဲလာပြီး နောက်တစ်ဆင့် တက်ရန် လျှို့ဝှက်အပ်သည့်ဗျူဟာများရှိသည် ၊ နောက်တစ်ဆင့်တက်ရန် တာဆူနေကြောင်း ယေဘုယျဆန်သည့် အခြေအနေများကို တွေ့ရှိရသည်။ ထိုသို့ တော်လှန်ရေးနောက်တစ်ဆင့်ဟုဆိုရာ၌ ‘တစ်ချိန်တည်း တစ်ပြိုင်တည်း ပြည်သူ့တော်လှန်ရေးဆင်နွှဲခြင်း’ ဟူသည့်အဆင့်ကို ရည်ညွှန်းခြင်းဟုတ်မဟုတ်၊ ၎င်းအဆင့်အတွက် ဆက်လက်၍ တိုက်ပွဲခေါ်သံပေးမည် /မပေးမည် ဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အလားတူကြေညာချက်မျိုးအတွက် တော်လှန်ရေးအင်အားစုများနှင့် တင်ကြိုသဘောတူမှုများပြုလုပ်ထားရန်၊ ဗျူဟာကောင်းကောင်းရှိထားရန် လိုသည်ဟု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေး အဖွဲ့များက သုံးသပ်အကြံပြုထားသည်။

လက်တွေ့မြေပြင် အခြေအနေ၌မူ အရေးပေါ်အခြေအနေကြေညာချက်အလွန်ကာလတွင် ဖိနှိပ်မှုဖြစ်ရပ်များပိုမိုများလာနေပြီး ၂၀၂၁-ခုနှစ် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄)လတာ ကာလအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများ၊ ပေါက်ကွဲမှုများနှင့် အရပ်သားများအပေါ် အကြမ်းဖက်မှုများက ၂၀၂၁ -ခုနှစ်ဇန်နဝါရီလမှ ဩဂုတ်လအထိ ၈-လတာကာလအတွင်း ဖြစ်ခဲ့သည့်အရေအတွက်နှင့် ညီတူမျှတူနီးပါး ရှိနေသည်။ စစ်တပ်၏မီးရှို့ဖျက်ဆီးခံရသည့် လူနေအိမ်ခြေအရေအတွက်၊ စစ်ဘေးရှောင်ရသည့်ပြည်သူ အရေအတွက်နှင့် အပြစ်မဲ့ပြည်သူ ဖမ်းဆီးသေဆုံးမှုအရေအတွက်များမှာ ကြောက်ခမန်းလိလိတိုးပွားလျက် ရှိသည်။ အဆိုပါအခြေအနေသည် ပြတ်သားသည့်တော်လှန်ရေးအဖြေတစ်ခုမရမချင်း ဆက်လက်တိုးပွား နေမည်ဖြစ်ရာ တော်လှန်ရေးသက်ဆိုးမရှည်ရေးနှင့် ထိရောက်ပြတ်သားသည့် တော်လှန်ရေးဦးဆောင်မှုပေး နိုင်ရေးက အလွန်အရေးကြီးပါသည်။ သို့မှသာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စစ်နွံသံသရာမှ လွတ်မြောက်ပြီး၊ ဆုံးရှုံးနစ်နာရသူများအတွက် တရားမျှတမှုကို ဆောင်ကျဉ်းပေးနိုင်ရန် သေချာမည် ဖြစ်သည်။

ဦးဆောင်မှုဟုဆိုရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်ပါတီ၊ တစ်ဗိုလ်တစ်မင်း၏ ဦးဆောင်မှုကို ဆိုလိုခြင်းမဟုတ်သကဲ့သို့ သူတစ်လူ ငါတစ်မင်းဦးဆောင်မှုကို ဆိုလိုခြင်းလည်းမဟုတ်ပေ။ တိုင်းရင်းသား လူမျိုးများအပါအဝင် ဖြစ်တည်မှုများကွဲပြားကြသည့် နိုင်ငံ၏အခင်းအကျင်းတွင် ဟန်ချက်ညီမှုရှိသည့် စုပေါင်းဦးဆောင်မှုကို ဆိုလိုခြင်းဖြစ်သည်။ အထူးသဖြင့် တစ်ပါတီလွှမ်းမိုးမှု(သို့)တစ်ဦးတစ်ယောက်အပေါ် အလွန်အမင်းအားကိုးသည့် အလေ့အထများ ဆက်လက်ကျင့်သုံး၍မရပေ။ အချိန်ကာလတစ်ခုအတွင်းတွင် တော်လှန်ရေးထိရောက်အောင်မြင်ရန် ဟန်ချက်ညီသည့်စုပေါင်းဦးဆောင်မှုနှင့် တော်လှန်ရေး အင်အားစုများအကြား အပြန်အလှန်လေးစားမှုများ လိုအပ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံးနှင့် တော်လှန်ရေး အင်အားစုများအားလုံး အနေဖြင့်လည်း စည်းစည်းလုံးလုံးဖြင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံရေးအရဦးဆောင်မှုပေးနေသည့်ခေါင်းဆောင်များ၊ အဖွဲ့အစည်းများအနေဖြင့်လည်း မြေပြင် အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက်များကို အမြန်အကောင်ထည်ဖော်ရန်လို အပ်ကြောင်း သုံးသပ်အကြံပြု အပ်ပါသည်။

# ၂။ နိဒါန်း

မြန်မာနိုင်ငံတွင် စစ်အာဏာရှင်သည် ၁၉၆၂၊ ၁၉၈၈ နှင့် ၂၀၂၁-ခုနှစ်တို့တွင် မတရားအာဏာသိမ်းခဲ့ပြီး ယခုဆိုလျှင် သုံးကြိမ်မြောက်ရှိပြီဖြစ်သည်။ မတရားအာဏာသိမ်းခဲ့သည့် အကြမ်းဖက်စစ်တပ်အား ပြည်သူလူထုမှ လက်မခံနိုင်သည့်အတွက် ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုခဲ့ကြသည်။ ဖေဖော်ဝါရီလ တတိယပတ်မှစတင်ကာ ငြိမ်းချမ်းစွာဆန္ဒပြသည့်ပြည်သူများအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဖမ်းဆီးနှိပ်စက်ခြင်း၊ လူမြင်ကွင်း၌ပင် သတ်ဖြတ်ခြင်းများကို စစ်တပ်က စတင်ပြုလုပ်ခဲ့သည်။ သို့နှင့်တိုင် အာဏာရှင်ကို မုန်းတီးစက်ဆုပ်သည့် ပြည်သူများသည် ပုံစံအမျိုးမျိုးဖြင့် ဆက်လက်သပိတ်မှောက် ဆန္ဒပြခဲ့ကြသည်မှာ ယနေ့တိုင်ပင်ဖြစ်သည်။ စစ်တပ်၏သမိုင်းတလျှောက်တွင် ၂၀၂၁-နွေဦးတော်လှန်ရေးသည် ၎င်းတို့အတွက် အပြင်းထန်ဆုံးထိုးနှက်ချက်တစ်ခု ဖြစ်လာခဲ့သည်။ အာဏာသိမ်းရန်ကြိုးစားမှုအပြီး တစ်နှစ်ကျော် ကြာလာသည့်တိုင် ပြည်တွင်းမှ ဆန့်ကျင်မှု၊ နိုင်ငံတကာမှ ရှုံ့ချမှုကိုသာ ရင်ဆိုင်ရသည့်အတွက် ပြည်သူလူထုအား နည်းမျိုးစုံဖြင့် ပိုမိုဖိနှိပ်လာခဲ့သည်။



နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ အချက်အလက်များအရ အာဏာသိမ်းပြီး တစ်နှစ်ကျော်ကာလအတွင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ(၂၈)ရက်နေ့အထိတွင် သေဆုံးသူ ၁,၅၈၅-ဦး၊ ဖမ်းဆီးထိန်းသိမ်းခံရသူ ၁၂,၄၁၇-ဦးနှင့် ဝရမ်းထုတ်ခံရသူ ၁,၉၇၃ ဦးရှိနေသည်။[1] အကြမ်းဖက်စစ်တပ်အနေနှင့် တရားမဲ့ ဖမ်းဆီးသတ်ဖြတ်မှုများကို ပြောင်ပြောင်းတင်းတင်း ကျူးလွန်ရုံမျှမကဘဲ နည်းလမ်းမျိုးစုံသုံး၍ ဖိနှိပ်မှုများကိုလည်း ပို၍ပြုလုပ်လာခဲ့သည်။ အိမ်နှင့်ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအကျပ်ရွှေ့ပြောင်းစေခြင်း၊ မြို့ပြရပ်ကွက်အချို့နှင့် ဆင်းရဲသား(ကျူး)အိမ်နေရာများအား ဖျက်ဆီးခြင်း၊ လူငယ်များအား ပစ်မှတ်ထား၍ ဖမ်းဆီးနှိပ်စက်ခြင်း၊ ဧည့်စာရင်းအကြောင်းပြ၍ ဖမ်းဆီးခြင်း၊ အသွားအလာကန့်သတ်ခြင်း၊[2] အိမ်နှင့်ပစ္စည်းဥစ္စာများအား ချိတ်ပိတ်သိမ်းယူခြင်း၊ ဘဏ်စာရင်းများအား ပိတ်သိမ်းဆိုင်းငံ့ခြင်းများမှာ ထင်သာမြင်သာရှိသော ပုံစံများဖြစ်လာသည်။ မီးနှင့်ရေပေးဝေမှုများ ဖြတ်တောက်ခြင်း၊ ဖုန်းနှင့်အင်တာနက်ဖြတ်တောက်ခြင်း၊ ဆက်စပ်တားမြစ်ချက်များထုတ်ပြန်ခြင်း၊[3] ဖုန်းနှင့်ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခြင်းများမှာ ပြည်သူလူထု၏ နေ့စဉ်ဘဝခြိမ်းခြောက်ခံရမှုများဖြစ်လာသည်။

မည်သို့သောခြိမ်းခြောက်မှုများပင်ဖြစ်စေ ပြည်သူလူထု၏ ခုခံဆန့်ကျင်မှုများက ဆက်လက်အားကောင်းနေဆဲဖြစ်သည်။ ခုခံဆန့်ကျင်မှုဟုဆိုရာတွင် ငြိမ်းချမ်းစွာဆန္ဒပြမှုနှင့် သပိတ်မှောက်ခြင်းအမျိုးမျိုးအပြင် အာဏာဖီဆန်ရေး လှုပ်ရှားမှုများ (Civil Disobedience Movements – CDM)၊ လူမှုရေးပြစ်ဒဏ်ခတ်မှုများ (Social Punishments)၊ စစ်တပ်နှင့်ဆက်နွယ်သည့် ထုတ်ကုန်/ဝန်ဆောင်မှုများနှင့် မပတ်သက်ရေးလှုပ်ရှားမှုများ၊ အဆိုပါလှုပ်ရှားမှုများအတွင်း ပါဝင်နေသူများအား ကူညီပံ့ပိုးမှုများ၊ စစ်တပ်/ ၎င်းနှင့် အကျိုးစီးပွား ဆက်နွယ်သူများအား ပိတ်ဆို့အရေးယူရန် နိုင်ငံတကာအသိုင်းအဝိုင်းအား အရေးဆိုမှုများမှာ အကြမ်းမဖက်သည့် လှုပ်ရှားမှုများဖြစ်သည်။ ထို့အပြင် ပြည်သူလူထုအနေနှင့် မိမိရပ်ရွာ၊ မိမိဒေသအား ပို၍ ထိရောက်စွာ ကာကွယ်နိုင်ရန် သော်လည်းကောင်း၊ စစ်အာဏာရှင်စနစ်နှင့် ၎င်း၏ထောက်တိုင်များအား ပြင်းပြင်းထန်ထန် ဟန့်တားနိုင်ရန် သော်လည်းကောင်း လက်နက်ကိုင်ခုခံဆန့်ကျင်မှုများကလည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပေါ်ပေါက်လာခဲ့သည်။

တစ်ချိန်တည်းတွင် ပုံမှန်အစိုးရဖွဲ့စည်းခြင်း၊ ပုံမှန်လွှတ်တော်ခေါ်ယူခြင်းများကို မဆောင်ရွက်နိုင်တော့သည့်အတွက် (၂၀၂၀)အထွေထွေရွေးကောက်ပွဲ အနိုင်ရအမတ်အချို့က ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) အဖြစ် စုစည်းခဲ့ပြီး ထိုမှတဆင့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကိုအခြေပြုကာ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ကို ၂၀၂၁–ခုနှစ် ဧပြီလ(၁၆)ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်။ ဤသို့ဖြင့် NUG သည် လူထုလှုပ်ရှားမှုများနှင့် နွေဦးတော်လှန်ရေးကို ဦးဆောင်မှုပေးရမည့်တပ်ဦးသို့ ရောက်ရှိလာခဲ့သည့်အတွက် ရှိနှင့်ပြီး လှုပ်ရှားမှုများ၏ အရှိန်အဟုန်ကိုထောက်ကူပံ့ပိုးရုံသာမက ဆက်လက်ချီတက်ရမည့် တော်လှန်ရေးနှင့် နိုင်ငံ၏အနာဂတ်အတွက် အဓိကကျသည့်ကဏ္ဍမှပါဝင်လာသည်။ အထူးသဖြင့် လက်နက်ကိုင်တော်လှန်ရေး အတွက် ယခင်ကာလတည်းက တည်ရှိနေခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ အသစ်ဖြစ်ပေါ်လာသည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များအား ချိတ်ဆက်စုစည်း ဦးဆောင်မှုပေးနိုင်ရေး၊ ကျယ်ပြန့်ထိရောက်သော စစ်ရေးလှုပ်ရှားမှုဖော်ဆောင်နိုင်ရေးများက NUG ၏ တာဝန်များ ဖြစ်လာခဲ့သည်။

နိုင်ငံရေးနှင့်စစ်ရေးအရဦးဆောင်မှုပေးရာ၌ လတ်တလောနှင့် ရေရှည်ပြဿနာများအား ကိုင်တွယ်မည့်ပုံစံ၊ လူထု၏တက်ကြွမှုနှင့်အားပေးထောက်ခံမှုအား ထိန်းသိမ်းသည့်ပုံစံများအကြား အပြန်အလှန်ထိန်းညှိနိုင်ရန် မှာလည်း စိန်ခေါ်မှုများစွာရှိနေသည်။ အထူးသဖြင့် စစ်ရေးလှုပ်ရှားမှုများနှင့်သက်ဆိုင်သည့် သတင်း ထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ သဘောထားအမြင်များ၊ ပူးပေါင်းညှိနှိုင်းမှုများ၊ ထောက်ကူပံ့ပိုးမှုများသည် ပြည်သူလူထု၏အားပေးထောက်ခံမှု၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၏တက်ကြွမှု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ ယုံကြည်မှုများနှင့် ဆက်နွယ်လျက်ရှိနေသည်။ NUG ဖွဲ့စည်းပြီးချိန်မှစ၍ ပြည်သူ့ခုခံ ကာကွယ်ရေးနှင့် တော်လှန်ရေးဆိုင်ရာ ရပ်တည်ချက်များ၊ သဘောထားများ ထုတ်ပြန်ကြေညာခဲ့သော်လည်း စက်တင်ဘာ (၇)ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် “အရေးပေါ်အခြေအနေ” သတ်မှတ်ချက်ကို ‘ဒီဒေး’ ကြေညာချက် အဖြစ် ပြည်သူအများက မှတ်ယူကြပြီး အပြုသဘောမှတ်ချက်များရှိသကဲ့သို့ ဝေဖန်ချက်များစွာ ကိုလည်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ဤသို့သော ကြီးမားကျယ်ပြန့်သည့် စစ်ရေးကြေညာချက် တစ်ခုသည် လူထုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပြည်သူလူထုအပေါ် မည်သို့အကျိုးသက်ရောက်မှုရှိသည်၊ အာဏာရှင်တော်လှန်ရေးအပေါ် မည်သည့်အကျိုးသက်ရောက်မှုရှိသည်တို့ကို သိရှိနားလည်နိုင်ရန်အတွက် ဤသုတေသနကို ပြုလုပ်ရခြင်းဖြစ်သည်။

## ၂ – က။ သုတေသန၏ ရည်ရွယ်ချက်



NUG ၏ စစ်ရေးကြေညာချက်များ၊ အင်တာဗျူးအဖြေများက ပြည်သူလူထု၊ ပြည်သူကာကွယ်ရေးအဖွဲ့/ အင်အားစုများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအပေါ် မည်သည့် အကျိုး သက်ရောက်မှုများ ရှိသည်ကို လေ့လာသိရှိနိုင်ရန်။



စစ်ရေးကြေညာချက်များ၏ အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုအပေါ် အကျိုးသက်ရောက်မှုပုံစံများကို လေ့လာသိရှိနိုင်ရန်။




တော်လှန်ရေးထိရောက်အောင်မြင်ရန် အထောက်အကူ ပြုနိုင်မည့် အကြံပြု ချက်များအား ဖော်ထုတ်တင်ပြနိုင်ရန်။

## ၂ – ခ။ သုတေသန နည်းနာ

ဤသုတေသနကို လက်နက်ကိုင်ခုခံစစ်ဖြစ်ပွားမှုအများဆုံး ဒေသ(၅)ခုဖြစ်သည့် ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်မှ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်များ၊ လူထုလက်နက်ကိုင်ခေါင်းဆောင်များနှင့် ပြည်သူများအား တွေ့ဆုံမေးမြန်းခြင်း၊ ပုံနှိပ်ဖော်ပြထားသည့် သတင်းဆောင်းပါးများနှင့် သက်ဆိုင်ရာတော်လှန်ရေးအင်အားစုများ၏ လူမှုကွန်ရက်ပေါ်မှ တရားဝင်စာမျက်နှာ များမှ ထုတ်ပြန်ကြေညာချက်များကို လေ့လာခြင်းများဖြင့် ပြုစုသုံးသပ်ထားပါသည်။

ဤသုတေသနအား ဒီဇိုင်းရေးဆွဲရာ၌ ပြဿနာများ၏ အရင်းအမြစ်များကို သိရှိနိုင်ရန်အတွက် ပြဿနာသစ်ပင် (Problem Tree) ကို ဦးစွာတည်ဆောက်ခဲ့ပြီး မေးမြန်းရန်မေးခွန်းများကို ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်အကြိုစမ်းသပ်သည့်အနေဖြင့် အင်တာဗျူး (Pilot Interview) (၄)ခုကို ပြုလုပ်ခဲ့ပြီးနောက် လိုအပ်ချက်များအား ပြန်လည်ဆန်းစစ်ပြင်ဆင်၍ မေးမြန်းခြင်းအစီအစဉ်အားဆက်လက်ဆောင်ရွက်ခဲ့သည်။ အသက် (၁၈)နှစ်အထက် လူပုဂ္ဂိုလ်(သို့) ကိုယ်စားလှယ်များကိုသာ မေးမြန်းပါသည်။

တိုက်ရိုက်တွေ့ဆုံမေးမြန်းရာ၌ လက်နက်ကိုင်အဖွဲ့ခေါင်းဆောင် (သို့မဟုတ်) ကိုယ်စားလှယ်များနှင့် ပြည်သူအပါအဝင် စုစုပေါင်း ၂၁-ဦး ပါဝင်ဖြေဆိုပြီး အမျိုးသား(၁၅)ဦးနှင့် အမျိုးသမီး(၆)ဦး ပါဝင်သည်။ တိုင်းရင်းသားလက်နက်ကိုင်(EAO) ၂-ဖွဲ့မှ ခေါင်းဆောင်(၂)ဦး၊ ပြည်သူ(၆)ဦး၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့ ၁၃-ဖွဲ့မှ ခေါင်းဆောင် (သို့) တာဝန်ခံ(၁၃)ဦးတို့ ဖြစ်ကြသည်။ ဖြေဆိုချက်များကြောင့် ဖြစ်ပေါ်လာမည့် လုံခြုံရေးပြဿနာ၊ အင်တာဗျူးသူနှင့် အင်တာဗျူးဖြေဆိုသူအကြား ယုံကြည်မှုတည်ဆောက်နိုင်ရန်တို့အတွက် အဆင့်ဆင့်ချိတ်ဆက် ဆက်သွယ်ဖော်ထုတ်၍ အင်တာဗျူးသည့်ပုံစံ (Snowball-method) ကို အသုံးပြုခဲ့ပြီး လမ်းညွှန်မေးခွန်းပုံစံကို အသုံးပြု၍မေးမြန်းခဲ့သည်။ (မေးခွန်းနမူနာပုံစံအား နောက်ဆက်တွဲ-၁ တွင် ဖော်ပြထားသည်)။

မေးမြန်းရာတွင် သုတေသန၏ရည်ရွယ်ချက်အပါအဝင် မည်သူကပြုလုပ်သည်၊ တွေ့ရှိချက်များကို မည်သို့ အသုံးပြုပါမည်ဟူသည့်အချက်များ၊ မေးမြန်းမည့်ပုံစံ၊ လုံခြုံရေးအရ သတိပြုရန်လိုအပ်မည့်အချက်များကို ကြိုတင်အသိပေး၍ ဦးစွာသဘောတူညီမှုရယူပါသည်။ ထို့အပြင် ဖြေဆိုသူများ၏ကိုယ်ရေးအချက်အလက်နှင့် ဖြေဆိုချက်များအား လျှို့ဝှက်ထားမှု၊ အမည်မဖော်လိုမှုအခြေအနေများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း နှင့် အင်တာဗျူးဖြေဆိုစဉ်အတွင်း မည်သည့်အချိန်၌မဆို ရပ်တန့်နိုင်ကြောင်း ကြိုတင်အသိပေးဆွေးနွေး၍ လိုက်နာဆောင်ရွက်ပါသည်။

တဆင့်ခံအချက်အလက်များအတွက်မူ တရားဝင်မီဒီယာများနှင့် လူထုမီဒီယာများ၊ တော်လှန်ရေး အင်အားစုများ၊ လူထုလှုပ်ရှားမှု ဦးဆောင်သူများ၏ ရေးသားထုတ်ပြန်ချက်များ၊ အင်တာနက်စာမျက်နှာများမှ တဆင့် ကောက်ယူသုံးသပ်ပါသည်။ အထူးသဖြင့် NUG ၏ ထုတ်ပြန်ကြေညာချက်များနှင့် ပြည်သူ့ ကာကွယ်ရေး အဖွဲ့ (၁၀၀) ကျော်၏ ထုတ်ပြန်ကြေညာချက်များကို လေ့လာခဲ့ပါသည်။ တွေ့ဆုံမေးမြန်းခြင်း၊ တဆင့်ခံ အချက်အလက်များ စုဆောင်းခြင်း၊ ပြန်လည်စုစည်းခြင်းများကို သုတေသနပြုသူများက ဒေသအလိုက်တာဝန် ယူဆောင်ရွက်ကြပြီး တွေ့ရှိချက်များကို စုပေါင်းသုံးသပ် ဆွေးနွေးကြပါသည်။ ထို့နောက် ခြုံငုံသုံးသပ်ချက်များ၊ အပြုသဘော အကြံပြုချက်များဖြင့် ဤအစီရင်ခံစာအား ပြင်ဆင်ခဲ့ပါသည်။

## ၂ – ၈။ သုတေသနကန့်သတ်ချက်များ

ဤသုတေသန၏ ကနဦးရည်မှန်းချက်တွင် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် နယ်မြေအလိုက် လွှမ်းခြုံနိုင်မည့် ဖြေဆိုသူများကို ဦးတည်ခဲ့သော်လည်း လုံခြုံရေးအခြေအနေအရသော်လည်းကောင်း၊ အင်တာနက် နှင့် ဆက်သွယ်ရေးအခက်အခဲများအရသော်လည်းကောင်း (၂၁) ဦးကိုသာ တိုက်ရိုက်မေးမြန်းနိုင်ခဲ့သည်။ အထူးသဖြင့် မူလ အစီအစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAOs) ၄-ဖွဲ့ကို မေးမြန်းရန် ဖြစ်သော်လည်း လုံခြုံရေးနှင့် သတင်းအချက်အလက်အကန့်အသတ်များကြောင့် (၂) ဖွဲ့ကိုသာ အမှန်တကယ် ချိတ်ဆက်မေးမြန်းနိုင်ခဲ့သည်။ ထို့အပြင် ဤစာတမ်းကို ၂၀၂၁-ခုနှစ် ဒီဇင်ဘာလအတွင်း အဆုံးသတ်နိုင်ရန် ရည်ရွယ်ခဲ့သော်လည်း အချိန် အခက်အခဲ၊ လုံခြုံရေးအခက်အခဲနှင့် အင်တာနက်အခက်အခဲ၊ ဖုန်းလိုင်းအခက်အခဲများကြောင့် ခန့်မှန်းသည် ထက် အချိန်ကြာသွားခဲ့ရသည်။




Figure 2: လှည်းတန်းလမ်းဆုံမှ '၂၂၂၂၂' နေ့ လူထုသပိတ်မြင်ကွင်း။ ၂၂ ဖေဖော်ဝါရီ ၂၀၂၁၊ (Facebook မှ ရယူဖော်ပြသည်)

# ၃။ တွေ့ရှိချက်များ

## ၃-၈။ ၂၀၂၁ ခုနှစ် လူထုတော်လှန်ရေး (သို့မဟုတ်) မြန်မာ့နွေဦးတော်လှန်ရေး



**မြန်မာ** နိုင်ငံတွင် ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းမှုနောက်ပိုင်းမှစ၍ ယနေ့ထိတိုင် လူထုတော်လှန်ရေးလှုပ်ရှားမှုကြီးက ပုံစံမျိုးစုံဖြင့် ဆက်လက်ချီတက်လျက်ရှိနေသည်။ အာဏာသိမ်းမှုကို အလိုမရှိသည့် ကြွေးကြော်သံများဖြင့် လမ်းမများထက်သို့စုရုံးချီတက် ဆန္ဒပြမှုများသည် အာဏာသိမ်းမှုဖြစ်လျှင်ဖြစ်ခြင်း ပေါ်ပေါက်လာသည်တော့မဟုတ်ပေ။ 'လမ်းမပေါ်ထွက်၍ဆန္ဒပြခြင်းသည် ဆူပူမှုဖြစ်သည်'၊ 'အာဏာသိမ်းမှု အထမမြောက်စေရန် ၇၂-နာရီအတွင်း လမ်းပေါ်တက်၍ ဆန္ဒပြခြင်းမပြုရ'[4] အစရှိသည့် အခြေအမြစ်မရှိသော မှိုင်းများအပါအဝင် ထိုသို့ဆန္ဒပြမှုပြုလုပ်မည့်သူသည် ပြည်သူ့ဘက်တော်သားမဟုတ်ဟူသည့် တိုက်ခိုက်မှုများကို ကျော်ဖြတ်ခဲ့ရသည်။ သို့နှင့်တိုင် စစ်တပ်၏ အာဏာသိမ်းခြင်းသည် မတရားမှုဖြစ်သည်ဟူသည့် ပြည်သူလူထု၏ အခြေခံစိတ်ဖြင့် ဖေဖော်ဝါရီ ၂-ရက်နေ့မှ စတင်ကာ ငြိမ်းချမ်းစွာဆန္ဒပြမှုများစတင်ခဲ့ပြီး သံပုံးတီးဆန့်ကျင်သည့်[5] လှုပ်ရှားမှုမှတဆင့် လူထု၏စည်းလုံးမှုကို ပထမဆုံးအနေနှင့် ပြသနိုင်ခဲ့သည်။ ဒုတိယအနေနှင့် ကျန်းမာရေးဝန်ထမ်းများကစတင်၍ပြည်သူ့ဝန်ထမ်းမအာဏာဖီဆန်ရေးလှုပ်ရှားမှုကို စတင်ခဲ့သည်။ လမ်းပေါ်ထွက်၍ ဆန္ဒပြမှုများမှာမူ ဖေဖော်ဝါရီ ၄-ရက်နေ့နောက်ပိုင်းမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ပြည်သူလူထု၏ အကြမ်းမဖက် ဆန္ဒထုတ်ဖော်မှုများတွင် သံပုံးတီးခြင်း၊ ချီတက်ဆန္ဒပြခြင်း၊ စုရုံးဟောပြောခြင်း အပါအဝင် ဆန်းသစ်သော ပုံစံအမျိုးမျိုးပါဝင်ပြီး ဖေဖော်ဝါရီလအတွင်း အလွန်အားကောင်းစွာဖြင့် မြင်တွေ့ခဲ့ရသည်။ အကြမ်းမဖက်ဆန္ဒပြမှုများ စတင်သည်နှင့်တပြိုင်နက် အာဏာသိမ်းစစ်တပ်၏ ဖမ်းဆီးအရေးမှုများရှိခဲ့ပြီး ဖေဖော်ဝါရီ ၉-ရက်နေ့တွင်မူ ကျည်အစစ်သုံး၍ ပစ်ခတ်သတ်ဖြတ်မှုကို စတင်ပြုလုပ်ခဲ့သည်။[6] ထို့နောက်တွင်မူ အာဏာသိမ်းအဖွဲ့၏ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအား အကြမ်းဖက်ဖြိုခွင်းခြင်း၊ ဆန္ဒပြရာတွင် ပါဝင်သူများ (သို့) ကူညီပံ့ပိုးပေးသူများအား မတရားဖမ်းဆီးခြင်း၊ ကျည်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းများကို အလွယ်တကူပင် ပြုလုပ်လာသည်။ ထိုသို့ အကြမ်းဖက်ဖြိုခွင်းမှုများ၊ ဖမ်းဆီးခြင်းများနှင့် ကျည်အစစ်ဖြင့် ပစ်ခတ်ခြင်းများ ရှိနေခဲ့သော်လည်း ပြည်သူလူထု၏ ချီတက်ဆန္ဒပြမှုများမှာ အားလျော့သွားခြင်းမရှိခဲ့ပေ။ အထူးသဖြင့် ၂၀၂၁-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂-ရက်နေ့ (၂-ငါးလုံး) အထိမ်းအမှတ် ချီတက်ဆန္ဒပြမှုသည် အမြို့မြို့အနယ်နယ်ရှိ လမ်းမများထက် လူများပြည့်လျှံသွားခဲ့သည် (ပုံ-၂)။

ပြည်သူလူထုအပေါ် အကြမ်းဖက်စစ်တပ်၏ ဖိနှိပ်မှုမှာလည်း ပို၍ဆိုးလာခဲ့သည်။ ဆန္ဒပြသူများအား ဖမ်းဆီး ချုပ်နှောင် သတ်ဖြတ်ခြင်းသာမက ညအချိန် အင်တာနက်များဖြတ်တောက်ခြင်း၊ လူမှုကွန်ရက်များ အသုံးမပြုနိုင်ရန် ပိတ်ဆို့ခြင်း၊ ဝရမ်းထုတ်ရန်မလိုဘဲ အိမ်အတွင်း ဝင်ရောက်စစ်ဆေး ဖမ်းဆီးနိုင်ရန် ဥပဒေ ပြင်ဆင်ခြင်း/ ညွှန်ကြားချက်ထုတ်ခြင်းများ[7] ပြုလုပ်ခဲ့သည်။ ထိုသို့သော အကြမ်းဖက်ဖိနှိပ်မှုများနှင့် သတ်ဖြတ်မှုများကြောင့် မတ်လနောက်ပိုင်းဆန္ဒပြမှုပုံစံများသည် လူထုတစ်ရပ်လုံးစုစည်း၍ စစ်ကြောင်း အလိုက် ချီတက်သည့်ပုံစံများမဟုတ်တော့ပဲ ပြောက်ကျားသပိတ်များအသွင် ဖြစ်ပေါ်လာခဲ့သည်။[8] သံပုံးတီးသည့် လှုပ်ရှားမှုကိုမူ နေ့စဉ်ဆန္ဒပြမှုအဖြစ် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိတော့သော်လည်း အာဏာရှင်ကို ဆန့်ကျင်ကြောင်းပြသနိုင်သည့် အခြေခံအကျဆုံးသော သင်္ကေတတစ်ခုအဖြစ် ကျန်ရစ်လျက်ရှိသည်။[9] အခြားသော အကြမ်းမဖက်ဆန္ဒထုတ်ဖော်သည့်ပုံစံများမှာမူ ဆန်းသစ်မှုအမျိုးမျိုးဖြင့် ဆက်လက်ပေါ်ပေါက်လာသည်။




Figure 3: ဆန္ဒပြပြည်သူများ ကျည်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံရပြီးနောက်ပိုင်းတွင် ပေါ်လာသည့် ဖန်တီးမှုတစ်ခု။
(Facebook မှ ရယူဖော်ပြသည်)




Figure 4: Marching Shoes Strike
(ခြေလှမ်းတိုင်းမှာ ပန်းတွေပွင့်တယ်)
၈ ဧပြီ ၂၀၂၁။
(DVB TV News Facebook မှ ရယူဖော်ပြသည်)

# ၃–၁။ အကြမ်းမဖက်တော်လှန်ရေးနှင့် မိမိကိုယ်ကိုကာကွယ်မှု

မတရားအာဏာသိမ်းမှု၊ ဆန္ဒပြခုခံတွန်းလှန်မှုများအား ဖိနှိပ်မှု၊ ပြည်သူလူထု၏ နေ့စဉ်ဘဝရှင်သန်ရေးများအား ကြပ်တည်းစေမှုနှင့် အာဏာအောက်တွင် ပိပြားစေမှု စသည်တို့ကို တွန်းလှန်သည့်ပုံစံများတွင် ၂၀၂၁–နွေဦးတော်လှန်ရေးသည် အကြမ်းမဖက်သည့်ပုံစံဖြင့် စတင်ခဲ့သည်။ လမ်းမထက်ချီတက်ဆန္ဒပြမှု၊ သံပုံးတီးမှု၊ ပြည်သူ့ဝန်ထမ်းများ၏ အာဏာဖီဆန်မှု[10] အပါအဝင် ပြည်သူများ၏ အာဏာဖီဆန်မှု၊ စစ်တပ်ထုတ်ကုန်များ မသုံးစွဲမှု၊ စစ်တပ်နှင့် အကျိုးစီးပွားဆက်နွယ်သူများအား လူမှုရေးဖယ်ကျဉ်မှု၊ အာဏာသိမ်းစစ်တပ်အား အသိအမှတ်မပြုရေးနှင့် အရေးယူပိတ်ဆို့မှုများပြုရန် နိုင်ငံတကာအသိုင်းအဝိုင်းအား တောင်းဆိုမှု စသည့် စုံလင်ကွဲပြားလှသော လှုပ်ရှားမှုများစွာ ပါဝင်လျက်ရှိသည်။ ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွင်းခြင်းများကို ပြုလုပ်လာသည့်အခါ ဆန္ဒပြသူများသည် မိမိတို့၏ သပိတ်စစ်ကြောင်းများကို ကာကွယ်နိုင်ရန် ကြိုးပမ်းလာကြသည်။ အထူးသဖြင့် မျက်ရည်ယိုဗုံးများ၊ အသံဗုံးများနှင့် ရာဘာကျည်များ၏ ထိခိုက်မှုဒဏ်မှ ကာကွယ်နိုင်ရန်၊ အင်အားသုံးဖြိုခွင်းမှုများမှ ကာကွယ်နိုင်ရန်နှင့် ထိခိုက်မှုလျော့နည်းနိုင်ရန်အတွက် ကာကွယ်ရေးအဖွဲ့များက (Defense team ဟု သုံးနှုန်းခဲ့ကြသည်) ဒိုင်းကာများ၊ မျက်မှန်များ၊ လက်အိတ်များ၊ ဦးထုပ်များ အသုံးပြုရသည့်အပြင် နောက်ပိုင်းတွင် သဲအိတ်များကာရံခြင်း၊ အရံအတားများပြုလုပ်ခြင်းများဖြင့် ပြင်ဆင်လာကြရသည်။ ထိုသို့သောပြင်ဆင်မှုများကြောင့် ထိခိုက်မှုတစ်စုံတစ်ရာ လျော့နည်းခဲ့ပြီး အဖမ်းအဆီးခံရမှုများမှ လွတ်မြောက်နိုင်ခဲ့သည့်[11] ဖြစ်ရပ်များစွာ ရှိခဲ့ပါသည်။ သို့ရာတွင် ၎င်းပြင်ဆင်မှုများသည် ကျည်အစစ်သုံး၍ ပစ်ခတ်မှုများအတွက်မူ လုံလောက်မှုမရှိသောကြောင့် သော်လည်းကောင်း၊ အကြမ်းဖက်တပ်ဖွဲ့ဝင်များ၏ ယုတ်မာမှုများကြောင့် သော်လည်းကောင်း[12] ကျည်သင့်၍ သေဆုံးမှုများမှာ တဖြည်းဖြည်းများပြားလာခဲ့သည်။




Figure 5: ပြည်သူအချင်းချင်းကာကွယ်သည့်ပုံစံဖြင့် စုရုံးဆန္ဒပြမှုမြင်ကွင်းတစ်ခု။ ၂၈ ဖေဖော်ဝါရီ ၂၀၂၁။ (Facebook မှ ရယူဖော်ပြသည်)။

တစ်ချိန်တည်းမှာပင် ဆန္ဒပြသူများအား ကူညီပံ့ပိုးပေးသည့် လမ်းများအတွင်းနှင့် ရပ်ကွက်တွင်းရှိ ပြည်သူများကိုပါ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်လာသည်။ လမ်းများအတွင်းရှိ အကာအရံများနှင့် တံခါးများအား ဖယ်ရှားစေခြင်း၊ လမ်းသွားလမ်းလာများအား အဓမ္မခိုင်းစေခြင်း၊ အရှက်ရစေရန် ခိုင်းစေခြင်းများပါဝင်သည်။[13] ဤသို့သော ဖိနှိပ်မှုများ၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အပြစ်မဲ့ပြည်သူကို သတ်ဖြတ်မှု ဖြစ်စဉ်များ များပြားလာချိန်တွင် မိမိကိုယ်ကို ခုခံကာကွယ်ရန်လိုအပ်သည်ဟူသော အယူအဆများ အားကောင်းလာသည်။ အထူးသဖြင့် ၂၀၂၁-ခုနှစ် လူထုတော်လှန်ရေးအတွင်း ပထမဆုံးအကြိမ်ဖြစ် တစ်နေ့တည်းတွင် လူအမြောက်အများ သေဆုံးခဲ့သည့် ရန်ကုန်၊ လှိုင်သာယာ အကြမ်းဖက်မှုအပြီးတွင်ဖြစ်သည်။[14] အဆိုပါနေ့၌ပင် (၂၀၂၁-ခုနှစ် မတ်လ ၁၄-ရက်) အကြမ်းဖက်မှုကျူးလွန်ခံရလျှင် ဥပဒေနှင့်အညီ မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း CRPH က ထုတ်ပြန်ကြေညာခဲ့သည်။ ဤသို့ဖြင့် ကာကွယ်ရေးအဖွဲ့များက ဆန္ဒပြပြည်သူများကိုသော်လည်းကောင်း၊ မိမိကိုယ်ကို ကာကွယ်နိုင်ရန်အတွက်သော်လည်းကောင်း တုတ်၊ ဓါး၊ လေးခွများအပြင်၊ မြင်ကွင်းကွယ်နိုင်မည့်အရံအတားများ၊ မိုလိုတော့ဗ်များဖြင့် ပြင်ဆင်လာကြသည်။[15] သို့သော် မတ်လနှောင်းပိုင်းကာလ လမ်းပေါ်ထွက်၍ဆန္ဒပြမှုများသည် ပြောက်ကျားသပိတ်များအသွင်ဖြစ်လာသည့်အတွက် ထိုသို့သော ပြည်သူအချင်းချင်းကာကွယ်၍ ဆန္ဒပြသည့်ပုံစံများမှာ (Self-defended protests) ကွယ်ပျောက်သွားခဲ့သည်။



Figure 6: ၂၀၂၁-ခုနှစ် မတ်လ-၂၈ ရက်နေ့တွင် အကြမ်းဖက်တပ်ဖွဲ့ဝင်များအား ရရာလက်နက်ဖြင့် ခုခံနေသည့် ရန်ကုန်မှမြင်ကွင်းတစ်ခု။ Slingshots (လေးခွ) ဟု အမည်ပေးထားသည့်အဆိုပါဓါတ်ပုံကို အမည်မဖော်သူဓါတ်ပုံဆရာတစ်ဦးက the New York Times အတွက် ရိုက်ကူးခဲ့ပြီး the World Press Photo က၂၀၂၂-ခုနှစ် အရှေ့တောင်အာရှနှင့် အိုရှန်းနီးယားဒေသတွင်း ဓါတ်ပုံဆုရဓါတ်ပုံတစ်ပုံအဖြစ် ရွေးချယ်ခဲ့သည်။

# ၃–၈။ လက်နက်ကိုင်တော်လှန်ရေး

မြန်မာ့သမိုင်းတလျှောက်တွင် ပြည်တွင်းစစ်မီးသည် အစဉ်တစိုက် တောက်လောင်လျက်ရှိခဲ့ပြီး အထူးသဖြင့် လွတ်လပ်ရေး အလွန်ကာလ နိုင်ငံတည်ဆောက်ရေးမှသည် ယနေ့အချိန်ထိတွင် လက်နက်ကိုင် ပဋိပက္ခများသည် အတက်အကျ လှိုင်းအမျိုးမျိုးဖြင့် ရိုက်ခတ်နေခဲ့သည်။ အခြေခံအားဖြင့် တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များအတွက် လက်နက်ကိုင်လမ်းစဉ်များကို ရွေးချယ်ခဲ့ကြသကဲ့သို့၊ ဒီမိုကရေစီ အရေးနှင့် အာဏာရှင်ပျက်သုဉ်းရေးအတွက် လက်နက်စွဲကိုင်ခဲ့ကြသည့် ဖြစ်စဉ်များကိုလည်း တွေ့ရမည်ဖြစ်သည်။ ဤသို့ဖြင့်ပင် လက်နက်ကိုင်အစုအဖွဲ့များစွာ စုစည်းဖြစ်တည်လာခဲ့ကြသည်။ အများအားဖြင့် တောင်တန်းဒေသ (နယ်စပ်ဒေသ) အခြေပြု တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကသာ ကာလရှည်ကြာစွာ ရပ်တည်နိုင်ကြပြီး မြေပြန့် (သို့မဟုတ်) ပြည်မမှ လက်နက်ကိုင်အဖွဲ့များမှာမူ ကာလရှည်ကြာ အားကောင်းစွာ ရပ်တည်နိုင်မှုမရှိခဲ့ကြပေ။ အဓိကအားဖြင့် ခြေကုတ်ယူမည့် နယ်မြေမရှိခြင်းကြောင့်ဖြစ်သည်ဟု ယေဘုယျ ကောက်ချက်ပြုကြသည်။ စစ်ရေးဗျူဟာရှုထောင့်အရ အဆိုပါကောက်ချက်သည် မှန်ကန်သော်လည်း ပြည်မတွင် လက်နက်ကိုင်အဖွဲ့များ အလွယ်တကူမပေါ်ပေါက်ရခြင်း ၊ ကာလရှည်ကြာစွာ မရပ်တည်နိုင်ခြင်းတွင် အခြားသော အခြေခံအကြောင်းများစွာ ရှိနေနိုင်ပါသည်။ အထူးသဖြင့် လူမျိုးရေးကိုအခြေခံ၍ စုဖွဲ့နိုင်သည့် နိုင်ငံရေးအခြေအနေမရှိသည့်အပြင် အာဏာရှင်ဖြုတ်ချရေးလူထုအုံကြွမှု ရှိလာမှသာ ဗမာအများစုပါဝင်သည့် (သို့မဟုတ်) ဗမာဦးဆောင်သည့် လက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခြင်းကို တွေ့ရှိရသည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့နိုင်ငံရေးအလှည့်အပြောင်းအလိုက် လက်နက်ကိုင်အဖွဲ့များ တိုးပွားလာလျက်ရှိနေခဲ့သည်မှာ ယခုနွေဦးတော်လှန်ရေးအထိပင်ဖြစ်သည်။ Myanmar Peace Monitor အဖွဲ့၏ ၂၀၁၆–ခုနှစ် စာရင်းများအရ (ဖျက်သိမ်းပြီးအဖွဲ့များနှင့် တပ်မတော်မပါ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (Ethnic Armed Organizations – EAO) အဖွဲ့(၅၀)နီးပါးရှိနေပြီး[16] ကရင်အမျိုးသားအစည်းအရုံး (KNU – 1947) နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO – 1949) တို့သည် နှစ်ပေါင်း(၇၀)ကျော်ကြာ တည်ရှိနေခဲ့သည့် သက်တမ်းရင့်အဖွဲ့အစည်းများဖြစ်ကြသည်။ ယခု နွေဦးတော်လှန်ရေးသည် အကြမ်းမဖက်သည့်နည်းများစွာဖြင့် အာဏာရှင်ဆန့်ကျင်ရေးကို အစချီပေးခဲ့ပြီး လက်နက်ကိုင်တော်လှန်ရေးသည်လည်း ချဉ်းကပ်မှုတစ်ခု ဖြစ်လာခဲ့သည်။

လက်နက်ကိုင်လမ်းစဉ်သည် ကနဦးတွင် ဝေဖန်မှုများစွာကြုံတွေ့ခဲ့ရသည့်အပြင် ဦးဆောင်မှု တစ်ခုတည်း၏အောက်တွင် စနစ်တကျ စုစည်းဖြစ်ထွန်းလာခြင်းလည်းမဟုတ်ခဲ့ပေ။ အပြစ်မဲ့ပြည်သူများ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခံရမှု များပြားလာသည့်အပြင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ၏ အရေးယူ တုံ့ပြန်မှုများကလည်း ထိရောက်မြန်ဆန်မှုမရှိသည်ကို လက်တွေ့ကြုံတွေ့ရချိန်တွင် လက်နက်ကိုင် ခုခံတွန်းလှန်မှုအပေါ် ပြည်သူလူထု၏ ထောက်ခံအားပေးမှုက မြင့်တက်လာခဲ့သည်။ ဤသို့ဖြင့် ၂၀၂၁–ခုနှစ် မတ်လမှစတင်ကာ အာဏာရှင်အမြစ်ဖြုတ်ချေမှုန်းရေး (သို့မဟုတ်) ပြည်သူလူထုကိုကာကွယ်ရေးနှင့် လက်နက်ဖြင့်အနိုင်ကျင့်မှုကို လက်နက်ဖြင့်ပြန်တုံ့ပြန်ရေးဟူ၍ နိုင်ငံအဝှမ်းတွင် လက်နက်ကိုင်အဖွဲ့များ ပြန့်ကျဲစွာဖြင့် ပျံ့နှံ့ပေါ်ပေါက်လာခဲ့သည်။ တပ်ရင်းတပ်ဖွဲ့ပုံစံများ၊ ပြောက်ကျားပုံစံများ၊ မြေအောက်လှုပ်ရှားမှုပုံစံများ စသဖြင့် ကွဲပြားကြသကဲ့သို့ ဒေသအခြေပြုအမည်များဖြင့် လှုပ်ရှားကြသည့်အဖွဲ့များလည်း ရှိလာခဲ့သည်။ မြေပြင်တွင် အမှန်တကယ်လှုပ်ရှားမှုများရှိသော်လည်း အမည်မဖော်သည့် (သို့မဟုတ်) တည်ရှိနေမှုကို ထုတ်ဖော်ထားခြင်းမရှိသည့် အဖွဲ့များစွာလည်းရှိနေသည်။

ဤသုတေသနအတွင်း ဒေသ(၅)ခုရှိ ပြည်သူ့ကာကွယ်ရေးအဖွဲ့(၁၁)ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး လူမှုကွန်ရက်ပေါ်မှ ရရှိသော အချက်အလက်များအရ ပုံစံမျိုးစုံဖြင့် လှုပ်ရှားနေကြသော လက်နက်ကိုင်အဖွဲ့ ၁၁၄-ဖွဲ့ကို လေ့လာနိုင်ခဲ့ပါသည် (နောက်ဆက်တွဲ-၃)။ အထက်တွင် ဆိုခဲ့သည့်အတိုင်း အမှန်တကယ်တည်ရှိ လှုပ်ရှားနေသည့်အဖွဲ့အရေအတွက်မှာ ဤစာရင်းထက် ပိုများမည်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့များသည် မတ်လတွင်စတင်ပေါ်ပေါက်လာကြပြီး (၅-ဖွဲ့)၊ ဧပြီလတွင် (၁၂-ဖွဲ့)၊ မေလတွင် (၃၂-ဖွဲ့)၊ ဇွန်လတွင် (၆-ဖွဲ့)၊ ဇူလိုင်လတွင် (၄-ဖွဲ့)၊ ဩဂုတ်လတွင် (၂-ဖွဲ့)၊ စက်တင်ဘာလတွင် (၅-ဖွဲ့)၊ အောက်တိုဘာနှင့် နိုဝင်ဘာ လများတွင် (၁-ဖွဲ့)စီ အသီးသီးတွေ့ရှိရပါသည်။ စတင်ဖွဲ့စည်းသည့် အချိန်ကာလကို မသိရသည့်အဖွဲ့ (၄၆-ဖွဲ့) ရှိပါသည် (ပုံ-၇)။ အဆိုပါအဖွဲ့များ၏ ရပ်တည်ချက် (သို့မဟုတ်) မူဝါဒများတွင် အဓိကအားဖြင့် ပြည်သူလူထုအား အကာအကွယ်ပေးရန် (၇၆%)၊ အာဏာရှင်စနစ်/ဖက်ဆစ်စနစ် အဆုံးသတ်ရန် (၆၀%) နှင့် တော်လှန်ရေးအင်အားစုများ/ အခြားတော်လှန်ရေးလှုပ်ရှားမှုများနှင့် ချိတ်ဆက်ရန် (၅၂%) ဟူ၍ ဖော်ပြထားကြသည်။ အခြားဖော်ပြချက်များတွင် NUG နှင့်ချိတ်ဆက်လှုပ်ရှားရန် (သို့) NUG ၏ ကာကွယ်ရေးဝန်ကြီး ဌာန၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ရန် (၄၆%)၊ ဖက်ဒရယ်ဒီမိုကရေစီရရှိရေး (၃၁%)၊ CDM များအား အကာအကွယ်ပေးရန် (၁၈%)၊ ဖက်ဒရယ်တပ်မတော်ဖြစ်ပေါ်လာရန် (၆%)၊ လူထုအာဏာပြန်ရရန် (သို့) ဖိနှိပ်ခံလူထုလွတ်မြောက်ရန် (၅%)၊ အမျိုးသားညီညွတ်ရေးတည်ဆောက်ရန် (၅%) နှင့် ရွေးကောက်ခံ အစိုးရအား အာဏာပြန်လည်အပ်နှ င်းရန် (၅%) ဟူ၍ ဖော်ပြထားကြသည် (ပုံ-၈)။

NUG နှင့် ချိတ်ဆက်လှုပ်ရှားရန်ဟုဆိုရာ၌ အချို့သောအဖွဲ့များသည် NUG ကာကွယ်ရေးဝန်ကြီးဌာန၏ အမိန့်ညွှန်ကြားချက်၊ စစ်ရေးစည်းမျဉ်း၊ ဥပဒေသများအတိုင်း လိုက်နာဆောင်ရွက်ကြပြီး၊ အချို့သော အဖွဲ့များက NUG နှင့် မဟာမိတ်အဖြစ်သာ ဆောင်ရွက်ကာ ကိုယ်ပိုင်ရပ်တည်ချက် (သို့) သီးခြား မူဝါဒများဖြင့် ဆောင်ရွက်ကြသည်။ ကိုယ်ပိုင်နိုင်ငံရေးခံယူချက်အသီးသီးဖြင့် မည်သည့်အဖွဲ့အစည်းကိုမျှ တည်မှီခြင်းမရှိဘဲ သီးခြားရပ်တည်သည့်အဖွဲ့များရှိသည်ကိုလည်း တွေ့ရှိရသည်။ လက်နက်ကိုင်အဖွဲ့များ၏ စုဖွဲ့မှုသဏ္ဍာန်များတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ) (People's Defense Force–PDF) အဖွဲ့များ၊ ဒေသဆိုင်ရာကာကွယ်ရေး (Local Defense Force) အဖွဲ့များ၊ မြို့ပြပြောက်ကျားအဖွဲ့ (Urban Guerilla) များ၊ မြေပြင်ပြောက်ကျားအင်အားစုများ (Special Task Force) ဟူ၍ ကွဲပြားစွာရှိကြပြီး လူမျိုးပေါင်းစုံပါဝင်သောအဖွဲ့၊ လူမျိုးတစ်ခုကိုအခြေခံသောအဖွဲ့၊ နယ်မြေကိုအခြေခံသောအဖွဲ့၊ ဖိနှိပ်ခံလူတန်းစားအလွှာမျိုးစုံမှ တက်ကြွလှုပ်ရှားသူများ ပါဝင်သောအဖွဲ့၊ မဟာမိတ်အဖွဲ့စသည်ဖြင့် ပုံစံအမျိုးမျိုးကိုတွေ့ရှိရသည်။ အချို့သော လက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့ကိုယ်တိုင် တည်ဆောက်ဆဲကာလ၊ လေ့ကျင့်ဆဲကာလအဖြစ်သတ်မှတ်ထားကာ ယခုသုတေသနပြုနေစဉ်ကာလအတွင်း (၂၀၂၁-ခုနှစ်အတွင်း) တိုက်ပွဲဖော်ဆောင်ခြင်းများ မရှိသေးပါ။ အချို့သော အစုအဖွဲ့များ မှာမူ လေ့ကျင့်ရင်းတည်ဆောက်ကာ စုဖွဲ့ပြီးသည်နှင့်တစ်ပြိုင်နက် ဒေသတွင်းတိုက်ခိုက်တော်လှန်မှုများ ပြုလုပ်ကြသည်။ အကန့်အသတ်များစွာကြောင့် ဤသုတေသနအတွင်းလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အားလုံးကို လက်လှမ်းမီ ရေတွက်နိုင်ခြင်းမရှိပါ။ စစ်ကိုင်းတိုင်းဒေသခံ ပြောက်ကျားအဖွဲ့ခေါင်းဆောင်တစ်ဦး၏ ခန့်မှန်းချက်အရ ၂၀၂၁-ခုနှစ် စစ်တပ်အာဏာသိမ်းပြီး နောက်ပိုင်းပေါ်ထွက်လာသော လက်နက်ကိုင်အဖွဲ့မျိုးစုံအရေအတွက် ထောင်ဂဏန်းထိရှိနိုင်သည်ဟု ဆိုသည်။




# လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရသူများ

**စစ်** စစ်တပ်၏အာဏာသိမ်းမှုနောက်ပိုင်းဖေဖော်ဝါရီလတတိယပတ်နှင့်မတ်လဆန်းတွင်ငြိမ်းချမ်းစွာဆန္ဒပြသူများအား ကျည်အစစ်ဖြင့် ပစ်ခတ်ခြင်း၊ အင်အားသုံးဖြိုခွင်းခြင်းကြောင့် ကျဆုံးပြည်သူအများအပြား ရှိလာသည့်အပြင် အကြမ်းမဖက်အာဏာဖီဆန်သူများကို မတရားဖမ်းဆီး နှိပ်စက်သတ်ဖြတ်ခြင်းက လက်နက်ကိုင်တော်လှန်တုံ့ပြန်ရန် အဓိကတွန်းအားဖြစ်စေခဲ့ကြောင်း အင်တာဗျူးတွင်ပါဝင်သူ အားလုံးနီးပါးက ဖြေကြားကြသည်။ လက်နက်အားကိုးအကြမ်းဖက်သည့် စစ်တပ်အား လက်နက်ချင်းတုံ့ပြန်တော်လှန်မှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်လာသောအစုအဖွဲ့များ၊ လူငယ်လူလတ်ပိုင်းများသည် NUG မဖွဲ့စည်းမီ ၂၀၂၁-ခုနှစ်မတ်လအစောပိုင်းကပင်လက်နက်ကိုင်တော်လှန်ရေးအတွက်ကြိုးပမ်းခဲ့ကြသည်။၂၀၂၁-ခုနှစ်ဧပြီလတွင် ကရင်နီပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ တူမီး၊ လက်လုပ်သေနတ်များဖြင့် လူထုလက်နက်ကိုင်တော်လှန်ရေးစတင်ခဲ့ပြီး ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းတို့တွင် မေလမှစကာ ပြောက်ကျားတိုက်ခိုက်မှုများပေါ်ပေါက်လာသည်။ မေလနှောင်းပိုင်းတွင် ခုခံတော်လှန်စစ်များ ပိုမိုအားကောင်းလာခဲ့ပြီး CRPH ၏ မိမိကိုယ်ကိုယ်ခုခံကာကွယ်ပိုင်ခွင့် ကြေညာချက်ထုတ်ပြန်မှုနောက်တွင် လူထု၏လက်နက်ကိုင်တော်လှန်ရေးအပေါ် အားပေးထောက်ခံမှုများ မြင့်တက်လာခဲ့သည်။

> “စစ်ကိုင်းတိုင်း၊ မုံရွာမှာ လက်နက်ကိုင်တော်လှန်ရေးလုပ်ခဲ့တာ ကိုယ်အစောဆုံးပဲ။
> လူငယ်တွေကို EAOs တွေဆီ သင်တန်းလွှတ်တာလည်း NUG ဆိုတာမပေါ်သေးခင်၊
> ကိုယ့်အချိတ်အဆက်နဲ့ ကိုယ်လွှတ်ခဲ့တယ်။ ခုချိန်ထိလည်း NUG ဆီက ဘာအထောက်အပံ့မှ
> ယူခဲ့တာမရှိဘူး။ ကိုယ့်ဖာသာ ပြည်တွင်းပြည်ပက အလှူငွေရတာနဲ့ပဲ လုပ်နေတာ။
> ပြောရရင် ‘တော်လှန်ရေးကရှေ့၊ အစိုးရကနောက်ပဲ”
>
> (စစ်ကိုင်းတိုင်းပြောက်ကျားအဖွဲ့တစ်ခု၏ခေါင်းဆောင်)

## ၂၀၂၁ ခုနှစ်အတွင်း လအလိုက် ဖွဲ့စည်းပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့သစ်များ




## ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၏ မူဝါဒဖော်ပြချက်များ





Figure 8: ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၏ မူဝါဒဖော်ပြချက်များ။ သက်ဆိုင်ရာအဖွဲ့များ၏ Facebook စာမျက်နှာများမှ ရယူထုတ်နုတ်ထားပါသည်။




# ၃-ဃ လူထုတော်လှန်ရေးနှင့် NUG

မတရားမှုကိုခုခံတွန်းလှန်ရမည်ဟူသည့်အခြေခံစိတ်များဖြင့်စတင်လာခဲ့ပြီးအာဏာရှင်ချေမှုန်းရေး နှင့် ဖက်ဒရယ်ဒီမိုကရေစီအရေး လှုပ်ရှားမှုများသည် အချိန်တိုအတွင်း၌ပင် အရှိန်အဟုန်မြင့်တက်ခဲ့ပြီး ၂-လအတွင်းမှာပင် အကြမ်းမဖက်တော်လှန်ရေးသာမက လက်နက်ကိုင်တော်လှန်ရေးပါ ပါဝင်လာခဲ့သည်။ ချဉ်းကပ်မှုနှစ်ခုလုံးတွင် လူထု၏တောင်းဆိုမှုက စတင်ပြီး လှုပ်ရှားမှုကို ဦးဆောင်သည့် ပုံစံက နောက်မှလိုက်သည်ကို တွေ့ရသည်။ ဥပမာအားဖြင့် - ပြည်သူ့ဝန်ထမ်းများ၏ အာဏာဖီဆန်ရေးလှုပ်ရှားမှုသည် ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီ ၃-ရက်နေ့ကတည်းက စတင်ခဲ့ပြီး ၎င်းလှုပ်ရှားမှုအား စုစည်းဦးဆောင်ခြင်း၊ အရှိန်မြှင့်ခြင်း၊ ထောက်ကူပံ့ပိုးခြင်းများကို နောက်တစ်ပတ်ကျော်အကြာမှသာ စတင်နိုင်ခြင်းဖြစ်သည်။ ထို့အတူပင် အာဏာရှင်အမြစ်ဖြုတ်ရေးအတွက် လက်နက်ကိုင်လမ်းစဉ်ကို ယုံကြည်ရွေးချယ်ကြသူများသည် မတ်လအတွင်း၌ပင် စုစည်းပြင်ဆင်နေခဲ့ကြသည်။[17] မတ်လနှောင်းပိုင်းမှစ၍ လက်နက်ကိုင်တော်လှန်ရေးအပေါ် လူထု၏အားပေးထောက်ခံမှု မြင့်တက်လာပြီး လက်နက်ကိုင်အဖွဲ့များ၏ မြေပြင်လှုပ်ရှားမှုများသည်လည်း ပို၍အားကောင်းလာသည်။ သို့သော် လက်နက်ကိုင်တော်လှန်ရေးအတွက် ဦးဆောင်မှုမှာမူ အကြမ်းမဖက် တော်လှန်ရေးလှုပ်ရှားမှုများကဲ့သို့ မရိုးရှင်းသည့်အပြင် ပို၍လည်းအကဲဆတ်သည်။ ထို့အပြင် လက်နက်ကိုင်တော်လှန်ရေး၏ လိုအပ်မှုကို ယုံကြည်လက်ခံပြီး ရှိနှင့်ပြီးသား တော်လှန်ရေးမိတ်ဘက်အင်အားစုများ၏ ယုံကြည်မှုကို ရယူတည်ဆောက်နိုင်ရန်လည်း လိုအပ်သည်။


တော်လှန်ရေးမိတ်ဘက်အင်အားစုများဟု ဆိုရာတွင် ယခင်ကာလကတည်းက တည်ရှိနေခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) ၏ အခန်းကဏ္ဍများက အဓိကကျလျက်ရှိသည်။ ၎င်းအဖွဲ့များ၏ နယ်မြေစိုးမိုးမှု၊ အရင်းအမြစ်များလက်ဝယ်ရှိမှုနှင့် အတွေ့အကြုံများအပြင် လက်နက်ကိုင်တော်လှန်ရေးနှင့် နိုင်ငံရေးစိမ့်နှုန်းများက နွေဦးတော်လှန်ရေးအတွင်း အသစ်ဖြစ်ပေါ်လာသည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များ စတင်လှုပ်ရှားနိုင်ရန်အတွက် အထောက်အကူများစွာရရှိစေခဲ့သည်။ အထူးသဖြင့်စစ်သင်တန်းများရယူခြင်း၊ အဖွဲ့များစုဖွဲ့အားယူခြင်း၊ ထိန်းချုပ်နယ်မြေချဲ့ထွင်ခြင်းအပြင် လက်နက်ခဲယမ်းဖြည့်တင်းမှုများအတွက် အမှီသဟဲပြုကြရသည်။ သို့သော် EAO များသည်လည်း ၎င်းတို့၏ သက်ဆိုင်ရာ နယ်မြေအလိုက်သာ ဦးဆောင်မှုပေးနိုင်ပြီး တော်လှန်ရေးတစ်ရပ်လုံးအား ဟန်ချက်ညီစွာဖြင့် စည်းချက်ကျလှုပ်ရှားနိုင်မည့် ဦးဆောင်မှုပေးရန်မဖြစ်နိုင်ပေ။ ထို့အတွက် လက်နက်ကိုင် တော်လှန်ရေး တစ်ရပ်လုံးအား မည်သို့ဦးဆောင်မည်၊ အခြားသော တော်လှန်ရေးပုံစံများနှင့် မည်သို့အချိတ်အဆက်ပြုမည်ဟူသည့် မေးခွန်းများသည် အလျင်အမြန်ဖြေဆို ဆောင်ရွက်၍မရနိုင်သည့် စိန်ခေါ်မှုများပင်ဖြစ်သည်။

၂၀၂၁-ခုနှစ် ဧပြီလတွင် NUG ဖွဲ့စည်းပေါ်ပေါက်လာသည့်အခါ အဆိုပါ စိန်ခေါ်မှုများနှင့် ဆက်စပ် တာဝန်များသည် NUG ဆီသို့ရောက်ရှိလာခဲ့ပြီး ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများ၏ မျှော်လင့်ချက်များသည်လည်း NUG ထံသို့ ပို၍ဦးတည်လာခဲ့သည်။ ထို့အတူ NUG ၏ သဘောထားရပ်တည်ချက်များ၊ ဦးဆောင်မှုပုံစံများ၊ တုံ့ပြန်ဆောင်ရွက်မှုများ၊ အဖွဲ့ဝင်ဝန်ကြီးများ၏ သဘောထားအမြင်များက မြေပြင်တွင်လှုပ်ရှားနေကြသည့် တော်လှန်ရေးအင်အားစုများအပြင် နိုင်ငံတကာ၏ မြန်မာနိုင်ငံအရေး ပံ့ပိုးအားပေးမှုများအပေါ်၌ပါ အကျိုးသက်ရောက်မှုကြီးမားလာသည်။ အထူးသဖြင့် စစ်ရေးနှင့်ဆက်နွယ်သည့် သတင်းထုတ်ပြန်ချက်များ၊ ကြေညာချက်များ၊ မီဒီယာဖြေဆိုမှုများက မြေပြင်မှ တော်လှန်ရေးလှုပ်ရှားမှု များ၏ အရှိန်အဟုန်နှင့် လူထုတစ်ရပ်လုံး၏ တက်ကြွစွာ အားပေးထောက်ခံမှု၊ ပံ့ပိုးပါဝင်မှုတို့အပေါ် အဓိကရိုက်ခတ်သည့်အပြင် NUG အစိုးရအပါ် ပြည်သူနှင့် တော်လှန်ရေးအင်အားစုများ၏ ယုံကြည်ကိုးစားမှုကိုလည်း ရိုက်ခတ်လျက်ရှိသည်။ ဤသည်မှာ လူထုတော်လှန်ရေးက ပေးအပ်သည့် NUG ၏ တာဝန်ဝတ္တရား တစ်ရပ်လည်း ဖြစ်လာသည်။






ဤသုတေသနမှ လေ့လာမှတ်တမ်းပြုခဲ့သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များ (အထက်) နှင့် ၂၀၁၆-ခုနှစ်စာရင်းများအရ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ အင်အား (အောက်)။



# ရှင်းလင်းချက်

၂၀၂၁-ခုနှစ်တွင် ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့ ၁၁၄-ဖွဲ့၏အချက်အလက်များကို ၎င်းတို့၏ သက်ဆိုင်ရာ Facebook စာမျက်နှာများမှ ရယူထားသည်။ အဝိုင်းအရွယ်အစားမှာ ပြည်နယ်/တိုင်း အလိုက် ရှိနေသည့် PDF အဖွဲ့အရေအတွက်ကိုရည်ညွှန်းပြီး ‘NUG နှင့် ချိတ်ဆက်ဆောင်ရွက်ရန်’ ဟု မူဝါဒဖော်ပြထားသည့်အဖွဲ့များကို အပြာရောင်ဖြင့် ရည်ညွှန်းထားပါသည်။

၂၀၁၆-ခုနှစ်တွင် ရှိနေခဲ့သည့် EAO ၄၉-ဖွဲ့၏ အင်အားများကို Myanmar Peace Monitor Website မှ ရယူပါသည်။ အဝိုင်းအရွယ်အစားမှာ ပြည်နယ်/တိုင်းအလိုက် ရှိနေသည့် EAO တပ်ဖွဲ့ဝင် အင်အားစုစုပေါင်းကို ရည်ညွှန်းပါသည်။

၂-ပုံလုံးမှ သက်ဆိုင်ရာအဖွဲ့များ၏ အခြေစိုက်ဒေသကို ပြည်နယ်/တိုင်း အလိုက် စုစည်းထားခြင်းဖြစ်သည့်အတွက် အဆိုပါအဖွဲ့များ၏ အမှန်တကယ်တည်ရှိနေသည့်နေရာများကို အတိအကျ ရည်ညွှန်းသည်ဟု မှတ်ယူရန်မလိုပါ။

# ၃–၄။ လက်နက်ကိုင် ခုခံတော်လှန်ရေးအပေါ် သက်ရောက်မှုရှိသည့် NUG နှင့် CRPH ၏ ထုတ်ပြန်ချက်များ

ဤသုတေသနသည် NUG ၏ စစ်ရေးဆိုင်ရာ ထုတ်ပြန်ကြေညာချက်များ နှင့် အင်တာဗျူးအဖြေများ၏ လက်နက်ကိုင် ခုခံတော်လှန်ရေးအပေါ် အကျိုးသက်ရောက်မှု ကို အဓိကထား၍ လေ့လာခြင်းဖြစ်သော်လည်း CRPH ၏ ထုတ်ပြန်ကြေညာချက်များကိုလည်း ချန်လှပ်ထား၍မရပေ။ (CRPH နှင့် NUG ၏ ထုတ်ပြန်ကြေညာချက်အချို့ကို နောက်ဆက်တွဲ–၂ တွင် ဖော်ပြထားပါသည်)။ စစ်တပ်အာဏာသိမ်းမှု ဖြစ်ပြီးနောက် ဖေဖော်ဝါရီ ၈–ရက်နေ့တွင် ၂၀၂၀–အထွေထွေ ရွေးကောက်ပွဲ အနိုင်ရအမတ်များစုစည်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) ကို ဖွဲ့စည်းခဲ့သည်။ CRPH နှင့် NUG ၏ အဓိကကျသည့် ကနဦး လုပ်ဆောင်ချက်တစ်ခုမှာ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှုကို (CDM) အရှိန်မြှင့်တင်ခြင်းနှင့် CDM တွင်ပါဝင်သူများအတွက် ရန်ပုံငွေရှာဖွေပံ့ပိုးပေးခြင်းဖြစ်သည်။ CRPH ဦးဆောင်သော CDM ပံ့ပိုးမှုအစီအစဉ် အပါအဝင် ပြည်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကိုယ်ထူကိုယ်ထရပ်ရွာအခြေပြု အစီအစဉ်များမှတဆင့် CDM ဝန်ထမ်း (၉,၇၀၀) ကို မတ်လအတွင်း ပံ့ပိုးပေးနိုင်ခဲ့သည်ဟုဆိုသည်။[18] အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှုအတွင်း ပြည်သူ့ဝန်ထမ်း (၄၀၀,၀၀၀)ကျော်ပါဝင်လာသည့်အပြင်[19] ၂၀၂၁–ခုနှစ် ဒီဇင်ဘာ ၁–ရက်နေ့ စာရင်းများအရ CDM စစ်သား ၂,၀၀၀ ကျော်နှင့် CDM ရဲအရေအတွက် ၆,၀၀၀ ကျော်အထိရှိလာသည်။[20] CDM လှုပ်ရှားမှုအတွင်းပါဝင်သူ ပြည်သူ့ဝန်ထမ်းများပြားခြင်းက အာဏာသိမ်း စစ်တပ်အတွက် အစိုးရယန္တရားလည်ပတ်နိုင်ခြင်းမရှိစေသကဲ့သို့ CDM စစ်သားနှင့် ရဲတပ်ဖွဲ့ဝင်ဦးရေ များလာခြင်းက တပ်တွင်းပြိုကွဲမှုစတင်ခြင်း အပါအဝင် စစ်တပ်၏အင်အားကို ပို၍ ချိနဲ့လာစေခဲ့သည်။

မတ်လ ၁၄–ရက်နေ့တွင် ‘အကြမ်းဖက်မှုကျူးလွန်ခံရလျှင် ဥပဒေနှင့်အညီ မိမိကိုယ်ကိုခုခံပိုင်ခွင့်ရှိကြောင်း’ CRPH က ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်သည် စစ်တပ်၏ အကြမ်းဖက်ဖိနှိပ်သတ်ဖြတ်မှုများကို နာကျည်းမုန်းတီးလာသည့်ပြည်သူများအတွက် လက်နက်ဖြင့်ပြန်လည်တုံ့ပြန်ခြင်းကို ရွေးချယ်လာစေသည်။ ထို့အပြင် ၂၀၂၁–ခုနှစ် မေလ(၈)ရက်နေ့တွင် ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ဆူးရ်ခွားမြို့ရှိ စစ်ကောင်စီတပ်စခန်းကို ချင်းပြည်နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (Chinland Defense Force – CDF) က ဝင်ရောက်စီးနင်းနိုင်ခဲ့သည့် ဖြစ်ရပ်အပြီးတွင်[21] လက်နက်ကိုင်တော်လှန်ရေးအပေါ် ပြည်သူလူထု၏ အားပေးထောက်ခံမှုများစွာ ရရှိလာခဲ့သည်။

CRPH ၏ ထုတ်ပြန်ချက်များတွင် စစ်တပ်အား အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း (မတ် ၁)၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား အကြမ်းဖက်အဖွဲ့/ မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခြင်း (မတ် ၁၇)၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကြေညာခြင်းနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ–၂၀၀၈ ကိုဖျက်သိမ်းခြင်း (မတ် ၃၁) တို့သည် ရှေ့ဆက်လျှောက်လှမ်းရမည့် လက်နက်ကိုင်တော်လှန်ရေးနှင့် နိုင်ငံရေးဆွေးနွေးမှုများ အတွက် CRPH နှင့် NUG ၏ မျက်နှာစာအသစ်များကို ဖွင့်လှစ်ပေးခဲ့နိုင်သည်ဟု ဆိုရမည်ဖြစ်သည်။ သို့သော် ၎င်းထုတ်ပြန်ချက်များသည် မဟာဗျူဟာမြောက် ကြိုတင်မျှော်မှန်း၍ ထွက်ရှိလာခြင်းဟုတ်မဟုတ်မှာမူ အငြင်းပွားဖွယ်ရာရှိပါသည်။

အဘယ့်ကြောင့်ဆိုသော် ထုတ်ပြန်ချက်အများစုသည် အခြေအနေ၏ တောင်းဆိုမှုများကြောင့်သာ အလွန်နှေးကွေးစွာဖြင့် ထွက်ရှိလာသည်ဟု ဆိုရမည်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားအရေးကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပတ်သက်သည့် အရေးကိစ္စများအတွက် အမြင်သစ်ဖြင့် တံခါးဖွင့်ပေးမှုများသည် ထင်သာမြင်သာမှုမရှိသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် ၂၀၂၁ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းမကြာမတင်၌ပင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် အပစ်ရပ် ဦးဆောင်အဖွဲ့တို့၏ ကြေညာချက်များတွင် အကြမ်းဖက်စစ်တပ်နှင့် ဆက်ဆံရေးရပ်တန့်၍ ပြည်သူနှင့် ရပ်တည်မည်ဖြစ်ကြောင်း ကြေညာချက်များထွက်လာခဲ့သည်။[22,23] တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများ မည်သို့ပြုလုပ်ခဲ့သည် (သို့) မည်သို့ ပြုလုပ်မည်ကို မသိရသော်လည်း CRPH ၏ ထုတ်ပြန်ချက်များမှာ နောက်ကျခဲ့သည်ဟု ဆိုနိုင်သည်။ အခြားသာဓကတစ်ခုမှာ – တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား အကြမ်းဖက်အဖြစ်မှ ပယ်ဖျက်သည့် ထုတ်ပြန်ချက်သည်ပင် အာဏာသိမ်း စစ်ကောင်စီ၏ ရက္ခိုင်အမျိုးသားအဖွဲ့ချုပ်/ရက္ခိုင့်တပ်တော် (United League of Arakan/Arakan Army – ULA/AA) အား အကြမ်းဖက်အဖွဲ့မှ ပယ်ဖျက်ကြောင်း[24] ကြေညာပြီးနောက်မှ ထွက်ရှိလာခြင်းဖြစ်သည်။

၂၀၂၁–ခုနှစ် ဧပြီလ(၁၆)ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန (၁၁)ခုဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) ဖွဲ့စည်းပေါ်ပေါက်လာခဲ့ပြီး (အခန်း ၃–ဃ တွင် ဖော်ပြခဲ့သည်အတိုင်း) လက်နက်ကိုင်တော်လှန်ရေးနှင့် လူထုတော်လှန်ရေးအတွင်းမှ စိန်ခေါ်မှုများ၊ မေးခွန်းများသည် NUG ဆီသို့ ဦးတည်လာခဲ့သည်။ NUG သည် မေလအတွင်းမှာပင် ပြည်သူ့ကာကွယ်ရေး တပ်မတော်ဖွဲ့စည်းကြောင်းကြေညာခဲ့ပြီး ကာကွယ်ရေးဆိုင်ရာအခြေခံမူများနှင့် သစ္စာခံဋ္ဌာန်များ၊ စစ်တိုင်းအလိုက် ပြည်သူ့ကာကွယ်ရေး တပ်မတော်ဖွဲ့စည်းပုံနှင့် အရေးပေါ်အခြေအနေကြေညာခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များ၊ စစ်ဘက်ဆိုင်ရာ တန်ဖိုးထားမှု၊ ယဉ်ကျေးမှု၊ အမိန့်ပေးညွှန်ကြားမှုပုံစံများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ထုတ်ပြန်ကြေညာခဲ့သည်။ ဇွန်လ အတွင်းတွင် တပ်မတော်သားများနှင့်သက်ဆိုင်သည့် မူဝါဒသဘောထားများ၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းအတွက် လမ်းညွှန်ချက်များ၊ တိုက်ပွဲထိတွေ့မှုဆိုင်ရာ စည်းမျဉ်းများ၊ ဆောင်ရန်/ရှောင်ရန်များကို ထုတ်ပြန်ကြေညာခဲ့သည် (နောက်ဆက်တွဲ–၂ တွင် နေ့အလိုက်ဖော်ပြထားပါသည်)။ ထို့နောက်တွင်မူ စက်တင်ဘာလ (၇) ရက်နေ့တွင် NUG အစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ၏ အရေးပေါ်မိန့်ခွန်းမှတဆင့် အရေးပေါ်အခြေအနေကြေညာချက်ထုတ်ပြန်ခဲ့ပြီး အဆိုပါ ကြေညာချက်သည် စစ်ကောင်စီအား တရားဝင်စစ်ကြေညာမှုအဖြစ် (သို့မဟုတ်) 'ဒီဒေး' ကြေညာချက်အဖြစ် ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများက ကောက်ချက်ပြုကြပြီး လူမှုကွန်ရက်ပေါ်တွင် ဝေဖန်မှုများစွာ မြင်တွေ့ရသကဲ့သို့၊ ထောက်ခံကြိုဆိုမှုများကိုလည်း မြင်တွေ့ခဲ့ရပါသည်။

# ၃-၈။ အရေးပေါ်အခြေအနေထုတ်ပြန်ချက်၏ ရိုက်ခတ်မှုများ

**CRPH** နှင့် NUG တို့၏ စစ်ရေးဆိုင်ရာထုတ်ပြန်ချက်များ၏ အချိန်ကိုက်ဖြစ်မှု၊ မဟာဗျူဟာမြောက်ဖြစ်မှု၊ စနစ်တကျပြင်ဆင်ပြီးမှု အခြေအနေများကိုမူအများပြည်သူအနေနှင့် သေချာဃနစွာသိနိုင်ခြင်းမရှိသည်မှာ ယုတ္တိကျပါသည်။ ထို့အတွက် ထုတ်ပြန်ချက်တိုင်းသည် လိုအပ်သည့် သက်ဆိုင်ရာပါဝင်ပတ်သက်နေသူများ တစ်နည်းအားဖြင့် တော်လှန်ရေးအင်အားစုများနှင့် သဘောတူညှိနှိုင်းပြီးဖြစ်သည်ဟု အများပြည်သူက ယေဘုယျအားဖြင့် မှတ်ယူကြသည်။ အထူးသဖြင့် စက်တင်ဘာလ ၇-ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် NUG ၏ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာချက်သည် အမှန်တကယ် ထူးခြားပြောင်းလဲတော့မည့် အခင်းအကျင်းတစ်ခုအား မြင်တွေ့ရတော့မည်ဟူ၍လည်း ထင်မှတ်ခဲ့ကြသည်။ ထိုသို့ ထင်မှတ်ရမှု ဖြစ်လာစေရန်အတွက်လည်း ပံ့ပိုးပေးခဲ့သည့် အခြေအနေများ ရှိခဲ့သောကြောင့်ဖြစ်သည်။

၂၀၂၁-ခုနှစ် ဧပြီလတွင် NUG အစိုးရ ဖွဲ့စည်းပြီးချိန်တွင် တော်လှန်ရေး (အထူးသဖြင့် လက်နက်ကိုင်တော်လှန်ရေး) အတွက် ဦးဆောင်မှုပေးနိုင်သူကိုမျှော်လင့်နေကြသည့် ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများအတွက် အင်အားတစ်ရပ်ဖြစ်လာခဲ့သည်။ နိုင်ငံရေးအရ ဦးဆောင်ပေးနိုင်ရန်၊ ပြန့်ကျဲလျက်ရှိသော ပြည်သူ့ကာကွယ်ရေးအဖွဲ့များအား စုစည်းပေးနိုင်ရန်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပါအဝင် အခြားသော တော်လှန်ရေးမိတ်ဘက်အင်အားစုများနှင့် ညှိနှိုင်းပူးပေါင်းနိုင်ရန်၊ လွှမ်းခြုံထိရောက်သည့် စစ်ဆင်ရေးများအတွက် အမိန့်ပေးညွှန်ကြားနိုင်ရန် စသည့် တာဝန်ဝတ္တရားများသည် NUG နှင့် အဖွဲ့ဝင် ဝန်ကြီးများထံသို့ အလိုအလျောက် အပ်နှင်းပြီးသားဖြစ်သွားသည်။ ထို့အတွက် NUG အစိုးရမှ တရားဝင်ထုတ်ပြန်သည်ဖြစ်စေ၊ ၎င်း၏ဝန်ကြီးတစ်ဦးချင်းက ရေးသားပြောဆိုသည်ဖြစ်စေ အများပြည်သူ၏ မျှော်မှန်းချက်များနှင့် ထင်မြင်ယူဆချက်များအပေါ် များစွာအကျိုးသက်ရောက်သည်သာဖြစ်သည်။ လျှို့ဝှက်အပ်သော စစ်ရေးစစ်ရာဗျူဟာများနှင့် အစီအစဉ်များသည် အလွန်များပြားသည်နှင့်အမျှ ဝန်ကြီးများ၏ စကားရပ်များ၊ စကားလုံးများကို အများပြည်သူက မိမိတို့ကိုယ်တိုင် အဓိပ္ပာယ်ဖော် ကောက်ယူကြရသည်မှာလည်း ဖြစ်မြဲဓမ္မတာပင်။

ထို့ကြောင့်ပင် ၂၀၂၁-ခုနှစ် စက်တင်ဘာတွင် ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေကြေညာချက်သည် တိုက်ပွဲခေါ်သံဖြစ်သည်၊ 'ဒီ-ဒေး' (D-day) ဖြစ်သည်၊ အကြမ်းဖက်စစ်တပ်အား တော်လှန်ရေးအင်အားစုများအားလုံး တညီတညွတ်တည်း တိုက်ခိုက်ကြမည်၊ စသဖြင့် အများပြည်သူက အဓိပ္ပာယ်ဖော် နားလည်ခဲ့ကြသည်။ ဤသို့ အဓိပ္ပာယ်ဖော်နားလည်ရခြင်းမှာလည်း သက်ဆိုင်ရာဝန်ကြီးများ၏ အင်တာဗျူးဖြေဆိုမှုများ၊ ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာပေါ်မှ ရေးသားပြောဆိုမှုကြောင့်များလည်းဖြစ်သည်။

NUG အစိုးရဖွဲ့စည်းကြောင်းကြေညာပြီး တစ်ပတ်အတွင်း၌ပင် 'နွေဦးတော်လှန်ရေး ပွဲသိမ်းတိုက်ပွဲဆင်နွဲရန်' ဟူသည့် စာတိုတစ်ခုနှင့် တော်လှန်ရေးနည်းဗျူဟာ(၄)မျိုးဟူ၍ လည်းကောင်း၊[25] မေလ (၁၅) ရက်နေ့တွင် "တိုက်မောင်းသံစောင့်ရင်း ဓါးသွေးကြ" ဟူသည့် ကိုယ်တိုင်ရေးကဗျာဖြင့်လည်းကောင်း၊[26] ဇွန်လ (၂၉) ရက်နေ့တွင် မကြာမီ ဒီ–ဒေး (D–Day) ရောက်ရှိလာမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ကြပါရန်နှင့် ပိုင်ပိုင်နိုင်နိုင် စနစ်တကျ လုပ်ဆောင်ကြရန်[27] NUG ကျန်းမာရေးနှင့် ပညာရေးဝန်ကြီး ဒေါက်တာဇော်ဝေစိုးက ၎င်း၏ လူမှုကွန်ရက်အကောင့်မှတဆင့် တိုက်တွန်းရေးသားခဲ့သည်။ NUG ကာကွယ်ရေး ဒုတိယဝန်ကြီး ဒေါ်ခင်မမမျိုးကလည်း ဖက်ဒရယ်တပ်မတော်ကို ဖွဲ့စည်းရန်လိုအပ်ပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို တိုင်းစစ်ဌာနချုပ် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ (၅)ပိုင်းခွဲပြီး စစ်ဆင်ရေးများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။[28] ထို့အပြင် NUG ၏ ဇွန်လ(၄)ရက်နေ့ အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် "စစ်ကောင်စီကို နှိမ်နင်းရမည့် အဆုံးသတ်တိုက်ပွဲ ဖြစ်ပါသည်။ အချိန်တန်သည့် အခြေအနေတစ်ခုတွင် တိုက်ပွဲခေါ်ပါမည်။ အဲ့လိုခေါ်တဲ့အချိန်မှာ အားလုံးဝိုင်းဝန်းပြီး တစ်ပြည်လုံး ရုန်းကြွဖို့ လိုပါတယ်။ စစ်ကျွန်ဘဝကနေ လွတ်မြောက်ဖို့ အားလုံးကြိုးစားကြဖို့ လိုတယ်" ဟု ပြောခဲ့သည်။[29] ကာကွယ်ရေးဝန်ကြီးဌာန၏ လူမှုကွန်ရက်စာမျက်နှာတွင်လည်း ဇွန်လမှစတင်ကာ စစ်ရေး/ကာကွယ်ရေးဆိုင်ရာ ကျင့်ဝတ်များအပြင်၊ ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်းဆိုင်ရာ အချက်အလက်များကို ထုတ်ပြန်ခဲ့သည်။ ထိုသို့သော ရေးသားဖြေဆိုမှုများပေါ်မူတည်၍ ပြည်သူလူထုနှင့် တော်လှန်ရေးအင်အားစုများအကြားတွင် 'ဒီ–ဒေး' ဟူသည့်ဝေါဟာရသည် ပျံ့နှံ့လာခဲ့ပြီး NUG မှ ဒီ–ဒေးကြေညာသည့်နေ့နောက်ပိုင်းတွင် ထူးခြား ကွဲပြားသည့် အခြေအနေများ ကြုံတွေ့လာရမည်ဟု ယုံကြည်လျက်ရှိခဲ့သည်။

ဒီ–ဒေး ဟူသော ဝေါဟာရအသုံးအနှုန်း (သို့) စစ်မျက်နှာဖွင့်ခြင်းနှင့်ပတ်သက်၍ အခြားသော ပြောဆိုဆွေးနွေးကြသည့် အယူအဆတစ်ခုမှာ ၂၀၂၁–ခုနှစ်၊ စက်တင်ဘာလအတွင်းကျင်းပမည့် ကုလသမဂ္ဂ၏ (၇၆)ကြိမ်မြောက် အထွေထွေညီလာခံတွင် အစိုးရကိုယ်စားလှယ်အဖြစ် တက်ရောက်နိုင်ရေးအတွက် "အထွေထွေညီလာခံ ကိုယ်စားလှယ်စိစစ်ရေးကော်မတီ" (Credential Committee) ထံ ယှဉ်ပြိုင်မှုကို ရည်ညွှန်းရာ၌လည်း တွေ့ရှိရ သည်။[30] ဆိုလိုသည်မှာ ဒီ–ဒေးဟူသည့် ဝေါဟာရသည် မြေပြင်မှ လက်နက်ကိုင်တိုက်ပွဲများအတွက်သာ မက သံသမန်ရေးရာ တိုက်ပွဲများအတွက်လည်းဖြစ်သည်ဟု ဆိုနိုင်မည် ဖြစ်သည်။

ဤသို့ဖြင့်ပင် စက်တင်ဘာလ(၇)ရက်နေ့တွင် အမျိုးသားညီညွတ်ရေးအစိုးရက နိုင်ငံတော်အား အရေးပေါ်အခြေအနေအဖြစ် "ပြည်သူ့အုပ်ချုပ်ရေးအာဏာ ပြန်လည်ထူထောင်နိုင်သည့်အချိန်အထိ" သတ်မှတ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် စစ်အာဏာရှင်များအား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆန့်ကျင်တော်လှန်သွားကြရန်ဟူ၍လည်းကောင်း ကြေညာချက်(၁၁)ချက်ကို ထုတ်ပြန်ခဲ့သည်။[31]

အဆိုပါ ကြေညာချက်ကို အများပြည်သူနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများက ဒီဒေးဟု သဘောပေါက် နားလည်ကြပြီး မီဒီယာစာမျက်နှာများနှင့် လူမှုကွန်ရက်ပေါ်တွင် "ဒီ-ဒေး" ဟု ကျယ်ကျယ်ပြန့်ပြန့် ရည်ညွှန်းရေးသား လာကြသည်ကို တွေ့ရှိရသည်။ အခြားတစ်ဖက်တွင်မူ ၎င်းကြေညာချက်သည် NUG အနေနှင့် လုပ်ရိုးလုပ်စဉ်အရ အရေးပေါ်အခြေအနေကြေညာခြင်း သက်သက်သာဖြစ်ပြီး ဒီ-ဒေးဟု တရားဝင်သုံးနှုန်းခြင်းလည်းမရှိကြောင်း တုံ့ပြန်ဆွေးနွေးမှုများရှိသကဲ့သို့ ထိုသို့သောကြေညာချက်များသည် လူထု၏စိတ်ဓါတ်တက်ကြွမှုအတွက်သာ ဖြစ်နိုင်ပြီး လက်တွေ့တွင် အမှန်တကယ် ထိတွေ့တိုက်ပွဲများအတွက် ထိရောက်သည့် ချိတ်ဆက်ပံ့ပိုးမှုများသာ အဓိကလိုအပ်ကြောင်း ဝေဖန်မှုများလည်းရှိခဲ့သည်။ ထို့အပြင် ဒီ-ဒေး (သို့မဟုတ်) အရေးပေါ် ကြေညာချက်သည် သက်ဆိုင်ရာတော်လှန်ရေးအင်အားစုများနှင့် ကြိုတင်သဘောတူညီချက်ယူ၍ ပြင်ဆင်ခဲ့ခြင်းမဟုတ်သည့်အတွက် မြေပြင်လှုပ်ရှားမှုများတွင် ပို၍ ကြပ်တည်းသည်များကြုံရကြောင်း၊ အဆိုပါ ကြေညာချက် နောက်ပိုင်းတွင် စစ်တပ်၏ ထိုးစစ်ဆင်မှုများ ပို၍ ကြုံတွေ့လာရသည့်အပြင် ပြည်သူလူထုအပေါ် စစ်တပ်၏ဖိနှိပ်မှုများက ပို၍ဆိုးဝါးလာကြောင်းကိုလည်း ဝေဖန်မှုများရှိခဲ့သည်။

# ဒီ – ဒေး (D-Day)

ဒုတိယကမ္ဘာစစ်အတွင်း ဂျာမဏီ၏နာဇီစစ်တပ်များကို အရှိုက်ထိစေခဲ့ပြီး ဥရောပမှ စစ်ပွဲများကို တစ်ခန်းရပ်စေခဲ့သော မဟာမိတ်တပ်များ၏ နော်မန်ဒီကမ်းခြေ စစ်ဆင်ရေး စတင်ခဲ့သည့်နေ့ကို ဒီဒေး (D-Day) ဟု ကမ္ဘာ့သမိုင်းဖြစ်ရပ်အတွင်း စတင်ကျော်ကြားခဲ့သည်။ နောင်တွင်အမေရိကန်သမ္မတဖြစ်လာသူဗိုလ်ချုပ် အိုက်စင်ဟောင်ဝါက စစ်ဆင်ရေးမှူးအဖြစ်တာဝန်ယူခဲ့သည့် အဆိုပါ စစ်ဆင်ရေးကို ၁၉၄၄-ခုနှစ် ဇွန်လ (၅)ရက်နေ့တွင်ကြေညာခဲ့ သော်လည်း ရာသီဥတုအခြေအနေကြောင့် ဇွန်လ (၆)ရက်နေ့မှသာစတင် ပြုလုပ်ခဲ့သည်။[32] ဒီဒေး(D-Day)၊ အိတ်ချ်အာဝါ(H-Hour) ဟူသော အသုံးအနှုန်းများသည် စစ်ရေးအသုံးအနှုန်းများဖြစ်ပြီး မည်သည့်နေ့(သို့)မည်သည့်အချိန်တွင် စစ်ဆင်ရေးအစီအစဉ်ကို စတင်မည်ဖြစ်ကြောင်း သတ်မှတ်ချက်တစ်ခုအဖြစ် သိရှိရသော်လည်း ဝေါဟာရ၏ တိုက်ရိုက်အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌မူ ကွဲပြားကြသည်။[33] သို့သော်လည်း ဒီဒေးဟူသည့်ဝေါဟာရကိုမူ စစ်ရေးကြေညာချက် သို့မဟုတ် တိုက်ပွဲခေါ်သံအနေနှင့် ယေဘုယျအားဖြင့် လူအများကနားလည်လက်ခံထားကြသည်။

# တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) ၏ သုံးသပ်ချက်များ

NUG ၏ စစ်ရေးကြေညာချက်များကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် စိန်ခေါ်မှုများစွာရှိခဲ့ကြောင်း စစ်ရေးကြေညာချက်များအပေါ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အမြင်သဘောထားမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မတူသော်လည်း ကြိုတင်ပြင်ဆင်ထားမှုမရှိနေသေးခြင်း၊ မြေပြင်တော်လှန်ရေးအဖွဲ့များအား လုံလောက်သည့် လက်နက်ပစ္စည်းများ ပံ့ပိုးထားနိုင်ခြင်းမရှိသေးခြင်းများအပေါ် အဓိက ထောက်ပြပြောဆိုကြသည်။ အဆိုပါထုတ်ပြန်ချက်ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအများအပေါ် ဖိအားများနှင့် စိန်ခေါ်မှုများစွာ ရှိလာသည်ဟုလည်းဆိုသည်။ အခြားတစ်ဖက်တွင်လည်း ဤသို့သောကြေညာချက်သည် နိုင်ငံရေးအရွေ့တစ်ခုကို ပုံဖော်နေခြင်းဖြစ်သည်ဟုသည့် သုံးသပ်ချက်များလည်း ရှိနေပါသည်။ ဤသုတေသနတွင် ပါဝင်ဖြေဆိုကြသည့် EAO ခေါင်းဆောင်များ၏ အဓိက သုံးသပ်မှုများကို အောက်ပါအတိုင်းအနှစ်ချုပ်ဖော်ပြနိုင်ပါသည်။

(၁) NUG အနေဖြင့် EAOs နှင့် သေချာ ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုမပြုလုပ်ဘဲ ကြေညာလိုက်ခြင်းကြောင့် အချိန်ကိုက်တွန်းလှန်တိုက်ခိုက်မှုဖြစ်ရန် ဟန်ချက်ညီမှုမဖြစ်ခဲ့။ မူလချမှတ်ထားသည့် တိုက်ပွဲအကောင်အထည်ဖော်ရန် အခြေအနေများအတွက် ခက်ခဲစေခဲ့သည်။ အချို့သော နိုင်ငံရေးအရ ချဉ်းကပ်ရမည့် ကိစ္စရပ်များအတွက်လည်း အခက်အခဲများဖြစ်လာသည်။

(၂) မြို့ပြတိုက်ပွဲနှင့် လက်နက်ကိုင်တော်လှန်ရေး ပေါင်းစပ်မှုအသွင်သဏ္ဌာန် မပေါ်ပေါက်နေသေးခြင်း ၊ စစ်ရေးဆိုင်ရာ မဟာဗျူဟာအောက်တွင် စနစ်တကျမူချမှတ် လုပ်ဆောင်နိုင်မှုမရှိသေးခြင်းကြောင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် အခက်အခဲများ ကြုံရနိုင်သည်။

(၃) ကြေညာချက်များထုတ်ပြန်သော်လည်းတိုက်ပွဲအတွက်လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်မှုမရှိသောကြောင့် ထိခိုက်မှုများသည်။ ကြေညာချက်နောက်ပိုင်း စစ်တပ်၏ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးတင်းကြပ်မှုများကြောင့် တိုက်ပွဲဝင်သူများအတွက် ထောက်ပံ့ပို့ဆောင်ရေးကိစ္စများ၊ မြို့ပြတိုက်ပွဲဝင်သူများ၏ ခိုအောင်းရန် နေရာ (သို့) စုဖွဲ့သည့် ခြေကုတ်စခန်းများအတွက် ပိုမိုခက်ခဲသွားသည်။ ကူညီပံ့ပိုးပေးသည့် အဖွဲ့အစည်းများ၊ စစ်သင်တန်းပေးနေသည့် အဖွဲ့အစည်းများအတွက်ပါ စိန်ခေါ်မှုများ ကြုံတွေ့ရသည်။

(၄) စီးပွားရေး၊ လူမှုရေးနှင့် ခုခံတော်လှန်ရေးကို ဟန်ချက်ညီအောင် ပြင်ဆင်ရန်လုံလောက်သည့် အချိန် မရှိသည့်အတွက် လူထု၏အခြေအနေကို ပို၍ကြပ်တည်းစေသည်။

(၅) ကြေညာချက်များ မထုတ်ပြန်မီ ဗျူဟာကောင်းကောင်း ရှိသင့်သည်။

စစ်ရေးကြေညာချက်အပေါ် သုံးသပ်မှုများအပြင် တော်လှန်ရေးအောင်မြင်ရန်အတွက် အကြံပြု တိုက်တွန်းမှုများကိုလည်း ပြုလုပ်ခဲ့သည်။ တိုင်းရင်းသားလူမျိုးစုများ၏ တော်လှန်ရေးသည် နှစ်ပေါင်း (၇၀)ကျော်ပြီဖြစ်ပြီး တော်လှန်ရေးအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု၊ သွေးခွဲမှုပေါင်းစုံကို ကြုံတွေ့ခဲ့ရသောကြောင့် ၎င်းစိန်ခေါ်မှုများကို သတိပြုနိုင်ရန်နှင့်၊ စည်းလုံးညီညွတ်ရန် EAO ခေါင်းဆောင်တစ်ဦးက အကြံပြုထားသည်။ အထူးသဖြင့် တော်လှန်ရေးအောင်မြင်ရန်အတွက် လူမျိုး၊ ဘာသာ၊ ပါတီစွဲဖြင့်မဟုတ်ဘဲစည်းလုံးစွာဖြင့် အာဏာရှင်ကို ပြုတ်ကျစေရန်လိုကြောင်း၊ စစ်အာဏာရှင်ကို အနိုင်ယူပြီးပါက မိမိတို့လိုချင်သည့် နိုင်ငံရေးတောင်းဆိုမှုများကို ဆက်လက်ဆွေးနွေးနိုင်ကြောင်းကိုလည်း တိုက်တွန်းပြောဆိုခဲ့သည်။ ထို့အပြင် ခက်ခဲကြပ်တည်းမှုများကြုံတွေ့ရသော်လည်း ၎င်းတို့၏ လမ်းပြမြေပုံအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း EAO တစ်ဖွဲ့ကဖြည့်စွက်ဖြေဆိုခဲ့သည်။

# ပြည်သူ့ကာကွယ်ရေးအဖွဲ့များ ၏ သုံးသပ်ချက်များ

**အား**လုံးတစ်ပြိုင်နက်တိုက်ပွဲဖော်ဆောင်ရန်အသင့်မဖြစ်သေးသည့်အချိန်တွင် 'ဒီ-ဒေး' (နိုင်ငံတစ်ဝန်း အရေးပေါ် အခြေအနေဖြစ်ကြောင်း) ကြေညာသည့်အတွက် အခက်အခဲများစွာဖြစ်ပေါ်ရကြောင်း တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်ဖြေဆိုခဲ့သည့် လက်နက်ကိုင်ကာကွယ်ရေးအဖွဲ့အားလုံးက တညီတညွတ်တည်း ဖြေဆိုကြသည်။ တော်လှန်ရေးအင်အားစု အားလုံးကို စုစည်းချိတ်ဆက်နိုင်မှုမရှိသေးခင်၊ လက်နက်အင်အားအလုံအလောက် မရှိသေးချိန်တွင် တစ်နိုင်ငံလုံးတိုက်ပွဲဖော်ဆောင်ရန် ကြေညာခြင်းမှာ အခက်အခဲဖြစ်စေ၊ ဒုက္ခရောက်စေသည်ဟု ဆိုကြသည်။ အချို့ဒေသများမှ ပြည်သူ့ကာကွယ်ရေးအဖွဲ့များမှာ အဆင်သင့်မဖြစ်သေးဘဲ စစ်ကောင်စီတပ်များ၏ ထိုးစစ်ဆင်ခြင်းကို ခံရသည့်အတွက် ထိခိုက်ကျဆုံးမှုများရှိခဲ့သည်။

> "NUG ရဲ့ D-Day ခေါ်တဲ့ ပြဿနာနဲ့ပတ်သက်ပြီးတော့ ပြောရရင် နှစ်မျိုးရှိမယ်။ ပထမတစ်ချက်အနေနဲ့ သေသေချာချာ အတိအကျ အင်အားစုတွေကို မဖွဲ့စည်းနိုင်ဘဲနဲ့ D-day ခေါ်လိုက်တာဖြစ်တယ်။ ၎င်းအပေါ်မှာ ပြည်သူ့ကာကွယ်ရေးအနေနဲ့ လိုအပ်ချက်တွေရှိပြီး ဒုက္ခရောက်သွားတယ်လို့ မြင်တယ်။"
>
> **(ပခုက္ကူ PDF ပြန်ကြားရေးတာဝန်ခံ)**

> "ဒီဒေးခေါ်တာနဲ့ လက်နက်ပစ္စည်းတွေရောက်လာပြီး ဝင်ရောက်လှုပ်ရှားရမယ်လို့ မှန်းဆထားပေမဲ့ လက်တွေ့မှာ ဖြစ်ပေါ်မလာဘူး"
>
> **(ရန်ကုန်ပြောက်ကျားကွန်ရက်ခေါင်းဆောင်တစ်ဦး)**

ကြေညာချက်ထုတ်ပြန်ပြီးနောက် ကြုံရသည့်ခက်အခဲများတွင် လက်နက်ခဲယမ်း သယ်ယူပို့ဆောင် ချိတ်ဆက်မှုလမ်းကြောင်းများ ပိတ်ဆို့ခံရခြင်း၊ ထုတ်လုပ်သည့်နေရာများ ပိုက်စိတ်တိုက်ရှာဖွေသိမ်းဆည်းခံရခြင်း၊ ဆက်စပ်ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်ခက်ခဲလာခြင်း၊ စစ်ပညာသင်တန်းပေးရန် လူသူ စုဆောင်းရာနှင့် သွားလာရာတွင် အကြပ်အတည်းဖြစ်ခြင်းတို့ပါဝင်သည်။ ထို့အပြင် ဒီ-ဒေးကြေညာချက်ကြောင့် အင်အားမမျှသော်လည်း အလွန်အမင်းတက်ကြွစွာဖြင့် ရှေ့ထွက်တိုက်ခိုက်လိုစိတ်များလာမှုများကို ထိန်းကွပ်ရခြင်းများရှိကြောင်းကိုလည်း သိရှိရသည်။

ဒီ – ဒေး ကြေညာပြီးနောက် အဖမ်းအဆီးများပြားလာသည့်အတွက် လုံခြုံရေးပြဿနာများ၊ လက်နက်ကုန်ကြမ်းပစ္စည်း ဝယ်ယူ/သယ်ဆောင်ရန်ခက်ခဲခြင်းများ ကြုံရသည်ဟုဆိုသည်။ ဥပမာ – ယခင်က ဖောက်ခွဲရေးနှင့်သက်ဆိုင်သည့် ကုန်ကြမ်းပစ္စည်းများကို အိတ်လိုက်သွင်းရန် လွယ်ကူခဲ့သော်လည်း ကြေညာချက် ထုတ်ပြန်ပြီးနောက်တွင် သယ်ဆောင်ရန်ငြင်းဆိုမှုများဖြစ်လာသည်။ မြို့ပြပြောက်ကျားအဖွဲ့ဝင်အချို့တွင် ကိုယ်ပိုင်သေနတ်ပင်မရှိကြသော်လည်း ယခင်က ပြောက်ကျားတိုက်ခိုက်မှု (Mission) များအတွက် လက်နက်ရှိသူထံမှ ငှားရမ်းအသုံးပြုနိုင်ခဲ့သည်။ ကြေညာချက်နောက်ပိုင်းတွင်မူ လုံခြုံရေးအခြေအနေနှင့် မိမိကိုယ်ကို ကာကွယ်နိုင်ရန်အတွက် အိတ်ဆောင်အဖြစ် ထိန်းသိမ်းထားကြတော့သည်ဖြစ်ရာ ငှားရမ်းအသုံးပြုရန် ပို၍ခက်ခဲလာသည်ဟု ပြောက်ကျားကွန်ရက်မှ ရဲဘော်အချို့က ပြောသည်။

**NUG** ကြေညာလိုက်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ ဒုတိယအသုတ်သင်တန်းသားခေါ်ယူရေး ကိစ္စအတော်ထိခိုက်သွားတယ်။ ဘယ်အချိန်ကြေညာမလဲ ကျွန်တော်တို့လည်းမသိခဲ့ဘူး။ ကျွန်တော်တို့နဲ့လည်း အဆက်အသွယ်မလုပ်ဘူး။ ကျွန်တော်တို့ ကိုယ်တိုင်လည်း NUG နဲ့ အဆက်အသွယ်မလုပ်သေးဘူး။ ၎င်းအခြေအနေမျိုးမှာ ကျွန်တော်တို့က ဒုတိယအသုတ်အတွက်သင်တန်းသားတွေကို ခေါ်ယူစုဆောင်းတဲ့ အချိန်မှာ NUG က D–Day ကြေညာလိုက်တော့ လမ်းကြောင်းတွေ အကုန်ပိတ်သွားတယ်။ ဆက်ခေါ်လို့ မရတော့ဘူး ။ ကျွန်တော်တို့ မှန်းထားတဲ့အင်အား ပြည့်မီရုံလေးလောက်ပဲရှိတယ်။ ပိုပိုသာသာ မရခဲ့ဘူး။ စစ်ရေးကြေညာချက်က ကျွန်တော့်အမြင်အရဆိုရင် အလွန်စောတယ်လို့ ကျွန်တော်မြင်တယ်။ ဘာမှ မပြင်ဆင်မတည်ဆောက်ရသေးဘဲနဲ့ Urgent လုပ်လိုက်တယ်လို့ မြင်တယ်။ သူတို့ D Day မှာ သူတို့တိုက်လည်း ကျွန်တော်တို့တိုက်မှာမဟုတ်ဘူး။ ကျွန်တော်တို့ သေချာတည်ဆောက်ပြီးမှ တိုက်မှာဖြစ်တယ်။

(လူမျိုးစု တပ်တော်ခေါင်းဆောင်တစ်ဦး)

"NUG ရဲ့ လုပ်လိုက်တဲ့ တချို့ကိစ္စရပ်တွေမှာ ကျွန်တော်တို့မြေပြင်မှာရှိတဲ့ အင်အားစုတွေ on ground (မြေပြင်) လူငယ်တွေအပေါ်မှာ တစ်ခါတလကျရင် အကြပ်ရိုက်စေတယ်။ Social Media တွေမှာ တချို့ပြော လိုက်တဲ့ စကားရပ်တွေကြောင့် ကျွန်တော်တို့ အဖမ်းဆီးမခံသင့်တဲ့ လူတွေ ဖမ်းဆီးခံရတယ်။ NUG ရဲ့ ထုတ်ပြန်ချက် တွေကြောင့်လည်း ဖမ်းဆီးမခံသင့်တဲ့ လူတွေ ဖမ်းဆီးခံရ တဲ့ကိစ္စတွေက လက်တွေ့မှာ ရှိတယ်။ D day ခေါ်ပြီးနောက်ပိုင်းနဲ့ PDF လို့ခေါ်တွင်တဲ့ နောက်ပိုင်းမှာ ထုတ်လုပ်ရေးပိုင်းနဲ့ ပစ္စည်းသယ်ယူရေး ပိုင်းတွေမှာ အခက်အခဲ အများကြီး ရှိသွားတယ်"

**(ပခုက္ကူ PDF ပြန်ကြားရေးတာဝန်ခံ)**

"D-day က တစ်နိုင်ငံလုံးပါဝင်မှ ပိုလှုပ်ရှားနိုင်မှာ။ ဒီဒေးကြေညာချိန်မှာ လက်နက် လုံလောက်မှုမရှိဘူး။ တက်ကြွလွန်းတဲ့ ရဲဘော်အချင်းချင်းထိန်းရတယ်"

**(ရန်ကုန်မြို့ပြပြောက်ကျား ကွန်ရက် ခေါင်းဆောင်တစ်ဦး)**

စစ်တိုင်းဒေသကြီး၊ ကနီပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကမူ NUG သည် နိုင်ငံတော်အဆင့်ဖြစ်၍ ကုလသမဂ္ဂနှင့် အာဆီယံအစည်းအဝေးများကဲ့သို့ သံတမန်ရေးရာ တောင်းဆိုမှုများပြုလုပ်နိုင်ရန်နှင့် တော်လှန်သူများကို အားဖြစ်စေကာ ကြိုတင်ပြင်ဆင်မှုများ အားကောင်းစေရန် D-Day ခေါ်မှုဖြစ်မည့် အခြေအနေဖြစ်သည်ဟု သုံးသပ်ပြောဆိုသည်။ ၎င်းတို့ကနီဒေသတွင် တိုက်ပွဲများ စတင်ရှိနှင့်နေပြီးဖြစ်ရာ ဒီ-ဒေးကြေညာချက်သည် ထိခိုက်မှုမရှိကြောင်း၊ သို့သော်လည်း အသင့်မဖြစ်သေးသည့် ဒေသများအတွက်မူ စိန်ခေါ်မှုကြီးမားနိုင်ကြောင်း ဖြေဆိုသည်။ အချို့ကြေညာချက်များက ကောင်းမွန်သော သက်ရောက်မှုရှိကြောင်းကို "ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြုကော်မတီက ကျွန်တော်တို့ကို ကိုယ်ပိုင်ခုခံ ပိုင်ခွင့်တွေ ပြောထားတာမျိုးတွေရှိတယ်။ လက်နက်ကြီးနဲ့ ပစ်နေတာကို ဓားကြီးနဲ့လိုက်ခုတ်ပြီး ခုခံနေလို့တော့ မရဘူး။ ဒါကြောင့်မို့လို့ ဒီလိုမျိုးခုခံပိုင်ခွင့်ကြေညာမှုလည်း ရသင့်ရထိုက်တဲ့အခွင့်အရေး ရမှာဖြစ်တယ်" ဟု ပြောသည်။

NUG ၏ စက်တင်ဘာ အရေးပေါ်ကြေညာချက်ကို အဓိပ္ပာယ်ဖော်ကြရာ၌ ကွဲပြားမှု ရှိသည်ကိုလည်း တွေ့ရှိရသည်။ အချို့က တစ်တိုင်းပြည်လုံးအား တိုက်ပွဲခေါ်သံပြုသည်ဟုမှတ်ယူ၍ စိတ်ဓာတ်ရေးရာတက်ကြွလာပြီး ယခင်ရည်မှန်းသည့်ကာလထက် ပိုမိုစောလျင်စွာ တိုက်ပွဲဖော်ဆောင်လာသည်။ အချို့က လက်နက်၊ လူအင်အား၊ အခြေစိုက်နေရာများ အဆင်သင့်မဖြစ်သေးမီ ဖမ်းဆီး၊ ဖြိုခွင်းခံကြရသည်။ အထူးသဖြင့် မြို့ပြပြောက်ကျားလှုပ်ရှားမှုသည် ပိုမိုပြန့်ကျဲသွားပြီး ပြန်လည်ခုခံနိုင်ရန်အတွက် ထပ်မံအားယူရသည်များရှိလာခဲ့သည်။ အဆင်သင့်မဖြစ်မီတွင် လက်တုံ့ပြန် ခုခံစစ်ဆင်နွှဲခြင်းထက် အချိန်မတန်မီမပြိုကွဲစေရန် ပိုမိုသိုသိပ်စွာ၊ ငြိမ်သက်စွာနေကြရသည်ဟုဆိုသည်။ ယင်းသည် အသုံးအနှုန်းအပေါ် အဓိပ္ပာယ်ဖွင့်ဆိုမှု ကွဲလွဲခြင်းကြောင့်သာမက ကွပ်ကဲမှုအဆင့်ဆင့် (Chain of Command) မရှိသေးသည့် အချက်မှာ အဓိကပါဝင်သည်။ စစ်ကောင်စီ၏ တန်ပြန်ထိုးစစ်ဆင်မှု၊ မြို့ပေါ်ဖမ်းဆီးမှုများအား တုံ့ပြန်သည့်အပိုင်း၊ ခုခံကာကွယ်ရန် ပြင်ဆင်သည့်အပိုင်းတွင် စနစ်တကျ တစ်စုတစည်း၊ တညီတညာတည်းမဖြစ်ဘဲ ဒေသအလိုက်၊ မိမိအစီအစဉ်ဖြင့် သင့်သလိုသာ ဆောင်ရွက်ခဲ့ရကြောင်း သိရှိရသည်။

**D-Day** မကြေညာခင် ကျမတို့နားလည်ထားတာက တစ်နိုင်ငံလုံးထကြွမယ်။ စစ်ကူလို့တောင်မရအောင်ထကြွတဲ့ဟာမျိုးနေပြည်တော်ကတပ်ဖွဲ့က ကယားကိုလာကူလို့မရသလို၊ စစ်ကူလာလို့မရ သူ့နေရာနဲ့သူတိုက်ကြတဲ့ပုံစံလို့... အဲသလောက်ဉာဏ်နဲ့ပဲ စဉ်းစားခဲ့တယ်။ နောက်ဆုံး EAOs၊ PDF ခေါင်းဆောင်တွေလည်း ကြိုတင်မသိရဘူး၊ တိုင်ပင်တာလည်းမရှိဘူး။ D-day ကိုစောင့်နေတဲ့ တစ်အုပ်စုက စပြီးလှုပ်ရှားတော့ ခံရမြဲ ခံရဆဲ ပြည်သူလူထုတွေပဲ ခံရတယ်။ EAO တွေနဲ့တိုင်ပင်မှုမရှိတာ တင်မကဘူး... NUG ဝန်ကြီးတိုင်းတောင်မသိရဘူးလို့လည်း ကြားတယ်။”

“NUG ကို သိပ်အယုံအကြည်မရှိတော့ဘူး။ ဘယ်လိုဖြစ်သွားလဲဆိုရင် NUG ဖွဲ့ဖို့ ကျမတို့တိုင်းသားတွေကို ဒုဝန်ကြီးတွေလောက်ပေးပြီး တစ်နိုင်ငံလုံးထောက်ခံအောင် လူထုထောက်ခံမှုရဖို့ NUG ဖွဲ့သလားလို့၊ ငါတို့တိုင်းရင်းသားတွေက ဟန်ပြသက်သက်ပဲလားလို့။ D-day ကြေညာလည်း သိသင့်တဲ့သူတွေ မသိရတာပဲ၊ သူတို့တစ်စုလောက်ပဲ လုပ်တာကဘာလဲပေါ့ သံသယလည်းဖြစ်လာတယ်။ စစ်အာရှင်တစ်ခုပဲ ဖြုတ်ချရင် ပြီးပြီလားပေါ့။ အရင်တုန်းကလို တစ်ပါတီအာဏာရှင်စနစ်နဲ့ ဗဟိုချုပ်ကိုင်မှုနဲ့ပဲ ဆက်အုပ်ချုပ်မယ်ဆိုရင် အဆင်မပြေဘူး။ ကျမတို့က ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာဖို့အထိ မျှော်လင့်ပြီး တော်လှန်နေတာဖြစ်တယ်။

**KNDF မှ တာဝန်ရှိသူတစ်ဦး**

ကွပ်ကဲမှုအဆင့်ဆင့် (Chain of Command) အပြင် စစ်ရေးအရဦးဆောင်နိုင်မှု၊ မဟာမိတ်များနှင့် အပြန်အလှန်လေးစားမှုရှိရှိ၊ စုစည်းကာ တိုက်ပွဲဖော်နိုင်မှုတွင် NUG ကို အားမရဟုလည်း ထုတ်ဖော် ပြောဆိုကြသည်။ NUG သည် အားစိုက်၍ ပြင်ဆင်တည်ဆောက်နေသော်လည်း လက်တွေ့မြေပြင်တွင် ကွပ်ကဲအုပ်စီးနိုင်ခြင်းမရှိသေးသကဲ့သို့ 'ဒီ–ဒေး' ခေါ်ပြီးသည့်တိုင် တိုက်ခိုက်မှုများ ပြုလုပ်နိုင်ခြင်းမရှိသေးဟု NUG လက်အောက်မဟုတ်သော၊ သီးခြားတော်လှန်ရေးအင်အားစုများဖြစ်သည့် အဖွဲ့နှစ်ခုမှ တာဝန်ရှိသူများက ပြောသည်။ စစ်ကိုင်းတိုင်းရှိပြောက်ကျားအဖွဲ့ခေါင်းဆောင်တစ်ဦးက "NUG ရဲ့ စစ်ရေးဦးဆောင်မှုအပေါ် အားမရဘူး။ နောက်တစ်ခုက တိုင်းဒေသကြီးတွေက ဗမာလက်နက်ကိုင်တွေနဲ့ပတ်သက်ပြီး တစ်စုံတရာ အသိအမှတ်ပြုတာမျိုး မတွေ့ရဘူး။ အဲ့တော့ ကိုယ့်ဘာကိုယ်လုပ်ရတာပေ့ါ။ သူနဲ့ နိုင်ငံရေးအရ မဟာမိတ်လုပ်တာမျိုးသာရှိတယ်၊ စစ်ရေးအရ မဟာမိတ်လုပ်တယ်ဆိုတာတစ်ခါမှမရှိဘူး။ သူတို့တိုက်တဲ့ NUG–PDF တိုက်တဲ့တိုက်ပွဲဆိုတာ ဘယ်ဟာကို ပြောတာလဲမသိဘူး" ဟု ဆိုပါသည်။

NUG အနေဖြင့် တော်လှန်ရေးကာလအလွန် နိုင်ငံရေးမျှော်မှန်းချက်များအတွက် မျှတခိုင်မာသည့် သဘောတူညီမှုများ ထိရောက်မြန်ဆန်စွာရယူနိုင်ခြင်းမရှိသေးသည်မှာလည်း လက်နက်ကိုင်မဟာမိတ် တော်လှန်ရေး အစုအဖွဲ့များနှင့် NUG ကြား ယုံကြည်မှုလျော့စေပြီး စိုးရိမ်ချက်များဖြစ်စေသည်ကိုတွေ့ရသည်။

**PDF** ဆိုတာ ရှေ့ကရောက်အောင်လုပ်နေပြီးမှ သူတို့ (NUG) အောက် အကုန်ဆွဲသွင်း ချင်တာမျိုးလုပ်လို့ မရဘူး။ များသောအားဖြင့် ကိုယ်တွေက တော်လှန်ရေးစိတ်ဓာတ်နဲ့ လုပ်တာ။ ဒါကြီးပြီးရင် အေးအေး ဆေးဆေး အိမ်ပြန်ချင်တဲ့သူတွေချည်းပဲ။ သူတို့မှာက ပါတီနဲ့ နိုင်ငံရေးမက်လုံးတွေ၊ နိုင်ငံရေးရည်ရွယ်ချက်တွေရှိတော့ တကယ်တမ်းစကားပြောတဲ့အခါရှေ့မရောက်တာတွေရှိတယ်။ ဆုံးဖြတ်ချက်တွေ ချရာမှာ ရဲရဲတင်းတင်းမချနိုင်တာ တွေ့ရှိတယ်။

NUG ရဲ့ ခါးပိုက်ဆောင်တပ်အဖြစ်ပါဖို့တော့ ကိုယ်တို့မှာ စိုးရိမ်ချက်တွေရှိတယ်။ NUG က လက်ရှိ တိုင်းရင်းသား EAOs တွေနဲ့ စုစည်းနိုင်တာမရှိဘူး၊ သဘောတူညီချက်တွေယူနိုင်တာမရှိဘူး။ သူအခြေစိုက်ထားတဲ့ နယ်မြေဖြစ်တဲ့ KNU တောင် NUG မှာ ပါလာအောင် မစည်းရုံးနိုင်ဘူး။ လက်ရှိသူစည်းရုံးထားပါတယ်ဆိုတဲ့ KIA ဆိုတာ ဘယ်လိုပေါ်လစီဆိုတာ ချပြထားတာမရှိဘူး။ အကယ်၍ တိုင်းရင်းသားတွေနဲ့ သဘောတူညီမှုမရခဲ့ရင် NUG က NLD liberation လုပ်လာခဲ့ရင်၊ Burmanization (NLD ကြီးစိုးရေး၊ ဗမာကြီးစိုးရေး) လုပ်လာရင် တိုင်းရင်းသားတွေနဲ့ ပြေလည်မှာမဟုတ်ဘူး။ အဲခါကျရင် တိုင်းရင်းသားတွေနဲ့ နှစ်ထပ်ကွမ်းတော်လှန်ရမှာမျိုးလား၊ ဒါက အဓိက စိုးရိမ်ချက်ပေ့ါ။ နောက်ပြီး နိုင်ငံရေးရည်ရွယ်ချက်တွေ နောက်ကွယ်မှာရှိနေတော့ သူတို့လည်း သူတို့ဘာသာ သွားပါစေ။

(စစ်ကိုင်းတိုင်းမှပြောက်ကျားအဖွဲ့တစ်ခု၏ခေါင်းဆောင်)

# ပြည်သူများ၏ သုံးသပ်ချက်များ

NUG ၏ စစ်ရေးကြေညာချက်များနှင့် အင်တာဗျူးအဖြေများသည် ပြည်သူကာကွယ်ရေးအဖွဲ့/အင်အားစုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအပေါ် သက်ရောက်မှုများစွာရှိခဲ့သလို မြေပြင်လူထုတွင်လည်း သက်ရောက်မှုများရှိခဲ့သည်။ ထိုအချက်အလက်များသိရှိနိုင်ရန် ရန်ကုန်တိုင်း၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေထိုင်သော စစ်ဘေးရှောင်ပြည်သူများ နှင့် အာဏာရှင်ဆန့်ကျင်မှုတွင် တက်ကြွစွာ ပါဝင်သူ စုစုပေါင်း (၆) ဦးကို အင်တာဗျူးခဲ့သည်။ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်မှုများကို အကြမ်းဖက်ဖြိုခွင်းဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းသာမက ပြည်သူလူထုအပေါ် နည်းအမျိုးမျိုးနှင့် ဖိနှိပ်မှုများ ဆိုးဝါးလာသည့်အတွက် အကြမ်းမဖက်နည်းလမ်းများသက်သက်ဖြင့် လုံလောက်မှုမရှိတော့သည်ကို လက်တွေ့ခံစားလာကြရသည်။ ထို့အတွက် စစ်ကောင်စီအား ဆန့်ကျင်ရေးအတွက် အခြားသောနည်းလမ်းများအတွက် ဦးဆောင်မှုပေးမည့် အဖွဲ့အစည်းများကို မျှော်လင့်တကြီးစောင့်နေခဲ့ကြသည်က အမှန်ပင်ဖြစ်သည်။ CRPH ၊ ထိုမှတဆင့် NUG အစိုးရဟူ၍ ပေါ်ပေါက်လာချိန်တွင် အဆိုပါမျှော်လင့်ချက်များပို၍ ခိုင်မာလာသကဲ့သို့ စက်တင်ဘာ အရေးပေါ်ကြေညာချက်အား ကွဲပြားသည့် အမြင်များရှိကြသည့်တိုင် ပြည်သူအားလုံးပါဝင်နိုင်ရန် နှိုးဆော်သည့် ပုံစံတစ်ရပ်အနေနှင့် တခဲနက် အားပေးထောက်ခံခဲ့ကြသည်။

> ပြည်သူတစ်ယောက်အနေနဲ့ NUG ကို မျှော်လင့်နေတဲ့အချိန်ဖြစ်တယ်။ အထူးသဖြင့် စကစကို တန်ပြန်နိုင်မည့်ကိစ္စမျိုး ကြေညာဖို့ (ဒါမှမဟုတ်) လုပ်ဆောင်ဖို့ မျှော်လင့်တယ်။ စစ်ရေးကြေညာပြီးတာနဲ့ တိုက်ကြတော့မယ်ဆိုပြီးလည်း ပြည်သူတွေက ထင်ခဲ့ကြတယ်။
>
> ---
>
> (ပါဝင်ဖြေဆိုသူတစ်ဦး)

> အဘက်ဘက်က အထောက်အကူပြုမယ့်လူတွေကို ကျွန်တော်တို့ မျှော်ခဲ့တယ်။ NUG က ကျွန်တော်တို့ပြည်သူတွေအပေါ် အလေးထားပေးတဲ့အခါကျတော့ သူတို့ရဲ့ လုပ်ဆောင်ချက်တွေအားလုံးကို သဘောလည်းကျတယ်။ ကျေနပ်တယ်။ ကျွန်တော်တို့အတွက် အားဖြစ်မိတယ်။ ပြည်သူလူထုအနေနဲ့ ရေထဲမှာ မျောနေတဲ့ လူတစ်ယောက် လိုဖြစ်တယ်။ ကယ်ရာမဲ့ဘဝမျိုး တော့ ဖြစ်တယ်။ ဟိုမြက်ပင် ဆွဲရမှာလိုလို ဟိုဝါးလုံးပဲ လှမ်းဆွဲရမှာလိုလိုဖြစ်နေတယ်။ ပြည်သူအများက ငင်းလိုမျိုးတွေဖြစ်နေကြတဲ့အချိန်မှာ အခုလိုမျိုး ကျွန်တော်တို့ဘက်ကနေ ရပ်တည်ပေးတဲ့အတွက်ကြောင့် အလွန်လည်း အားကိုးမိပါတယ်။
>
> ---
>
> (ရန်ကုန်မှပြည်သူတစ်ဦး)

အခြားတစ်ဖက်တွင်လည်း NUG ၏ စစ်ရေးကြေညာချက်များနှင့် အင်တာဗျူးအဖြေများသည် ဆိုရှယ်မီဒီယာပေါ်တွင်သာ လူထုထောက်ခံမှုရှိသည်ဟု မှတ်ယူကြသည်။ အကြောင်းရင်းမှာ လက်တွေ့တိုက်ပွဲဝင်ရမည့် လက်နက်ကိုင်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်အများစု၏ ထောက်ခံမှုများကို ထင်သလောက်မတွေ့ရသောကြောင့်ဖြစ်သည်။ အဓိကထောက်ပြချက်တွင် စစ်ရေးအရပြင်ဆင်ရမည့် လုပ်ငန်းကိစ္စရပ်များကို ပြင်ဆင်မှုကောင်းကောင်းမရှိဘဲ ကြေညာခဲ့သည့်အပြင် မြေပြင်တွင်လှုပ်ရှားနေကြသည့် လူထုလက်နက်ကိုင် အင်အားစုများနှင့်လည်း ချိတ်ဆက်မှု ကောင်းကောင်း မရှိခဲ့ခြင်းကြောင့်ဟု ဆိုကြသည်။

> NUG ရဲ့ စစ်ရေးကြေညာချက်တွေကို ဖေ့ဘွတ်၊ ဆိုရှယ်မီဒီယာမှာ လူထုကထောက်ခံတယ်။ ဒါပေမဲ့ တိုင်းရင်းသားလက်နက်ကိုင် ခေါင်းဆောင်တွေ လက်ခံတာကို သိပ်မတွေ့ဘူး။ တိုင်းရင်းသားဒေသမှာ နှစ်ပေါင်း ရှည်ကြာသော တိုက်ပွဲတွေဖြစ်တယ်။ "ဒီဒေး"က အထွေထွေအထူးထူး မဟုတ်ဘူး။ "ဒီဒေး" ဖြစ်လာပြီဆိုရင် တိုင်းရင်းသားဒေသတွေမှာ စစ်မြေပြင်ဖြစ်မှာသေချာတယ်။ ဒီအချိန်က အရေးကြီးတဲ့ အချိန်ဖြစ်တယ်။ EAOS နှင့် အခြားမပါသေးသည့် အဖွဲ့များနှင့် NUGက သေသေချာချာ ညှိနှိုင်းပြီးမှာ ကြေညာသင့်တယ်၊ ညှိနှိုင်းမှုအဆင်ပြေ၊ အင်အားအသင့်အတင့်ရှိပြီဆိုရင် ကြေညာသင့်တယ်၊ တော်လှန်ရေးမှာ အရေးကြီးတာက တိုင်းရင်းသား ခေါင်းဆောင်တွေ၊ EAOs တွေ ပါဝင်မှုက အဓိကကျတယ်လို့မြင်တယ်
>
> (စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်မှ ပြည်သူတစ်ဦး)

ထို့အပြင် စစ်ရေးကြေညာချက်ကြောင့် အနည်းငယ်ရပ်တန့်နေသည့် ကရင်နီပြည်(ကယားပြည်နယ်) အတွင်း ထိုးစစ်များလည်း ပို၍ကြုံတွေ့လာရပြီး စက်တင်ဘာလအကုန်၌ပင် စစ်ရှောင်သူဦးရေ တစ်သိန်းကျော်အထိ ရောက်ရှိသွားခဲ့သည်။[34] ကရင်နီပြည်သူတစ်ဦးမှ *"NUG က စစ်ရေးကြေညာတဲ့အပေါ်မှာ ပြည်သူတစ်ယောက်အနေနဲ့ ပြောရင် သူတို့က ဘယ်အရာမှ ပြင်ဆင်မှုမရှိဘဲ ကြေညာတယ်လို့မြင်တယ်။ မြေပြင်နဲ့ချိတ်ဆက်မှုအားနည်းတယ် ဒါမှမဟုတ် ဗဟိုချုပ်ကိုင်တာပဲ အားကောင်းနေတာလားတော့ မသိဘူးပေ့ါနော်။ တစ်နိုင်ငံလုံး စစ်ရေးကြေညာခဲ့ပေမယ့် ကျမတို့ ပြည်သူတွေကတောင် "ဒီဒေး" ကို "ဒီမော်ဆိုးဒေး" လို့တောင်ပြောနေကြတယ်။ ကျမတို့ ဒီမောဆိုးမှာ "ဒီဒေး" ကြေညာပြီးနောက်ပိုင်း စစ်ကောင်စီရဲ့ထိုးစစ်တွေ ပိုလုပ်လာတယ်။ (၅)လပိုင်းလောက်မှာ အကြီးအကျယ် တစ်ခေါက် စစ်ပြေးခဲ့ရတယ်၊ အခြေအနေငြိမ်လို့ အိမ်ပြန်လာခဲ့တာတောင် မကြာသေးဘူး စစ်ရေးကြေညာတဲ့ရက် (စက်တင်ဘာလ၊ ၇ ရက်နေ့) မှာပဲ ရွာတွေကို စစ်ကောင်စီက လက်နက်ကြီးတွေပစ်လို့ နောက်တစ်ကြိမ် စစ်ပြေးခဲ့ရပြန်တယ်။"* ဟု ဒီဒေးကြေညာပြီးနောက်ပိုင်းအတွေ့အကြုံကို စစ်ရှောင်စခန်းတွင် ရောက်နေသည့် ပြည်သူတစ်ဦးမှ ဖြေကြားခဲ့သည်။

ပြည်သူတစ်ဦးကမူ တော်လှန်ရေးကြီးအောင်မြင်နိုင်ရန်နှင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် အတွက် ပြည်သူလူထုရော လက်နက်ကိုင်အင်အားစုများအားလုံးပါ စိတ်ဓာတ်မကျဘဲ အဆုံးတိုင် လက်တွဲညီညီတော်လှန် သွားဖို့ရန်လိုသည်ဟု မှတ်ချက်ပြုခဲ့ သကဲ့သို့ အခြားတစ်ဦးက အချိန်မဆိုင်းဘဲ အင်တိုက် အားတိုက်လုပ်ဆောင်ရန်လိုကြောင်း မှတ်ချက်ပြုခဲ့ပါသည်။

> စားပွဲဝိုင်းမှာပဲ အချိန်ကုန်နေလို့မဖြစ်ဘူး၊ ပေးဆပ်နေရတဲ့ အသက်တွေ အများကြီးရှိတယ်။ နိုင်ငံရေး လုပ်နေတဲ့သူတွေ သူတို့ဆုံးဖြတ်ဖို့လုပ်နေတုန်း ပြည်သူလူထုအချို့က စစ်ရှောင်ပြီး ပြန်ဖို့ အိမ်တွေမှ ရှိတော့တဲ့ သူတွေလည်းရှိနေပြီ
>
> (ပြည်သူတစ်ဦး)

ထို့အပြင် စက်တင်ဘာ စစ်ရေးကြေညာချက်နောက်ပိုင်းတွင် စစ်ကောင်စီက လုံခြုံရေးပို၍ တင်းကြပ်လာခြင်း၊ အထူးသဖြင့် လူငယ်များသွားလာလှုပ်ရှားမှုများကို ရည်ရွယ်ချက်ရှိရှိ စောင့်ကြည့်ခံရခြင်းများ ဖြစ်လာခဲ့သည်။ မြို့ပေါ်နေပြည်သူလူထုမှာ ကြောက်လန့်ပြီး စားသောက်ကုန်များ ကြိုတင်ဝယ်ယူစုဆောင်းသည့် ကိစ္စများလည်းဖြစ်လာခဲ့ပြီး ကုန်ဈေးနှုန်းတက်ခြင်းများ၊ စားသောက်ကုန်ပစ္စည်းပြတ်လပ်ခြင်းများလည်း ကြုံတွေ့ကြရသည်ဟုဆိုသည်။

> ဒီဒေးမကြေညာခင်က အပြင်ထွက်ရင် ဘာမှမဖြစ်ဘူး။ ဆေးသွားဝယ်ဖို့အတွက် ကဒ်ပြားပေးတယ်။ ဆေးဆိုင်တွေမှာ မြင်ရင်မစစ်ဘူး။ စစ်တာလည်းရှားတယ်။ အခုကြတော့ တစ်နေရာမဟုတ်တစ်နေရာ အမြဲတမ်းစစ်တယ်။ တစ်ခါတစ်လေ ငါးနာရီနောက်ပိုင်းလည်း စစ်တာပဲ။ မသင်္ကာတဲ့လူငယ် အသက် (၂၀) ဝန်းကျင် ယောကျ်ားလေးတွေဆိုရင် ဆိုင်ကယ် Tools Box တွေ အကုန်ဖွင့်စစ်တယ်။ ဒူးထောက်ခိုင်းတယ်။ နေပူပူမှာ ဖားခုန်ခိုင်းတယ်။ ဝရမ်းမပါဘဲနဲ့လည်း ဖမ်းမယ်၊ ရှာမယ်အထိ သူတို့လုပ်ချင်သလို လုပ်တဲ့အထိ ဖြစ်လာတယ်။
>
> (ပခုက္ကူမှ ပြည်သူတစ်ဦး)

မြေပြင်မှာဆိုရင် ကျွန်တော်တို့ အသွားအလာတွေကအစ သတိထားနေရတယ်။ ကျွန်တော်ဆို ဟိုနားဒီနားလေးသွားရမှာတောင် online မှာသတင်းတွေကြည့်ပြီးမှ သွားနေရသလို ဖြစ်နေတယ်။ တပ်တွေ ကလည်း ခမ္ဘရုံတွေ မှန်သမျှမှာရော၊ လမ်းထိပ်၊ လမ်းဆုံမှန်သမျှမှာ ရှိနေတော့ အရမ်းမကြောက်ရရင်တောင် လန့်နေရတာပေါ့နော်။ ကျွန်တော့တစ်ယောက် အမြင်ကတော့ NUG ဘက်က ထုတ်ပြန်ချက်ကြောင့် ဆိုတာထက် စစ်ကောင်စီရဲ့ လုပ်ဆောင်ချက်တွေကြောင့် လို့မြင်မိပါတယ်။

(ရန်ကုန်မြို့နေ ပြည်သူတစ်ဦး)

ကျနော်တို့ ပြည်သူတွေအများစုက တစ်နေ့လုပ်တစ်နေ့စားရသူတွေဆိုတော့ ရိက္ခာစုဆောင်းဖို့ ကလည်း အဆင်ပြေမှာမဟုတ်ဘူး။ လူတွေကစိတ်ဓာတ်ကတော့ အပြည့်ရှိတယ်။ ဒါပေမဲ့ ဗိုက်တွေကတော့ အပြည့်ဖြစ်ပဲ့မလားတော့ သေချာမပြောတတ်ဘူးပေါ့နော်။နောက်တစ်ခုက ကုန်ဈေးနှုန်းတွေတက်တာကလည်း သိတဲ့အတိုင်းပဲ၊ ၂၀ %၊ ၂၅% လောက်ကို တက်သွားတယ်လေ။

(ရန်ကုန်မြို့နေ ပြည်သူတစ်ဦး)



# ၃ – ဆ။ အရေးပေါ်ကာလကြေညာချက်နောက်ပိုင်းအခြေအနေများ

အရေးပေါ်ကာလကြေညာချက်မတိုင်မီတွင် အသုံးပြုခဲ့သည့် 'ဒီ–ဒေး' ဝေါဟာရများမှာ ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းတွင် ဆက်လက်ကိုးကား၍ အသုံးပြုသည်များ မရှိသလောက်နည်းပါးသွားခဲ့သည်။ NUG အစိုးရ၏ စစ်ရေးဆိုင်ရာ တရားဝင်သတင်းထုတ်ပြန်မှုများ မှာလည်း လုပ်ရိုးလုပ်စဉ် အစီအစဉ်များနှင့် ပြည်သူ့ကာကွယ်ရေးစာစောင်ထုတ်ပြန်ခြင်း၊ မြေပြင်တိုက်ပွဲ အခြေအနေများမှ သတင်းများကိုသာ စုစည်းဖော်ပြမှုများသာရှိခဲ့သည်။ NUG ဝန်ကြီးများ၏ စစ်ရေးဆိုင်ရာ ရေးသားဖော်ပြချက်များတွင်လည်း (စစ်တပ်အတွင်းမှ ဘက်ပြောင်းလာမည့်သူများအတွက် အစီအစဉ် အပါအဝင်) CDM အရေးကိစ္စနှင့် "တော်လှန်ရေးနောက်တစ်ဆင့် ထပ်လာမည်" ဟူသည့် ပြောကြားချက် များကိုသာ တွေ့ရှိလာရသည်။ NUG ကာကွယ်ရေးဝန်ကြီးက စက်တင်ဘာ(၂၀)ရက်နေ့တွင် ၎င်း၏လူမှု ကွန်ရက်အကောင့်ပေါ်၌ "လက်တွေ့မြေပြင်မှာ PDF တွေ စိုးမိုးထားတဲ့ ကျေးရွာ ရာပေါင်းများစွာရှိနေပြီ၊ မကြာခင် တော်လှန်ရေးရဲ့ နောက်အဆင့်တွေ လာဦးမယ်" ဟု ရေးသားခဲ့သည်ကို တွေ့ရသည်။[35] NUG ကျန်းမာရေးနှင့် ပညာရေးဝန်ကြီး၏ စက်တင်ဘာလ ၂၄–ရက်နေ့ ရုပ်သံအင်တာဗျူးတွင် ဗျူဟာများရှိ သော်လည်း ပြော၍မရသေးကြောင်း၊ တော်လှန်ရေးတစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြောင်းလဲလာမည် ဖြစ်ကြောင်း၊ သွေးထွက်သံယို အနည်းဆုံးဖြစ်ရေးအတွက် စီစဉ်နေကြောင်း၊ စစ်တပ်မှ ဘက်ပြောင်း တပ်သားများအတွက် 'ပြည်သူ့ရင်ခွင်' အစီအစဉ်တွင် ငွေကြေးများစွာသုံးစွဲထားကြောင်း၊ လိုအပ်သည့် ကာကွယ်ရေးဆိုင်ရာ လက်နက်ပစ္စည်းများ၊ ပြောက်ကျားနည်းစနစ်များအတွက် အဆင့်ဆင့်စီစဉ် ဆောင်ရွက်နေကြောင်း ပြောကြားသွားပြီး စစ်တပ်၏ အဖွဲ့ဝင်များ ဘက်ပြောင်းလာရေးကို ပို၍ဦးစားပေး ပြောကြားခဲ့သည်။[36] အဆိုပါဝန်ကြီးများရည်ညွှန်းသည့် 'အဆင့်ဆင့်' သို့မဟုတ် 'တိုးတက်ပြောင်းလဲမှု' ဟု ဆိုရာတွင် အရေးပေါ်အခြေအနေထုတ်ပြန်ချက်မတိုင်မီက ရေးသားဖော်ပြခဲ့သည့် "နွေဦးတော်လှန်ရေး၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုဖြစ်စဉ်" ကို ရည်ညွှန်းဟန် တူပါသည်။ ၎င်းကို NUG ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးဒေါက်တာဇော်ဝေစိုးကပင်ဇွန်လ(၂၉)ရက်နေ့တွင်ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။[37] မူရင်း ရေးသားဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

## နွေဦးတော်လှန်ရေး၏ အဆင့်ဆင့်တိုးတက်ပြောင်းလဲမှု ဖြစ်စဉ်

၁။ ပြည်သူလူထုမှ ပြည်သူလူထု၏ဆန္ဒကိုထုတ်ဖော်ခြင်း။

၂။ ပြည်သူလူထုမှ စစ်ကောင်စီအား အုပ်ချုပ်ခွင့်မရစေခြင်း။

၃။ ပြည်သူလူထုမှ အမျိုးသားညီညွတ်ရေးကို တည်ဆောက်ခြင်း။

၄။ ပြည်သူလူထုမှ ပြည်သူလူထုကို ကာကွယ်ပေးခြင်း။

ပထမအဆင့် - ပြည်သူလူထုမှ ခုခံစစ်၊ ပြောက်ကျားစစ်၊ ချေစစ်ဆင်နွှဲခြင်း။
ဒုတိယအဆင့် - ပြည်သူလူထုမှ တစ်ချိန်တည်း တစ်ပြိုင်တည်း ပြည်သူ့တော်လှန်ရေး ဆင်နွှဲခြင်း။

၅။ ပြည်သူလူထုမှ မိမိတို့၏ဒေသများအား ထိန်းချုပ်စီမံခန့်ခွဲခြင်း။

၆။ ပြည်သူလူထုမှ မိမိတို့၏ဒေသများအား တည်ဆောက်ပြုပြင်ခြင်း။

၇။ ပြည်သူလူထုမှ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ထောင်ခြင်း။
နွေဦးတော်လှန်ရေးကို ဦးဆောင်နေသူများမှာ ပြည်သူသာ ဖြစ်ပါသည်။

အထက်ပါရေးသားဖော်ပြချက်အရဆိုရပါက အမှတ်စဉ်(၁)မှ (၄ ၏ ပထမအဆင့်) သည် စစ်တပ်၏ အာဏာသိမ်းမှုနောက်ပိုင်း ပြည်သူလူထု၏ အားစိုက်ထုတ်မှုများဖြင့် စက်တင်ဘာ အရေးပေါ်အခြေအနေ ကြေညာချက်မတိုင်မီကာလတည်းက ရောက်ရှိပြီးဖြစ်နေသည်ဟု အခိုင်အမာဆိုနိုင်မည်ဖြစ်သည်။ အမှတ်စဉ်(၄)၏ ဒုတိယအဆင့်ရောက်ရှိရန်အတွက် - တစ်နည်းအားဖြင့် တစ်ပြိုင်နက်တည်း ပြည်သူ့တော်လှန်ရေး ဆင်နွှဲရန်မှာမူ ဦးဆောင်မှုများလိုအပ်ကြောင်း၊ စိန်ခေါ်မှုများရှိနေကြောင်း၊ အဆိုပါ အခြေအနေကြောင့်ပင် ပြည်သူလူထုက NUG အပေါ် များစွာမျှော်လင့်ထားကြောင်း ဆွေးနွေးချက်များကို ကနဦးအခန်းများတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ သို့ဖြစ်ရာ 'ဒီ-ဒေး' ကြေညာမည်ဖြစ်ကြောင်း ပြောဆိုချက်များနှင့် အရေးပေါ်အခြေအနေကြေညာချက်များသည် အဆိုပါဖြစ်စဉ်(၄)၏ ဒုတိယပိုင်းအား ကူးပြောင်းခြင်းဖြစ်သည်ဟုလည်း မှတ်ယူနိုင်မည်ဖြစ်သည်။ သို့သော်လည်း အမှန်တကယ်ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်း၌လည်း နဂိုရှိနေခဲ့သည့် (အမှတ်စဉ်၄-ပထမအဆင့်) မှပို၍ထူးခြားသည့်အခြေအနေများကို မြင်တွေ့သိရှိရခြင်းမရှိပေ။ အထူးသဖြင့် အမှတ်စဉ်(၄)၏ ဒုတိယအဆင့်ဖြစ်သည့် 'တစ်ချိန်တည်း တစ်ပြိုင်တည်း ပြည်သူ့တော်လှန်ရေး ဆင်နွှဲခြင်း' ဖြစ်လာရေးအတွက် ထပ်မံပြင်ဆင်ရန် လိုအပ်မှုရှိ/မရှိ၊ ထပ်မံ၍ တိုက်ပွဲခေါ်သံ ပေး/မပေး၊ လက်ရှိတွင် အဆိုပါအဆင့်အား ဆင်နွှဲနေခြင်း ဟုတ်/မဟုတ်မှာ အဓိက ကျသည့် မေးခွန်းများဖြစ်နေသည်။

အခြားတစ်ဖက်တွင်မူ NUG ၏ အရေးပေါ်ကြေညာချက်ထုတ်ပြန်ပြီးနောက်ပိုင်းတွင် စစ်တပ်၏ လူထုအပေါ် ဖိနှိပ်မှုများ၊ လူငယ်များအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှု/ တင်းကြပ်မှုများ ပိုမိုများပြားလာသည့်အပြင် ဒေသအသီးသီးတွင် လက်နက်ကြီးများ၊ လေကြောင်းပစ်ကူများအသုံးပြုကာ ထိုးစစ်များဆင်နွှဲလာသည်က အသေအချာပင်ဖြစ်သည်။ ACLED (The Armed Conflict Location & Event Data Project) ၏ကိန်းဂဏန်းများအရမြန်မာနိုင်ငံတွင်၂၀၂၁-ခုနှစ်အတွင်းတိုက်ပွဲ၂,၃၃၆-ခု၊ပေါက်ကွဲမှု၂,၇၅၇-ခု၊အဓိကရုန်းဖြစ်ရပ် ၁၀၇-ခုနှင့် အရပ်သားအပေါ် အကြမ်းဖက်မှု ၁,၉၇၁-ခု ရှိခဲ့သည်[38] (ပုံ-၁၀)။ နှိုင်းယှဉ်ကြည့်မည်ဆိုပါက စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄-လအတွင်း) ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်အရေအတွက်သည် ဇန်နဝါရီလမှ ဩဂုတ်လအထိ (၈-လအတွင်း)ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်အရေအတွက်နှင့် အချိုးအစား အတူနီးပါးပင် ရှိနေခဲ့သည် (ဇယား-၁)။ ထို့အပြင် Data for Myanmar ၏ အချက်အလက်များအရ အာဏာသိမ်းသည့် ၂၀၂၁-ဖေဖော်ဝါရီ ၁-ရက်နေ့မှ ၂၀၂၂-ခုနှစ် ဖေဖော်ဝါရီ ၂၃-ရက်နေ့အထိတွင် နေရာဒေသ ၁၅၄-ခုမှ လူနေအိမ် ၅,၂၃၁-လုံးကို အကြမ်းဖက်စစ်တပ်က မီးရှို့ဖျက်စီးခဲ့သည်ဟု သိရသည်။[39] မေလမှစ၍ ရရှိသည့် စာရင်းတွင် ဇွန်လအတွင်း၌ အိမ်ခြေရာဂဏန်း (၂၆၀)ထိ မီးလောင်ပျက်စီးခဲ့ရသော်လည်း စက်တင်ဘာလနှင့် နောက်ပိုင်းကာလများတွင် တဟုန်ထိုးများပြားလာခဲ့သည် (ပုံ-၁၁)။[40]





Figure 10: ၂၀၂၁-ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် တိုက်ပွဲ၊ ပေါက်ကွဲမှု၊ အဓိကရုန်းနှင့် အရပ်သားအပေါ် အကြမ်းဖက်မှုများ။ Data Source: ACLED – https://acleddata.com/dashboard/#/dashboard

Table 1: ၂၀၂၁-ခုနှစ် ပထမ(၈)လနှင့် ဒုတိယ(၄)လအတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲ၊ အရပ်သားအပေါ်အကြမ်းဖက်မှုဖြစ်စဉ်အချိုး

| | | ဇန်နဝါရီလမှ ဩဂုတ်လအထိ (၈-လ) | စက်တင်ဘာလမှ ဒီဇင်ဘာလထိ (၄-လ) |
|---|---|---|---|
| ဖြစ်စဉ်များ | ဖြစ်ရပ်စုစုပေါင်း | ဖြစ်ရပ်ပေါင်း % | ဖြစ်ရပ်ပေါင်း % |
| တိုက်ပွဲများ | ၂,၃၃၆ | ၁,၂၂၇ ၅၃% | ၁,၁၀၉ ၄၇% |
| အရပ်သားအပေါ် အကြမ်းဖက်မှုများ | ၁,၉၇၁ | ၉၇၄ ၄၉% | ၉၉၇ ၅၁% |





Figure 11: အကြမ်းဖက်စစ်တပ်၏ မီးရှို့ဖျက်ဆီးမှုကိုခံရသည့် အိမ်အရေအတွက်။ (Source: Data for Myanmar)

အရေးပေါ်ကြေညာချက်နောက်ပိုင်း တော်လှန်ရေးအတွက် အင်အားဖြစ်စရာ (သို့) အပြုသဘော အကျိုးသက်ရောက်မှုဟုဆိုရာတွင် စစ်တပ်၏အဖွဲ့ဝင်များ ဘက်ပြောင်းခိုလှုံလာမှုနှင့် စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား အထူးသဖြင့် ရပ်ကျေးအုပ်ချုပ်ရေး ခိုင်မာလာမှုမရှိစေရန် ဆက်လက်ထိန်းထားနိုင်ခြင်းတို့ပင် ဖြစ်ပေမည်။ စစ်တပ်၏အဖွဲ့ဝင်များ ဘက်ပြောင်းခိုလှုံလာမှုနှင့်ပတ်သက်၍ အချက်အလက် အသေးစိတ်ကို မရရှိနိုင်ခဲ့သော်လည်း ၂၀၂၁-ခုနှစ် ဒီဇင်ဘာ ၁-ရက်နေ့ စာရင်းများအရ CDM စစ်သား ၂,၀၀၀ ကျော်နှင့် CDM ရဲအရေအတွက် ၆,၀၀၀ ကျော်အထိ ရှိနေပြီဖြစ်သည်။[41] သို့သော်လည်း CDM စစ်သား/ရဲသားဦးရေ များပြားလာရုံမျှဖြင့် စစ်တပ်ကို အလိုအလျောက်ပြိုကျမည်ဟု မဆိုနိုင်ကြောင်း သုံးသပ်ငြင်းဆိုမှုများလည်းရှိနေသည်။[42] မည်သို့ပင်ဖြစ်စေ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း NUG ၏ အဓိကအားစိုက်ထုတ်မှုများတွင် စစ်တပ်အဖွဲ့ဝင်များ၏ ဘက်ပြောင်းခိုလှုံမှုအတွက်လည်းပါဝင်သည်။

ဒုတိယတစ်ခုမှာမူ စစ်ကောင်စီ၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာမလည်ပတ်နိုင်ခြင်းဖြစ်သည်။ အထူးသဖြင့် ရပ်ကျေးအုပ်ချုပ်ရေးသည် အစိုးရယန္တရားတစ်ခုလုံး၏ အခြေခံအစိတ်အပိုင်းပင်ဖြစ်သည်။ ၂၀၂၁-ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ရပ်ကွက်အတွင်းနေထိုင်သူများအား အချိန်မရွေးစိစစ် စစ်ဆေးရန် အကြောင်းပြချက်ဖြင့် နေထိုင်ကြောင်းထောက်ခံစာ (ဧည့်စာရင်း) လိုအပ်ချက်ကို တွန်းအားပေးခဲ့သည်။ တစ်ပါတည်းမှာပင် စစ်ကောင်စီကခန့်အပ်သည့် အာဏာပြလိုသူ ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များလည်း ပေါ်ပေါက်လာခဲ့ပြီး ပြည်သူလူထုအား နိုင်ထက်စီးနင်းပြုမူမှုများ စတင်ခဲ့သည်။ သို့သော် ပြည်သူလူထုက ၎င်းတို့၏ အုပ်ချုပ်မှုကို ဖီဆန်ဆန့်ကျင်ခြင်း၊ ပြည်သူ့လက်နက်ကိုင်အဖွဲ့များ (အထူးသဖြင့် မြို့ပြပြောက်ကျားများ) က ခြိမ်းခြောက်ရှင်းလင်းခြင်းတို့ကြောင့် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ကြသည့် အခြေအနေများလာသည့်အပြင် စစ်ကောင်စီအနေနှင့် ရပ်ကျေးအုပ်ချုပ်ရေးကို ခိုင်မာအောင် တည်ဆောက်နိုင်ခြင်းမရှိပေ။ Data for Myanmar ၏ ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီ(၁)ရက်နေ့မှ အောက်တိုဘာလ (၁၁)ရက်နေ့ထိ အချက်အလက်များအရ စစ်ကောင်စီခန့် ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင် (ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာတာဝန်ခံနှင့် ရာအိမ်မှူးများ) ၃၆၆-ဦး နုတ်ထွက်ခဲ့သည်ဟု သိရှိရသည်။[43]

ရပ်ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ နုတ်ထွက်မှုအခြေအနေကို ဆန်းစစ်မည်ဆိုပါက လူထုဆန္ဒပြမှုများ အားကောင်းခဲ့သည့် ဖေဖော်ဝါရီလနောက်ပိုင်းတွင် နုတ်ထွက်သူဦးရေမရှိသလောက် နည်းပါးသွားခဲ့ပြီး ဩဂုတ်လမှ စတင်ကာ ပြန်လည်များပြားလာသည်ကို တွေ့ရမည်ဖြစ်သည် (ပုံ-၁၂)။ ထို့အပြင် စုစုပေါင်း နုတ်ထွက်သူဦးရေသည် အမှန်တကယ် ရပ်ကျေးအုပ်ချုပ်ရေးလည်ပတ်နေမှုပမာဏနှင့် နှိုင်းစာပါက ပြောပလောက်သည့်ပမာဏမဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ လက်ရှိအခြေအနေအထိတွင် စစ်ကောင်စီခန့်ရပ်ကျေးအုပ်ချုပ်ရေးများသည် လူထုအား နှိပ်ကွပ်နိုင်ရန်သက်သက်သာရှိနေပြီး အစိုးရတစ်ရပ်၏ တရားဝင်အုပ်ချုပ်ရေးယန္တရားတစ်ရပ် ဖြစ်မလာပေ။ ၎င်းသည် သိသာထင်ရှားသည့် အခြေအနေတစ်ရပ်ဖြစ်ပြီးမြေအောက်လှုပ်ရှားမှုပြုလုပ်သည့်အဖွဲ့များ၏ ကြိုးစားအားထုတ်မှုကို အထူးအသိအမှတ်ပြုရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် အရေးပေါ်အခြေအနေ (သို့မဟုတ်) 'ဒီ-ဒေး' ကြေညာချက် (နောက်ပိုင်းတွင် ဒီ-ဒေးဟု ရည်ညွှန်းအသုံးပြုခြင်းမရှိတော့) နောက်ပိုင်းအခြေအနေသည် ထိခိုက်ပျက်စီးမှုများ ပိုများလာခဲ့သော်လည်း အားရဖွယ်ရာ ရလဒ်များကို မြင်တွေ့ရခြင်းမရှိသေးဟု သုံးသပ်ရမည်ဖြစ်သည်။ ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံက မြန်မာ ကိုယ်စားလှယ်အတွက် ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းလိုက်သည်ဟု ဆိုခြင်းကြောင့်[44] 'ဒီ-ဒေး' ဟုရည်ညွှန်းအသုံးပြုခဲ့သည့် ကုလသမဂ္ဂစစ်မြေပြင်တွင်လည်း အလားတူပင်ဖြစ်သည်။

ရပ်ကျေးအုပ်ချုပ်ရေးမှူးများ နုတ်ထွက်မှုအခြေအနေ





Figure 12: ရပ်ကျေးအုပ်ချုပ်ရေးမှူးများ (လအလိုက်) နုတ်ထွက်မှုအခြေအနေ။ (Source: Data for Myanmar)

## ကာလ – ၂၀၂၁ ခုနှစ်

### ဖေဖော်ဝါရီလ

#### လူထုလှုပ်ရှားမှု

- CDM နှင့် ငြိမ်းချမ်းစွာ ချီတက် ဆန္ဒပြမှုများ အားကောင်းခဲ့
- ပြည်တွင်းပြည်ပမှ လူထု၏ CDM များအပေါ် ပံ့ပိုးကူညီမှု အားကောင်း။
- ဒီမိုကရေစီရရှိရေး၊ ရုံးမတက်နဲ့ရှန်းထွက်၊ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ဒေါ်အောင်ဆန်းစုကြည်နှင့်သမ္မတ ဦးဝင်းမြင့် လွှတ်မြောက်ရေး၊ အနိုင်ရပါတီထောက်ခံသည့် ကြွေးကြော်သံ များနှင့်အပြိုင် အာဏာရှင် စနစ်ပျက် သုဉ်းရေး၊ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ပေါက်ရေး၊ ၂၀၀၈ အခြေခံဥပဒေ ဖျက်သိမ်း ရေး၊ မတရား ဖမ်းဆီးခံရ သူများ လွှတ်မြောက်ရေး ကြွေးကြော်သံများ လူထုကြား ပျံ့နှံ့ခဲ့။

#### ကြေညာချက်များ

- ဖေဖော်ဝါရီလအတွင်း CRPH ပေါ်ပေါက်လာ။ ကြေညာချက်၊ ရပ်တည်ချက်သဘောထားများ စတင်ထုတ်ပြန်။
- ဖေဖော်ဝါရီလ ဒုတိယပတ်နှင့် တတိယအပတ်တွင် CDM ဝန်ထမ်းများကို ထောက်ခံ၊ ပံ့ပိုးမည်ဖြစ်ကြောင်း၊ လူထုအနေနှင့် စစ်အာဏာရှင် အမြစ်ပြတ်သည့်တိုင် ဆန့်ကျင်မည် ဖြစ်ကြောင်း လူထုအလွှာအသီးသီးနှင့် အဖွဲ့အသီးသီးမှ ထုတ်ပြန်ခဲ့။
- GSC, GSCN, AJMM နှင့် မြို့နယ်သပိတ်ကော်မတီများ ပေါ်ပေါက်လာ။

### ဖေဖော်ဝါရီလ တတိယအပတ်မှ မတ်လအထိ

#### လူထုလှုပ်ရှားမှု

- ဖေဖော်ဝါရီ တတိယပတ်မှစ၍ ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား ကျည်အစစ်သုံး ပစ်ခတ်သတ်ဖြတ်မှု စတင်။
- လူထုမှခုခံ စစ်ကြောင်း များ၊ ဒိုင်းကာများ အသုံးပြုဆန္ဒပြ။ စစ်တပ်မှ အင်အားသုံး အကြမ်းဖက်ဖြိုခွင်း။
- CDM ဝန်ထမ်းများ၊ လူမှုရေး၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးသတ်ဖြတ်။ နိုင်ငံတစ်ဝန်းကျဆုံးသူရာနှင့်ချီခဲ့။ (လှိုင်သာယာဖြစ်စဉ်၊ မတ်လ (၂၇) ရက်နေ့ ဖြစ်စဉ်များမှာ ထင်ရှား)

#### ကြေညာချက်များ

- မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့် ရှိကြောင်း CRPH မှ ၂၀၂၁၊ မတ်လ (၁၄) ရက်တွင် ထုတ်ပြန် (ကြေညာချက်အမှတ် (၁၃/ ၂၀၂၁)
- ၂၀၂၁၊ မတ် ၃၁ တွင် CRPH မှ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေဖျက်သိမ်း ကြောင်း ကြေညာပြီး၊ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် ထုတ်ပြန်ကြေညာ။

## ဧပြီလ

### လူထုလှုပ်ရှားမှု

- လက်နက်ကိုင်တော်လှန်ရေးအပေါ် လူထုစိတ်ဝင်စားမှု မြင့်တက်။
- နိုင်ငံအဝန်းမှ လူငယ်၊ လူလတ်များ NUG (သို့) နီးစပ်ရာကွန်ရက်များမှတစ်ဆင့် EAOs များ နှင့်ချိတ်ဆက်၊ ကာလတို ကာလ ရှည် စစ်သင်တန်း တက်၊ ဖောက်ခွဲနည်းပညာများ လေ့လာခဲ့ကြ။ ကရင်နီ၊ချင်းနှင့် စစ်ကိုင်းတိုင်းဒေသအချို့တွင် တူမီးဖြင့် ခုခံမှုစတင်။
- စစ်တပ်၏ ဖြိုခွင်းသတ်ဖြတ်မှုကြောင့် ချီတက်သပိတ်များ နည်းပါးလာ။
- နိုင်ငံနှင့်အဝှမ်း ပြောက်ကျားသပိတ်၊ အွန်လိုင်းသပိတ်နှင့် တော်လှန်ရေးနှိုးဆော်သံများ အားကောင်းခဲ့။
- NUG ကို ထောက်ခံ ကြောင်း ပြည်တွင်းပြည်ပ လူထုလူတန်းစားအသီးသီးက ထုတ်ဖော်ဆန္ဒပြ။

### ကြေညာချက်များ

- ၂၀၂၁-ခုနှစ် ဧပြီလ ၁၆ ရက်နေ့တွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အရ အမျိုးသားညီညွတ်ရေးအစိုးရ - NUG ကို ဖွဲ့စည်းကြောင်းကြေညာ။

## မေလ

### လူထုလှုပ်ရှားမှု

- ချင်းပြည်နယ်မင်းတပ်၊ ကရင်နီပြည်၊ စစ်ကိုင်းတိုင်းတွင် ခုခံစစ်စတင် အားကောင်း။
- စစ်သင်တန်းဆင်းနှင့် ခုခံစစ် အတွေ့အကြုံရှိသူ လူငယ်များ ဦးဆောင် ၍ ရန်ကုန်၊မန္တလေး၊ မကွေးတိုင်းဒေသအချို့တွင် ပြောက်ကျား တိုက်ခိုက်မှုများ စတင်။
- CDM ဝန်ထမ်းများ၊ ပံ့ပိုးသူများကို ငွေလွှဲမှုများမှတစ်ဆင့် ခြေရာခံဖမ်းဆီး၊ ဘဏ်အကောင့် ပိတ်ဆို့ခြင်း များပြုလုပ်။
- ပြောက်ကျားသပိတ်များအားကောင်းဆဲ။
- ဖက်ဒရယ်ရေးရာသဘောတရားများ မီဒီယာ၊ စာစောင်များမှ တစ်ဆင့် လူထုကြားပျံ့နှံ့၊ စိတ်ဝင်စားမှုမြင့်တက်။

### ကြေညာချက်များ

- မေလ (၅) ရက်နေ့တွင် NUG မှ ဖက်ဒရယ်အာမီဖွဲ့စည်းမည်ဖြစ် ကြောင်းနှင့် PDF စတင်ဖွဲ့စည်း ကြောင်း ထုတ်ပြန်။
- မေလမှစ၍ တိုင်းဒေသကြီး အများစုမှ PDF များ စတင် ဖွဲ့စည်းကြောင်း ကြေညာချက်အသီးသီးထုတ်ပြန်။

## ဇွန်လ – ဇူလိုင်လ

### လူထုလှုပ်ရှားမှု

- ချင်း၊ကရင်နီပြည်နယ် စစ်ကိုင်းတိုင်းတွင် တော်လှန်စစ်အားကောင်း။
- စစ်ကောင်စီမှ ရန်ကုန်၊ မန္တလေး ပြောက်ကျားများကို အင်အားသုံးဖြိုခွင်းခြင်းများပြုလုပ်။
- ဖြတ်လေးဖြတ်စနစ်ကို စစ်တပ်က ကျင့်သုံးလာ။
- ရွာလုံးကျွတ်မီးရှို့ခံရခြင်း၊ လက်နက်ကြီးဒဏ်ကြောင့် စစ်ပြေးရှောင်ရခြင်းများ အများအပြားရှိလာ။
- NUG ၏ တိုက်ပွဲခေါ် သံ လူထုနားစွင့်။ တိုက်ပွဲများဖြစ်ပွားလျှင်ဆောင်ရန်၊ရှောင်ရန် သတိပြု၊နှစ်ပတ်စာရိက္ခာ စုဆောင်းခြင်းများပြုလုပ်။ စစ်ရေးသတင်းများကြောင့် လူထုတွင် နိုးကြွမှု၊ ထိတ်လန့်မှု ရောနှောနေခဲ့
- ကိုဗစ်တတိယလှိုင်းရိုက်ခတ်။ အောက်ဆီဂျင်ပြတ်လပ်။ လူထောင်သောင်းချီ သေဆုံးခဲ့။
- စစ်ကောင်စီမှ ကိုဗစ်အသုံးချ ဖိနှိပ် ကန့်သတ်၊ လူထုအင်အား ချိနဲ့ အောင်ပြုလုပ်။
- ထောင်တွင်းဆန္ဒပြမှုများဖြစ်ပေါ်ခဲ့။
- အကြမ်းဖက် နှိပ်စက်ခံရသည့်တိုင် မြို့ပြပြောက်ကျားတိုက်ခိုက်မှုနှင့် ပြောက်ကျားသပိတ်များရှိနေဆဲဖြစ်။

### ကြေညာချက်များ

- ဇွန်လ ၄ ရက်တွင် NUG၊ ဒုတိယ ကာကွယ်ရေးဝန်ကြီးမှ "စစ်ကောင်စီကိုနိမ်နင်းရန် တိုက်ပွဲခေါ်သံပေးမည်ဟုပြော"
- ဇွန် ၂၈ ရက်တွင် NUG ကာကွယ်ရေး ဝန်ကြီးဌာန ဖေ့စ်ဘွတ်စာမျက်နှာဖွင့်၍ စစ်ရေးနှင့်တိုက်ပွဲသတင်းများ၊ စစ်ဘေးရှောင်နှင့် ပတ်သက်သည်များကို အသိပေးခဲ့။
- ဇွန် ၂၉ တွင် NUG မှ ဝန်ကြီးတစ်ဦးက ဒီဒေးနှင့်ပတ်သက်၍ ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားဖော်ပြ။
- ဇူလိုင် ၂၃ တွင် NUG ကာကွယ်ရေး ဝန်ကြီးဌာနမှ စစ်ရေးပစ်မှတ်၊ စစ်သည်တော်ကျင့်ဝတ်များ (Code of conducts) ထုတ်ပြန်။
- တစ်နိုင်ငံလုံးကို တိုင်းစစ်ဌာနချုပ် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ အလယ်ပိုင်း၊ မြောက်ပိုင်း နှင့် တောင်ပိုင်းဟု (၅) ပိုင်းခွဲပြီး စစ်ဆင်ရေးများ ပြုလုပ်သွား မည်ဖြစ်ကြောင်း ကာကွယ်ရေး ဒုတိယ ဝန်ကြီး ဒေါ်ခင်မမမျိုးမှ DVB အင်တာဗျူးတွင် ဖြေကြား။

## ဩဂုတ်လ

### လူထုလှုပ်ရှားမှု

- ကရင်နီ၊ချင်းနှင့်စစ်ကိုင်းတိုင်း၊မကွေးတိုင်းဒေသအချို့ တိုက်ပွဲများ ဆက်တိုက်ဖြစ်။
- စစ်လက်နက်ရရှိရေးနှင့် စစ်ဘေးရှောင်များ ကူညီရေး လူထုအာရုံစိုက်။
- Digital Strike များ ပေါ်ပေါက်လာ။

### ကြေညာချက်များ

- NUG ကာကွယ်ရေးဝန်ကြီးဌာနမှ တိုက်ပွဲသတင်းများ၊ စစ်ဘေးရှောင်နှင့်ပတ်သက်သည့် အချက်အလက်များ ထုတ်ပြန်။

# စက်တင်ဘာလ

## လူထုလှုပ်ရှားမှု

- မြို့ပြများတွင် ပေါက်ကွဲမှုများနေရာအနှံ့ဖြစ်။
- စစ်ကိုင်းတိုင်းတစ်ခုလုံးနီးပါး ခုခံတော်လှန်စစ်အား ကောင်းလာ။
- မကွေးတိုင်း မြေလတ်ဒေသအထိ ပြောက်ကျား တိုက်ပွဲများ စိပ်လာ။
- စစ်ကောင်စီမှ အသွားအလာကန့်သတ် ပိတ်ဆို့ ဖမ်းဆီးမှုများ၊ တော်လှန်ရေးအင်အားစုများအား နှိမ်နင်းမှု များ ဆက်တိုက်ပြုလုပ်။
- လူထုက စားနပ်ရိက္ခာနှင့် ဆေးဝါးများ စုဆောင်းကြ။

## ကြေညာချက်များ

- စက်တင်ဘာ ၇ ရက်တွင် NUG မှ သမ္မတ ဒူဝါလရှီးလမှ နိုင်ငံတော်အား အရေးပေါ် အခြေအနေအဖြစ်သတ်မှတ်ကြောင်းကြေညာခဲ့သည်။

  စစ်အာဏာရှင်အား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ဆန့်ကျင်တော်လှန်သွားကြရန် ကြေညာချက် (၁၁) ချက်ကို ထုတ်ပြန်ခဲ့သည်။ ခုခံတော်လှန်စစ်ကာလကို ထိုနေ့မှစ၍ "ပြည်သူ့အုပ်ချုပ်ရေး အာဏာ ပြန်လည် ထူထောင်နိုင်သည့် အချိန်အထိ" ဟု သတ်မှတ်ခဲ့သည်။

# ၄။ ခြုံငုံသုံးသပ်ချက်များ

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုသည် ယခုအခါ တစ်နှစ်ကျော်ကြာလာခဲ့ပြီဖြစ်ပြီး အာဏာရှင်ဆန့်ကျင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံအရေးတို့အတွက် ပြည်သူတစ်ရပ်လုံးဆက်လက် တိုက်ပွဲဝင်နေဆဲဖြစ်သည်။ အသက်သွေးချွေးများစွာဖြင့် ချီတက်နေသည့် တော်လှန်ရေးတစ်ရပ်လုံးတွင် အလွှာအသီးသီးမှ အားစိုက်ထုတ်နေမှုများ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ စုစည်းလက်တွဲမှုပုံစံများ၊ အလုပ်သမား၊ လယ်သမားများအပါအဝင် ပြည်သူတစ်ရပ်လုံး၏ နေ့စဉ်ဘဝခုခံတော်လှန်မှုများ၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် ဂျန်ဒါအရေးကဲ့သို့သော ကဏ္ဍအစုံတွင် ဖြစ်ပေါ်နေသည့် တော်လှန်မှုပုံစံများအပါအဝင် သမိုင်းတလျှောက် အံ့အားသင့်ဖွယ်အခင်းအကျင်းတစ်ခုဆီသို့ ဦးတည်လျက်ရှိသည်။ အဆိုပါအခြေအနေသည် စစ်မှန်၍ တာရှည်ခံသော ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် အထူးအခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ ၎င်းအခွင့်အလမ်းကို ကောင်းမွန်စွာဆုပ်ကိုင်နိုင်ခြင်းမရှိပါက တစ်နည်းအားဖြင့် လက်ရှိလူထုတော်လှန်ရေး အရှိန်အဟုန်အား ကောင်းမွန်စွာ ထိန်းကြောင်းဦးဆောင်နိုင်ခြင်းမရှိပါက နောက်တစ်ကြိမ်ပြန်လည်ရရှိရန် မသေချာပေ။

ကိုလိုနီလွတ်လပ်ရေးအလွန် မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်နှင့် လက်နက်ကိုင်တော်လှန်ရေးကာလသည် ရာစုနှစ်ထံသို့ပင် ချဉ်းကပ်လာနေပြီဖြစ်သည်။ ခေတ်အဆက်ဆက် အလုပ်မဖြစ်ခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ၂၀၂၁-ခုနှစ် အာဏာသိမ်းမှုက လက်နက်ကိုင် တော်လှန်ရေးကို ဆက်လက်၍အားသစ်လောင်းလျက်လည်းရှိနေသည်။ မလွဲမရှောင်သာ လက်နက်ကိုင်လမ်းစဉ်လိုက်ခဲ့ရသူများ၊ အသက်အိုးအိမ် ဖျက်ဆီးခံရသည့် ပြည်သူများ၊ အယောင်ပြဒီမိုကရေစီကာလ၌ပင် တန်းတူညီရေးကို မရရှိခဲ့ကြသည့် တိုင်းရင်းသားပြည်သူများ စစ်ပွဲများအတွင်းမှ လွတ်မြောက်နိုင်ရေးနှင့် တရားမျှတမှု ရရှိနိုင်ရေးသည် လက်နက်ကိုင်ပဋိပက္ခသံသရာမှ လွတ်မြောက်ကြောင်းတရားပင်ဖြစ်သည်။ ထိုသို့လွတ်မြောက်နိုင်ရန်နှင့် တရားမျှတမှုကို ဆောင်ကျဉ်းပေးနိုင်ရန်မှာ တော်လှန်ရေးသက်ဆိုးရှည်၍မရပေ။ တော်လှန်ရေးသက်ဆိုး မရှည်စေရန်အတွက် ဦးဆောင်မှုကောင်းလိုအပ်သည်။

ဦးဆောင်မှုဟုဆိုရာတွင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ တစ်ပါတီ၊ တစ်ဗိုလ်၊ တစ်မင်း၏ ဦးဆောင်မှုကို ဆိုလိုခြင်းမဟုတ်သကဲ့သို့ သူတစ်လူ ငါတစ်မင်းဦးဆောင်မှုကို ဆိုလိုခြင်းလည်းမဟုတ်ပေ။ လူမျိုးပေါင်းစုံအပါအဝင် ဖြစ်တည်မှုများကွဲပြားကြသည့် နိုင်ငံ၏အခင်းအကျင်းတွင် ဟန်ချက်ညီမှုရှိသည့် စုပေါင်းဦးဆောင်မှုကို ဆိုလိုခြင်းဖြစ်သည်။ လူထု၏ အာဏာရှင်တော်လှန်ရေးသည် တစ်ဦး တစ်ယောက်၏ တွန်းအားကြောင့်မဟုတ်ဘဲ ဖြစ်တည်လာခဲ့သည်။ လက်နက်ကိုင်တော်လှန်ရေးသည်လည်း ထိုနည်းလည်းကောင်းပင်။ အဆိုပါ တော်လှန်ရေးအင်အားစုများအား ချိတ်ဆက်ညှိနှိုင်း၍ ထိရောက်သည့် အရှိန်အဟုန်ရောက်ရှိရန် မောင်းနှင်နိုင်ရန်အတွက် ဦးဆောင်မှုလိုအပ်သည်။ ထိုသို့ဆိုခြင်းကြောင့် ၎င်းဦးဆောင်မှုသည် လက်ရှိတော်လှန်ရေးအင်အားစုများ၏ အခေါင်အချုပ်ဖြစ်သည်ဟု ဆိုခြင်းမဟုတ်။ အခေါင်အချုပ်ဖြစ်၍လည်း မရပေ။ လက်ရှိတွင် NUG အစိုးရ ဖွဲ့စည်းပေါ်ပေါက်လာမှုသည် အဆိုပါ တာဝန်ကို ထမ်းဆောင်ရမည့်သူ ဖြစ်လာသည်။ ရှောင်လွှဲ၍မရသကဲ့သို့ ယခင် လုပ်ရိုးလုပ်စဉ်များအတိုင်းလည်း ကျင့်သုံးဆောင်ရွက်၍မရပါ။ အထူးသဖြင့် တစ်ပါတီလွှမ်းမိုးမှု (သို့) တစ်ဦးတစ်ယောက်အပေါ် အလွန်အမင်းအားကိုးသည့် အလေ့အထများ ဆက်လက်ကျင့်သုံး၍ မရတော့ပေ။ အခြားတစ်ဖက်တွင်လည်း စုံလင်ကွဲပြားသည့် တော်လှန်ရေးအင်အားစုများ အကြား တိကျပြတ်သားသည့် အရေးယူဆောင်ရွက်မှုများအား တောင်းဆိုလျက်ရှိနေသည်။

၂၀၂၁-ခုနှစ်အတွင်း NUG ၏ စစ်ရေးစစ်ရာဆောင်ရွက်မှုများအား ခြုံငုံသုံးသပ်ကြည့်မည်ဆိုပါက စစ်ရေးစည်းမျဉ်းစည်းကမ်းနှင့် ထိတွေ့တိုက်ပွဲသတင်းထုတ်ပြန်ခြင်းကဲ့သို့သော လုပ်ရိုးလုပ်စဉ်များအပြင် CDM အရေးအားစိုက်ထုတ်ခြင်း၊ ပြည်သူလူထုအား စိတ်ဓါတ်တက်ကြွစေခြင်းနှင့် အရေးပေါ်အခြေအနေ ကြေညာခြင်းတို့ကို တွေ့ရမည်ဖြစ်သည်။ CDM အရေး အားစိုက်ထုတ်ခြင်းအတွက် စစ်ကောင်စီ၏ တပ်ဖွဲ့ဝင်များ ဘက်ပြောင်းလာသူဦးရေ များပြားလာခြင်းကို အသိအမှတ်ပြုနိုင်သော်လည်း ၎င်းသည်စစ်တပ်၏ ယန္တရားတစ်ခုလုံးပြိုကျလာရန်နှင့် တိုက်ပွဲများအလိုအလျောက်ချုပ်ငြိမ်းသွားရန်မှာ လတ်တလောတွင် ဖြစ်နိုင်ခြေနည်းပါသည်။ ပြည်သူလူထုအား စိတ်ဓါတ်တက်ကြွစေခြင်းမှာ ယေဘုယျအားဖြင့်လိုအပ်သော်လည်း အမြဲပြုလုပ်ရန် မလိုအပ်ပေ။ အဘယ့်ကြောင့်ဆိုသော် နွေဦးတော်လှန်ရေးစတင်စဉ်ကတည်းက ယနေ့အချိန်ထိတွင် ပြည်သူလူထု၏ တာဝန်ကျေပွန်မှုသည် အံ့အားသင့်ဖွယ်ပင်ဖြစ်သည်။ ထိုသို့သော အခြေအနေတွင် အမှန်တကယ်ရလဒ်ပြီပြီပြင်ပြင်ထွက်လာခြင်းမရှိသည့် ကြွေးကြော်မှုများ၊ အတုအယောင် မျှော်လင့်ချက်များပေးခြင်းက အနုတ်သဘောသက်ရောက်မှုပင်ဖြစ်စေသည်။ အထူးသဖြင့် ရက်ပိုင်း၊ လပိုင်းအတွင်းပင် တော်လှန်ရေးထူးခြားတော့မည်၊ အောင်မြင်တော့မည်ဆိုသကဲ့သို့ အဓိပ္ပာယ်သက်ရောက်သည့် ရေးသားပြောဆိုမှုများ၊ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ပြီးသည်နှင့် မြို့သိမ်းတိုက်ပွဲများ ဆင်နွှဲမည့်သယောင် ရေးသားပြောဆိုမှုများက ပြည်သူများ၏ NUG အစိုးရအပေါ် ယုံကြည်မှုကို ထိခိုက်စေသည်။

အရေးပေါ်အခြေအနေကြေညာချက်နှင့်ပတ်သက်၍မူ ပြည်သူလူထုအပေါ်သာမက ပြည်သူ့ကာကွယ်ရေး အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်များအတွက်ပင် စိန်ခေါ်မှုများဖြစ်လာစေခဲ့သည်။ ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီလ စစ်တပ်၏အာဏာသိမ်းစဉ်ကတည်းက ပြည်သူ့အတွက် အရေးပေါ်အခြေအနေ ဖြစ်နေခဲ့ပြီးဖြစ်ရာ NUG အစိုးရ၏ ကြေညာချက်သည် မည်သို့သော အဓိပ္ပာယ်သက်ရောက်ပါသနည်း? 'စစ်ကောင်စီအား လှည်းနေလှေအောင်း မြင်းဇောင်းမကျန် တော်လှန်ကြ'ဟုဆိုရာတွင် စစ်မိန့်ပေးရေးအချိတ်အဆက်မရှိနေသေးသည့် EAO များအတွက် မည်သို့အဓိပ္ပာယ်သက်ရောက်ပါသနည်း၊ လက်နက်ခဲယမ်း အပြည့်အစုံမရှိနေသေးသည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့များအတွက် မည်သည့်အဓိပ္ပာယ်သက်ရောက်ပါသနည်း? နဂိုရှိနှင့်နေသည့် တော်လှန်ရေးကိုသာ မိမိတို့နယ်မြေအလိုက် ဆက်လက်တိုက်ပွဲဝင်ရန်ဟုဆိုပါက အဘယ့်ကြောင့် ဒီ-ဒေးခေါ်မည်ဟု ပြောရပါသနည်း (သို့မဟုတ်) အရေးပေါ်အခြေအနေဟူ၍ ကြေညာရပါသနည်း? သို့တည်းမဟုတ် အစိုးရတစ်ရပ်အနေနှင့် သမ္မာစဉ်အတိုင်း ထုတ်ပြန်စရာရှိသောကြောင့်သာ ထုတ်ပြန်ရခြင်းဖြစ်ပါသလော? ၎င်းမေးခွန်းများအတွက် NUG အစိုးရ၏ အဖြေများသည် ရှေ့ဆက်ရမည့်တော်လှန်ရေးအတွက် များစွာအရေးကြီးပါသည်။

တော်လှန်ရေးအင်အားစုများအားလုံးနှင့် ချိတ်ဆက်မိပြီး မဟာဗျူဟာအရ အဆင်သင့်ဖြစ်သည့် အချိန်ရောက်မှ အလားတူကြေညာချက်မျိုးထုတ်ပြန်သင့်သည်ဟု အကြံပြုချက်များ ရှိနေသကဲ့သို့ ပြန့်ကျဲလျက် ရှိနေသည့် အင်အားစုများအား မဖြစ်မနေစုစည်းမိရန်တွန်းအားများဖြစ်လာစေသည်ဟု သုံးသပ်ချက်များကိုလည်း တွေ့ရှိရသည်။ ဤသုတေသနတွင်ပါဝင်ဖြေဆိုခဲ့သည့် လက်နက်ကိုင်အဖွဲ့များတွင်ပင် NUG ၏ ဦးဆောင်မှုအောက်ရှိ မြေပြန့်နှင့် မြေလတ်ပိုင်းဒေသမှ အဖွဲ့များက အပြုသဘောဆန်သောမှတ်ချက်အများစုကိုပေးခဲ့ပြီး၊ သီးခြား ရပ်တည်လှုပ်ရှားကြသည့် အဖွဲ့များက NUG ၏ မြေပြင်အာဏာ သက်ရောက်နိုင်စွမ်း၊ တော်လှန်ရေး အင်အားစုများအပေါ် သက်ရောက်မှုများနှင့် မူဝါဒပိုင်းဆိုင်ရာ ချင့်ချိန်သုံးသပ်မှုများ ထည့်သွင်းပြောဆိုခဲ့ကြသည်။ ဆိုလိုသည်မှာ တော်လှန်ရေးအင်အားစုများအနေနှင့် NUG အပေါ် မျှော်လင့်ချက်များ ကုန်ဆုံးသွားခြင်းမဟုတ်ပေ။ သို့သော်လည်း အထက်တွင်ဆိုခဲ့သည့်အတိုင်း အခွင့်အလမ်းသည် နောက်တစ်ကြိမ်ပြန်ရရန် မလွယ်ကူပါ။ အထူးသဖြင့် ယုံကြည်မှုသည် တည်ဆောက်ရန်ခက်ခဲပြီး ပျက်စီးပြီးနောက်ပြန်လည်မရရှိပါ။

နွေဦးတော်လှန်ရေးသည် NUG အား တော်လှန်ရေးအစိုးရအဖြစ် သတ်မှတ်ထားပြီး တော်လှန်ရေးဦးဆောင်မှုရရှိရန်လည်း မျှော်လင့်ထားသည်။ အဆိုပါအခြေအနေတွင် ပုံမှန်အစိုးရတစ်ရပ်၏ လုပ်ငန်းများ၊ ယန္တရားများထက် လက်တွေ့တိုက်ပွဲလိုအပ်ချက်များနှင့် စိန်ခေါ်မှုများအတွက် ကြိုတင်စီစဉ်၊ ချက်ချင်းတုံ့ပြန်နိုင်ရန် လိုအပ်ပါသည်။ ထိုသို့ ထိရောက်သောတုံ့ပြန်မှုများဖြစ်လာရန်မှာ တော်လှန်ရေးအင်အားစု များအတွင်း မှန်ကန်ခိုင်မာသော ချိတ်ဆက်ထားမှု၊ မိမိတို့၏ လုပ်ငန်းတာဝန်အလိုက် စွမ်းဆောင်နိုင်မှုနှင့် ဟန်ချက်ညီသည့် လုပ်ပိုင်ခွင့်အာဏာခွဲဝေမှုများ လိုအပ်ပါသည်။ တစ်ပါတည်းဝေဖန်ရမည်ဆိုပါက ဤသုတေသနအတွက် အချက်အလက်များရှာဖွေရာ၌ 'ဒီ-ဒေး' အသုံးအနှုန်းအပါအဝင် စစ်ရေးဆိုင်ရာ ရေးသားပြောဆိုမှုများ၊ တော်လှန်ရေးဖြစ်စဉ်နှင့်ဆိုင်သည့် ထင်မြင်ချက်များကို NUG ကျန်းမာရေးနှင့် ပညာရေးဝန်ကြီးထံမှ အများဆုံးတွေ့ရှိခဲ့ရပြီး၊ NUG ကာကွယ်ရေးဝန်ကြီး၏ ရေးသားပြောဆိုမှုများတွင် ဌာန၏ထုတ်ပြန်ချက်များကိုသာ တွေ့ရှိခဲ့ရသည်။ တော်လှန်ရေးကာလဖြစ်သည့်အားလျော်စွာ လုပ်နိုင်စွမ်းပေါ် မူတည်၍ ဦးဆောင်သူများ ပြောင်းလဲသွားနိုင်သကဲ့သို့ ထိုသို့ပြောင်းလဲနိုင်သည့် အခြေအနေနှင့် အခင်းအကျင်းသည် NUG ၏ စုဖွဲ့မှုအတွင်း ရှိမရှိဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်အချက်တစ်ခုဖြစ်သည်။

စစ်တပ်၏အာဏာသိမ်းမှုသည် လူထုအပေါ် သက်ရောက်မှုကြီးသောဖြစ်စဉ်ကြီးတစ်ခုဖြစ်ရာ တော်လှန်ရေးနှင့် နိုင်ငံရေးအရွေ့သည် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အဆင့်ဆင့်ပြောင်းလဲ ဖြစ်ပေါ်လျက် ရှိသည်။ ထို့ကြောင့် နိုင်ငံရေးအရဦးဆောင်မှုပေးသူများ၊ တော်လှန်ရေးအစုအဖွဲ့များ၏ သဘောထားများအပေါ် လူထု၏ အလေးထားအာရုံစိုက်မှု၊ နိုင်ငံရေးရေချိန်နှင့် စစ်အာဏာရှင်ဆန့်ကျင်ရေး အရွေ့တို့သည် တိုက်ရိုက်အချိုးကျ လျက်ရှိသည်။ ထို့အတူ တော်လှန်ရေးကာလရှည်ကြာလာမှုနှင့် အာဏာသိမ်းစစ်တပ်၏ ဖိနှိပ်မှုသည် လူထုခံနိုင်ရည်နှင့် တော်လှန်ရေးအင်အားစုများ၏ လိုက်လျောညီထွေ တုံ့ပြန်နိုင်စွမ်းအပေါ် စိန်ခေါ်လျက်ရှိနေသည်။ သို့ဖြစ်ရာ အချိန်ကာလတစ်ခုအတွင်း တော်လှန်ရေးထိရောက်အောင်မြင်ရန်အတွက် ဟန်ချက်ညီသည့် စုပေါင်းဦးဆောင်မှုနှင့် တော်လှန်ရေးအင်အားစုများအကြား အပြန်အလှန် လေးစားမှုများ လိုအပ်ပါသည်။ အထူးသဖြင့် တန်းတူညီမှုရှိပြီး ငြိမ်းချမ်းသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သည့် ယုံကြည်မှု၊ စံပြု ဦးဆောင်မှုနှင့် ရင့်ကျက်မှုများကို လက်ရှိအခင်းအကျင်းများမှတဆင့် စတင်ပျိုးထောင်သွားနိုင်မည်ဖြစ်ပါသည်။

# တော်လှန်ရေးအောင်မြင်ရန် အထောက်အကူပြုစေမည့် အကြံပြုချက်များ

ပြည်သူများအနေဖြင့် လက်ရှိနိုင်ငံရေးအခြေအနေတွင် စစ်ကောင်စီကို အားလုံးစုပေါင်းတော်လှန်ရမည့်အချိန် ဖြစ်သည်ဟုသုံးသပ်သည်။ စစ်ကောင်စီကိုတော်လှန်နေသည့် လက်နက်ကိုင်အင်အားစုများ အနေဖြင့်လည်း စည်းစည်းလုံးလုံးနှင့် အတူတကွပူပေါင်းဆောင်ရွက်ရန်အရေးကြီးသည်။ နိုင်ငံရေးအရ ဦးဆောင်မှုပေးနေသည့် ခေါင်းဆောင်များ၊ အဖွဲ့အစည်းများအနေဖြင့် မြေပြင်အခြေအနေများကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက်များကို အမြန်အကောင်ထည်ဖော်ရန်လိုအပ်သည်။

၁။ စုပေါင်းခေါင်းဆောင်မှုကို အခြေခံပြီး လူမျိုးစုများလိုလားသည့် နိုင်ငံရေးကို စည်းလုံးညီညွတ်စွာ အကောင်အထည်ဖော်ရန်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လက်ရှိနိုင်ငံရေးဦးဆောင်သည့် အဖွဲ့အစည်းများ၊ ပြည်သူ့ ကာကွယ်ရေးအဖွဲ့များနှင့် ပြည်သူလူထုအနေဖြင့် အပြန်အလှန်လေးစားမှုကို အခြေခံပြီး ယုံကြည်မှု တည်ဆောက်ကာ စည်းလုံးညီညွတ်စွာ အကြမ်းဖက်စစ်အာဏာရှင်ကို ဖြုတ်ချရန်။

၃။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နှင့် လက်ရှိနိုင်ငံရေးဦးဆောင်သည့် အဖွဲ့အစည်းများမှ ပြည်သူ့ ကာကွယ်ရေးအဖွဲ့များအတွက် ရှင်းလင်းသည့် မူဝါဒများ ချမှတ်အကောင်အထည်ဖော်ရန်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ – ၁။ တွေ့ဆုံမေးမြန်းမှုတွင် အသုံးပြုသည့် နမူနာမေးခွန်းပုံစံ

### လက်နက်ကိုင်အဖွဲ့များအတွက် မေးခွန်း

၁။ လူထုလက်နက်ကိုင်တော်လှန်ရေးအင်အားစုကို ဘယ်လိုမျှော်မှန်းချက်နဲ့ ဘယ်အချိန်က စတင်ဖွဲ့စည်းခဲ့တာလဲ? ဘယ်လိုရည်ရွယ်ချက်တွေ ချမှတ်ထားပါသလဲ? NUG နဲ့ ချိတ်ဆက်မှုရှိပါသလား? အခြားလက်နက်ကိုင်အဖွဲ့တွေနဲ့ ချိတ်ဆက်ထားပါသလား?

၂။ NUG ရဲ့ စစ်ရေးကြေညာချက်၊ အင်တာဗျူးအဖြေတွေအပေါ် ဘယ်လိုထင်မြင်ပါသလဲ?

၃။ လက်နက်ကိုင်ခုခံတော်လှန်ရေးအခြေအနေတွေ ပိုပြီးအားကောင်းလာပါသလား? အားကောင်းမှုက စစ်ရေးကြေညာချက်တွေနဲ့ ဆက်စပ်မှုရှိတယ်လို့ ထင်မြင်ပါသလား? ဘာကြောင့်လဲ?

၄။ တော်လှန်ရေးအင်အားစုတွေမှာ ပါဝင်နေကြသူတွေအပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိပါသလဲ? ဘယ်လိုစိန်ခေါ်မှုတွေကိုရော ကြုံတွေ့ရစေသလဲ? ပြောင်းလဲပြင်ဆင်ရတာတွေ ရှိပါသလား? ဘယ်လိုပြောင်းလဲပြင်ဆင်မှုတွေ ပြုလုပ်ရပါသလဲ?

၅။ လက်နက်ကိုင်တော်လှန်ရေး အောင်မြင်ဖို့ လုပ်ဆောင်သင့်သည့်အချက်များ၊ သုံးသပ်ချက်များကို ဖြေဆိုပေးပါ။

၆။ အခြား မှတ်ချက်ပြုလိုသည်များရှိပါက ပေးပါရန်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် မေးခွန်း

၁။ NUG၊ လူထုလက်နက်ကိုင်တော်လှန်ရေးအဖွဲ့/အင်အားစုတွေနဲ့ ဆက်ဆံရေးတည်ဆောက်ထားပါသလား? ဘယ်လို ဘယ်လိုတည်ဆောက်ထားပါသလဲ?

၂။ NUG ရဲ့ စစ်ရေးကြေညာချက်၊ အင်တာဗျူးအဖြေတွေအပေါ် ဘယ်လိုထင်မြင်ပါသလဲ? EAO တွေအပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိပါသလဲ? လက်နက်ကိုင်တော်လှန်ရေး အခင်းအကျင်း အပေါ် ဘယ်လို အကျိုးသက်ရောက်မှုရှိပါသလဲ? လက်နက်ကိုင်တော်လှန်ရေးအင်အားစု အချင်းချင်း ဆက်ဆံရေးအပေါ် ဘယ်လို သက်ရောက်မှုရှိပါသလဲ?

၃။ လက်နက်ကိုင်တော်လှန်ရေး အောင်မြင်ဖို့ လုပ်ဆောင်သင့်သည့်အချက်များ၊ သုံးသပ်ချက်များကို ဖြေဆိုပေးပါ။

၄။ အခြား မှတ်ချက်ပြုလိုသည်များရှိပါက ပေးပါရန်။

## လူထုအတွက် မေးခွန်း

၁။ NUG ရဲ့ စစ်ရေးကြေညာချက်၊ အင်တာဗျူးအဖြေတွေအပေါ် ဘယ်လိုထင်မြင်ပါသလဲ?

၂။ NUG ရဲ့ စစ်ရေးကြေညာချက်၊ အင်တာဗျူးအဖြေတွေအပေါ် လူထုက ဘယ်လိုတုံ့ပြန်ပါသလဲ?

၃။ ကိုယ့်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်အပါအဝင် ပြည်သူလူထုအကြား ဘယ်လိုသက်ရောက်မှုရှိပါသလဲ?

၄။ အခြား မှတ်ချက်ပြုလိုသည်များရှိပါက ပေးပါရန်။

# နောက်ဆက်တွဲ – ၂။ CRPH နှင့် NUG ၏ ထုတ်ပြန်ကြေညာချက်များ

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ နိဝင်ဘာလအထိ ကာလအလိုက် စီထားပါသည်။)

ဖေဖော်ဝါရီလ ၁ အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းမှု

ဖေဖော်ဝါရီလ ၂ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ စတင်ခြင်း

## CRPH ၏ ထုတ်ပြန်ကြေညာချက်များ

ဖေဖော်ဝါရီလ ၈ CRPH စတင်ဖွဲ့စည်းခြင်း (Statement 01/2021), https://www.crphmyanmar.org/declarationeng-1-2021-8-feb-2021/

ဖေဖော်ဝါရီလ ၁၁ အာဏာဖီဆန်ရေးလှုပ်ရှားမှု အရှိန်မြှင့်တင်ခြင်း (CRPH), https://www.crphmyanmar.org/announcement-no-3-2021-on-february-11-2021/

ဖေဖော်ဝါရီလ ၂၂ ကြားကာလပြည်သူ့အုပ်ချုပ်ရေးအစီအစဉ် ထုတ်ပြန်ခြင်း (CRPH), https://www.crphmyanmar.org/ကြားကာလပြည်သူ့အုပ်ချုပ်/

မတ်လ ၁ စစ်တပ်အား အကြမ်းဖက်အုပ်စုအဖြစ်ကြေညာခြင်း (CRPH), https://www.crphmyanmar.org/declaration-of-terrorist-group/

မတ်လ ၁၄ အကြမ်းဖက်မှုကျူးလွန်ခံရလျှင် ဥပဒေနှင့်အညီ မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်ရှိကြောင်း ထုတ်ပြန်ချက် (CRPH),
https://www.crphmyanmar.org/1175-2/

မတ်လ ၁၇ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အားလုံးကို အကြမ်းဖက်အဖွဲ့အဖြစ်မှ ဖြစ်စေ၊ မတရားအသင်းမှဖြစ်စေ ပယ်ဖျက်ကြောင်းကြေညာခြင်း။ (CRPH), https://www.crphmyanmar.org/declaration1421/

မတ်လ ၃၁ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် ထုတ်ပြန်ကြေညာခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို အပြီးသတ် ဖျက်သိမ်းကြောင်း ကြေညာခြင်း။
(CRPH) Statement 19/2021, Statement 20/2021, https://www.crphmyanmar.org/crph010421/, https://www.crphmyanmar.org/crph3103212/

ဧပြီလ အမျိုးသားညီညွတ်ရေးအစိုးရဖွဲ့စည်းခြင်း (ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင်), Statement 23/2021, https://www.crphmyanmar.org/nug160421/

## NUG ၏ထုတ်ပြန်ကြေညာချက်များ

မေလ ၅ ပြည်သူ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းကြောင်း ကြေညာခြင်း (NUG),
https://www.facebook.com/permalink.php?story_fbid=114540924099881&id=105408625013111

မေလ ၇ ကာကွယ်ရေးဆိုင်ရာ အခြေခံမူများထုတ်ပြန်ခြင်း (NUG)

မေလ ၉ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာဓိဋ္ဌာန် (၄)ချက် (NUG),
https://www.facebook.com/watch/?v=980155822896936

မေလ ၁၇ ပြည်သူ့ကာကွယ်ရေးအဖွဲ့များနှင့် ပတ်သက်သော ကြေညာချက်နှင့် ညွှန်ကြားချက် (NUG),
https://www.facebook.com/permalink.php?story_fbid=118655140355126&id=105408625013111

မေလ ၂၀ ပြည်သူ့ကာကွယ်ရေးတပ်မတော် (စစ်တိုင်းအလိုက်)ဖွဲ့စည်းပုံနှင့် အရေးပေါ်အခြေအနေ ကြေညာခြင်းလုပ်ငန်းတာဝန်အား ထုတ်ပြန်ခြင်း (NUG),
https://www.facebook.com/watch/?v=1136028560196276

မေလ ၂၃ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ အလံတော်၊ သစ္စာဓိဋ္ဌာန် (၄) ချက်၊ ရည်ရွယ်ချက်၊ အဓိကတာဝန်၊ လုပ်ငန်းတာဝန်များ၊ စစ်ဘက်ဆိုင်ရာတန်ဖိုးထားမှု၊ စစ်ဘက်ဆိုင်ရာ ယဉ်ကျေးမှု၊ Chain of Command စသည့် အချက်အလက်များထုတ်ပြန်။ (NUG),
https://www.facebook.com/permalink.php?story_fbid=120535930167047&id=105408625013111

မေလ ၂၆ ပြည်သူ့ကာကွယ်ရေးတပ်မတော် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များထုတ်ပြန် (NUG),
https://www.facebook.com/permalink.php?story_fbid=121454170075223&id=105408625013111

ဇွန်လ ၁ တပ်မတော်သားများနှင့်သက်ဆိုင်သည့် မူဝါဒသဘောထားကြေညာချက်ကို ထုတ်ပြန် (NUG),
https://www.facebook.com/permalink.php?story_fbid=123219533232020&id=105408625013111

ဇွန်လ ၂၃ ဘေးအန္တရာယ်ကြိုတင်တင်ပြင်ဆင်ခြင်း (အိမ်ထောင်စုအဆင့်) (NUG),
https://www.facebook.com/permalink.php?story_fbid=134224525464854&id=105408625013111

ဇွန်လ ၂၈ ပြည်သူ့ကာကွယ်ရေးစာစဉ် အတွဲ(၁) အမှတ်(၁) (NUG),
https://www.facebook.com/permalink.php?story_fbid=137326521821321&id=105408625013111

စစ်ပွဲနှင့်တိုက်ပွဲ၊ ထိတွေ့မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ(Rule of Engagement) နှင့် လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ (သို့) စစ်ဥပဒေများ၊ မြေအောက်ယူဂျီရဲဘော် ဆောင်ရန် ရှောင်ရန်၊ Gender နှင့်တိုင်းပြည်ကာကွယ်ရေး၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာအဓိဋ္ဌာန်(၄)ချက်

ဩဂုတ်လ ၂၉ ပဋိပက္ခများအတွင်း ပြည်သူများ ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန် (အပိုင်း-၁ မှ ၅-အထိ) ထုတ်ပြန်ခြင်း (NUG),
https://www.facebook.com/mohadmNUG/posts/160623262874089
https://www.facebook.com/mohadmNUG/posts/160626366207112
https://www.facebook.com/mohadmNUG/posts/161999992736416
https://www.facebook.com/mohadmNUG/posts/162721162664299
https://www.facebook.com/mohadmNUG/posts/163716175898131

## အရေးပေါ် အခြေအနေ ကြေညာချက်

စက်တင်ဘာ ၇ ပြည်သူ့ကာကွယ်ရေးတပ်မတော်၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့များ၊ အထူးတပ်ဖွဲ့များနှင့် ပတ်သက်သော ညွှန်ကြားချက် (NUG),
https://www.facebook.com/permalink.php?story_fbid=184958367058136&id=105408625013111
https://mod.nugmyanmar.org/my/directive-to-members-of-tatmadaw-and-police-forces-directive-no-3-2021/
ယာယီသမ္မတကြီး ဒူဝါလရှီးလ၏ အရေးပေါ်ပြောကြားသည့် မိန့်ခွန်း (NUG)
https://www.facebook.com/permalink.php?story_fbid=185146567039316&id=105408625013111
ရက်အကန့်အသတ်မရှိ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ကြောင်း အမိန့်ညွှန်ကြားချက်ထုတ်ပြန်ခြင်း (NUG),
https://www.facebook.com/permalink.php?story_fbid=184931837060789&id=105408625013111
အရေးပေါ်အခြေအနေ ကြေညာခြင်း (NUG),
https://www.facebook.com/permalink.php?story_fbid=184927250394581&id=105408625013111

## အရေးပေါ် အခြေအနေ ကြေညာချက်နောက်ပိုင်း ထုတ်ပြန်ချက်များ

စက်တင်ဘာ ၁၃ သတင်းထုတ်ပြန်ချက် (၁၄/၂၀၂၁)၊
https://www.facebook.com/permalink.php?story_fbid=189060693314570&id=105408625013111

စက်တင်ဘာ ၁၄ တိုက်ပွဲကာလအတွင်း သတိပြုရန် အချက်များနှင့် အရပ်သားပြည်သူများ တော်လှန်ရေး တိုက်ပွဲများတွင် ပူးပေါင်းပါဝင်နိုင်သည့် နည်းလမ်းများထုတ်ပြန်ခြင်း (NUG)
https://www.facebook.com/permalink.php?story_fbid=189736843246955&id=105408625013111

စက်တင်ဘာ ၂၃ ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ (NUG),
https://www.facebook.com/permalink.php?story_fbid=194194432801196&id=105408625013111

စက်တင်ဘာ ၂၆ ကလေးသူငယ်များအပါအဝင် အရပ်သားများအပေါ် ထိခိုက်မှုမရှိစေရေး ဆောင်ရွက်ကြရန် တိုက်တွန်းချက် (NUG),
https://www.facebook.com/permalink.php?story_fbid=197652535788719&id=105408625013111

အောက်တိုဘာ ၄ စစ်ကောင်စီ၏ နိုင်ငံရေးလှည့်ကွက်များအပေါ် ရှုံချကြောင်း ကြေညာချက်၊
https://www.facebook.com/maung.t.thit/posts/10222592466572868

အောက်တိုဘာ ၇ Crime against Humanity Committed by SAC within a Month since the Declaration of People's Defensive War,
https://www.facebook.com/permalink.php?story_fbid=207851314768841&id=105408625013111

အောက်တိုဘာ ၉ အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီမှ အရပ်သားများပေါ် ကျူးလွန်ခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များ၊
https://www.facebook.com/permalink.php?story_fbid=205995461621093&id=105408625013111

အောက်တိုဘာ ၁၄ အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကြေညာချက် ထုတ်ပြန်၊ (NUG – MOFA)၊ Declaration on Relations with Neighboring Countries and Border Security
https://www.facebook.com/maung.t.thit/posts/10222623387945883

အောက်တိုဘာ ၂၉ ခုခံတွန်းလှန်မှုများတွင် လူ့အခွင့်အရေးကို လေးစားလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်ချက် (NUG),
https://www.facebook.com/permalink.php?story_fbid=219350493618923&id=105408625013111

နိုဝင်ဘာ ၆ ပြည်သူ့တော်လှန်ရေး အင်အားစုများအတွက် လမ်းညွှန်ချက် (Code of Conduct) (NUG),
https://www.facebook.com/permalink.php?story_fbid=224075423146430&id=105408625013111

နိုဝင်ဘာ ၁၂ Military Code of Conduct for People’s Defense Force ,
https://www.facebook.com/permalink.php?story_fbid=227866216100684&id=105408625013111

နိုဝင်ဘာ ၁၈ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းများ သုံ့ပန်းနှင့် စစ်ဖက်အကျဉ်းသား ထိန်းသိမ်းရေးဆိုင်ရာ လမ်းညွှန်ချက် (NUG),
https://www.facebook.com/permalink.php?story_fbid=231961835691122&id=105408625013111

| | | |
|---|---|---|
| 1 | People Defense Force – Daze | Sagaing |
| 2 | People Defense Force – Shwebo | Sagaing |
| 3 | People Defense Force – Wetlet | Sagaing |
| 4 | People Defense Force – Yinmarbin | Sagaing |
| 5 | People Defense Force – Kalaywa | Sagaing |
| 6 | People Defense Force – Hteegyaint | Sagaing |
| 7 | People Defense Force – Myaung | Sagaing |
| 8 | People Defense Force – Minkin | Sagaing |
| 9 | People Defense Force – Wuntho | Sagaing |
| 10 | People Defense Force – Kani | Sagaing |
| 11 | People Defense Force – Khinoo | Sagaing |
| 12 | People Defense Force – Katha | Sagaing |
| 13 | People Defense Force – Bamauk | Sagaing |
| 14 | People Defense Force – Kawlin | Sagaing |
| 15 | People Defense Force – Kyunhla | Sagaing |
| 16 | People Defense Force – Kantbalu | Sagaing |
| 17 | Democratic Guerrilla Force – Lower Chindwin (DGF–L.C) | Sagaing |
| 18 | People's Liberation Army – Naga | Sagaing |
| 19 | Pakokku People Defense Force (PPDF) | Magway |
| 20 | People's Defence Force – Magway | Magway |
| 21 | People's Revolutionary Association | Magway |
| 22 | People’s Defense Force – Pwintbyu | Magway |
| 23 | Mone Special Task Force (MSTF) | Magway |
| 24 | Magway Division People's Defense Force – MDPDF | Magway |
| 25 | Yaw Defense Force (YDF) | Magway |
| 26 | Myaing People's Defence Team – Myaing PDF | Magway |
| 27 | People's Defense Force – Yenangyaung (PDF–YNG) | Magway |
| 28 | Pauk Guerrilla Force (S.P.G.F) | Magway |
| 29 | People Defense Forve Yesagyo | Magway |
| 30 | MDA – MGF (MinBu Guerrilla force) | Magway |
| 31 | Magway Guerrilla Force (MGSF) | Magway |
| 32 | Yangon Region Federal Army (YRFA) | Yangon |
| 33 | Yangon Urban Guerrillas (YUG) | Yangon |
| 34 | Anti–Fascist Armed Force (ဖ.ဆ.လတ) | Yangon |
| 35 | Myanmar National Defense Force | Yangon |
| 36 | People's Defense Force Mandalay (MDY–PDF) | Mandalay |
| 37 | Mandalay Special Task Force (MSTF) | Mandalay |
| 38 | Kyaukse Distric Defense Force (KDDF) | Mandalay |

| | | |
|---|---|---|
| 39 | 27 Revolution Forces (MGN) | Mandalay |
| 40 | Mandalay Phoenix Force – M.P.F | Mandalay |
| 41 | Underground Revolution | Mandalay |
| 42 | Mandalay Eagle Organization | Mandalay |
| 42 | Mandalay Eagle Organization | Mandalay |
| 43 | Wundwin People Defense Force (W.P.D.F) | Mandalay |
| 44 | နှလုံးလှလူမိုက်ကြီးများအဖွဲ့ (မြင်းခြံ) | Mandalay |
| 45 | Zero Nine (PDF–MGN) | Mandalay |
| 46 | People Defense Force – Myitkyina | Kachin |
| 47 | People Defence force – Myitkyina | Kachin |
| 48 | People Defense Force – Shweku | Kachin |
| 49 | Dawei People Defense Alliance (DPDA) | Tanintharyi |
| 50 | Thayetchaung People's Defence Force (TYC P.D.F) | Tanintharyi |
| 51 | Dawei Defense Team (D.D.T) | Tanintharyi |
| 52 | People Defense Force – Bago | Bago |
| 53 | People Defense Force – Bago Region | Bago |
| 54 | Chin Land Defense Force | Chin |
| 55 | Karenni People Defense Force (KPDF) | Kayah |
| 56 | Karenni Nationalities Defense Force (KNDF) | Kayah |
| 57 | Demoso – People Defense Force | Kayah |
| 58 | Loikaw – People Defense Force | Kayah |
| 59 | Pekhon – People Defense Force | Kayah |
| 60 | Moebyal – People Defense Force | Kayah |
| 61 | SSPDF | Shan |
| 62 | Nay Pyi Taw – People Defense Force | Naypyitaw |
| 63 | Karenni Generation Z | Kayah |
| 64 | Karenni Army Center – Kn.A.C | Kayah |
| 65 | Fight For Justice – JPDF | Kayah |
| 66 | GZ–21– PDF | Kayah |
| 67 | Bamar People's Liberation Army–BPLA | Kayin |
| 68 | People's Revolution Alliance | Magway |
| 69 | People Defence Army–PDA | Chin |
| 70 | YGN Urban Guerrilla Army | Yangon |
| 71 | Baithanoe PDF | Magway |
| 72 | Urban Revolutionary Front (URF) | Kayah |
| 73 | Chin Land Defense Force | Chin |
| 74 | Chin Defence Force – Kanpetlet | Chin |
| 75 | Chin Defence Force – Zophei | Chin |
| 76 | Asho Chin Defence Force | Chin |

| | | |
|---|---|---|
| 77 | Chin Defence Force – Ton Zang | Chin |
| 78 | Chin National Defence Force (CNDF/CNO) | Chin |
| 79 | Chinland Defense Force – Daai | Chin |
| 80 | Chin Defence Force – Matupi Cingtland Battalion – 2 | Chin |
| 81 | Chin Defence Force – Matupi | Chin |
| 82 | Chinland Defense Force – Zotung | Chin |
| 83 | Yoma Battalion – CDF–Mindat | Chin |
| 84 | Chin Generation Z PDF Team | Chin |
| 85 | Chin Defence Force – Mindat | Chin |
| 86 | Chin Defence Force – Senthang | Chin |
| 87 | Chin Defence Force | Chin |
| 88 | Union Defense & Liberation Alliance | Chin |
| 89 | People's Defence Force – Kalay | Sagaing |
| 90 | Ranger Kalay Defend Force | Sagaing |
| 91 | Urban Guerrillas Defence Force – Kalay | Sagaing |
| 92 | Kalay Region Defence Association | Sagaing |
| 93 | People's Defence Force – Htilin | Magway |
| 94 | People's Defence Force – Kalay Battalion 1 | Sagaing |
| 95 | People's Defence Force – Gangaw Battalion | Magway |
| 96 | Local Defence Force – Kalay | Sagaing |
| 97 | People's Defence Force – Zomi / Zomi Pdf | Chin |
| 98 | People's Defence Force – Kalay Battalion 04 | Sagaing |
| 99 | Chin Defence Force – Thantlang | Chin |
| 100 | Chinland Defense Force – Kalay Kabaw Gangaw | Chin |
| 101 | Kalay Civil Armed Force – Chin Battalion | Chin |
| 102 | Zomi Re–unification Organization – Eastern Command (ZROE) | Chin |
| 103 | Chinland Defense Force – Lautu | Chin |
| 104 | Maraland Defense Force – MDF | Chin |
| 105 | Chinland Defense Force – Thantlang | Chin |
| 106 | Chinland Defense Force – Hakha | Chin |
| 107 | Chinland Defense Force – Paletwa | Chin |
| 108 | People's Defence Force (Yenangyaung) | Magway |
| 109 | Kyaukpadaung Defence Force (KDF) | Mandalay |
| 110 | Ngapyayma Guerrilla Force | Magway |
| 111 | Yae People's Defence Force (YPDF) | Mon |
| 112 | Ka Naung People's Defence Force (KNPDF) | Mandalay |
| 113 | Blood Brotherhood | Yangon |
| 114 | United Revolunation Force (URF) | Magway |

# ကိုးကားချက်နှင့် မှတ်စုများ

1. Assistance Association for Political Prisoners (AAPP) (28 Feb 2022), Daily Briefing in Relation to the Military Coup, https://aappb.org/?p=20333

2. စစ်တပ်သည် မြို့နယ်အသီးသီးတွင် ညမထွက်ရအမိန့် အမျိုးမျိုးထုတ်ပြန်ထားသည့်အပြင် အချို့နေရာများတွင် စစ်အုပ်ချုပ်ရေး ကြေညာထားသည်။ ထို့အပြင် ဆိုင်ကယ်တစ်စီးတွင် အမျိုးသား(၂)ဦး အတူစီးနှင့်ခွင့်မပြုသည့်အမိန့်ညွှန်ကြားချက်များလည်း ထုတ်ပြန်ထားပြီး မည်သည့်အမိန့်ကိုဖြစ်စေ မလိုက်နာပါက သို့မဟုတ် မလိုက်နာဟု စစ်တပ်တာဝန်ရှိသူက ကောက်ချက်ပြုပါက ဖမ်းဆီးအရေးယူသည့်အပြင် တရားမဲ့သတ်ဖြတ်ခြင်းများပင် ကြုံတွေ့ရသည်။

3. လက်ရှိကာလ မြန်မာနိုင်ငံတွင် သတင်းအချက်အလက်ရရှိရေးအတွက် အများပြည်သူအားထားရလျက်ရှိသည့် Facebook ကဲ့သို့သော အွန်လိုင်းလူမှုကွန်ရက်ကို စစ်တပ်က ပိတ်ပင်ထားသည်။ ၎င်းလူမှုကွန်ရက်ကို ရယူအသုံးပြုနိုင်ရန်အတွက်သော်လည်းကောင်း၊ လူထုလှုပ်ရှားမှုအတွင်း တက်ကြွစွာပါဝင်နေကြသူများ၏ လုံခြုံရေးအတွက်သော်လည်းကောင်း လူအများက တဆင့်ခံကွန်ရက် (VPN) ကို အသုံးပြုကြရသည်။ အဆိုပါ VPN ကို ခွင့်ပြုချက်မရှိပဲ ဖုန်းအပါအဝင် ဆက်သွယ်ရေးကွန်ရက်အတွင်း ထည့်သွင်းအသုံးပြုရုံမျှဖြင့် ပြစ်ဒဏ်ချမှတ်နိုင်သည့် ဆိုင်ဘာလုံခြုံရေး ဥပဒေကို ၂၀၂၂-ခုနှစ် ဇန်နဝါရီလအတွင်း အတည်ပြုနိုင်ရန်ကြိုးစားခဲ့သည်။

4. လူမှုကွန်ရက်ပေါ်တွင် #Smart_72_hours (https://www.facebook.com/hashtag/smart_72_hours) အမှတ်အသားဖြင့် ၇၂-နာရီအတွင်း ငြိမ်နေပါက အာဏာသိမ်းမှုမပြောက်ကြောင်း အသိပေးဖြန့်ဖြူးသည့် ပို့စ်ပေါင်း ၁၇,၀၀၀ ကျော် ရှိပြီး ရေးသားဖြန့်ဖြူးသူများတွင် ဖေ့စ်ဘုတ်ကအတည်ပြုထားပြီးသည့်အကောင့် (blue-mark ရရှိထားသူ)များပင် ပါဝင်သည်။ တစ်နှစ်တာကာလအတွင်းတွင် အဆိုပါပို့စ်များအား ပြန်လည်ဖြုတ်ချခဲ့သူများလည်း ရှိနိုင်သည်။

5. အရှေ့တိုင်းအယူအဆတွင် သံပုံးတီးခြင်း၊ အိုးခွက်များခေါက်ခြင်းသည် ဝိညာဉ်ရေးရာကိစ္စများနှင့် ဆက်နွယ်ပြီး မြန်မာ့အယူအဆတွင် သံပုံးတီးခြင်းသည် မိစ္ဆာ၊ သရဲ၊ တစ္ဆေများ၊ မကောင်းဆိုးဝါးများ၊ နာနာဘာဝများအား နှင်ထုတ်ခြင်းဖြစ်သည်။ အနောက်တိုင်းအယူအဆတွင် အိုးခွက်များခေါက်ခြင်းသည် လူတစ်ဦး၏ အကျင့်ပျက်မှု အရှက်ရစေရန် အသံပြုခြင်းဖြစ်သည်ဟု သိရသည်။ နွေဦးတော်လှန်ရေးအတွင်း သံပုံးတီးခြင်းသည် မတရားအာဏာလုသူအား အရှက်ရစေခြင်း၊ ထိုသို့သော မကောင်းဆိုးဝါးအား နှင်ထုတ်ခြင်းနှင့် ပြည်သူအများ အတူတကွ စည်းလုံးစွာရပ်တည်ခြင်းအဖြစ် အဓိပ္ပါယ်ဖော်ကြသည်။

6. နေပြည်တော်မှ မြသွဲ့သွဲ့ခိုင်သည် ဖေဖော်ဝါရီ ၉-ရက်နေ့တွင် ဦးခေါင်းသေနတ်ပစ်ခံခဲ့ရပြီး ဖေဖော်ဝါရီ ၁၉ -ရက်နေ့တွင် ဆုံးပါးသွားခဲ့သည်။ RFA (2021), 'First Myanmar Protester Death Galvanizes Anti-Coup Demonstrators',
https://www.rfa.org/english/news/myanmar/protester-death-02192021182555.html

7. နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေနှင့် ရပ်ကွက် (သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေတို့ကို ပြင်ဆင်ရေးဆွဲခဲ့သည်။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း အထောက်အထားပြုလုပ်ရန်၊ ဧည့်စာရင်းတိုင်ကြားရန် ညွှန်ကြားချက်များကို စတင်ထုတ်ပြန်ခဲ့သည့်အပြင် မလိုက်နာပါက ပြင်းထန်သော အရေးယူမှုများ ပြုလုပ်မည်ဟု ဖိအားပေးခဲ့သည်။ ပို၍ ဖိအားပေးသည့် အနေနှင့် ၂၀၂၁-ခုနှစ်နှောင်းပိုင်း ကာလတွင် ဧည့်စာရင်းမတိုင်ပါက အိမ်ပိုင်ရှင်ကိုပင် အရေးယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

8. အချို့သောနေရာဒေသများနှင့် မြို့နယ်များတွင်မူ (အထူးသဖြင့် အာဏာသိမ်းစစ်တပ်၏ အုပ်ချုပ်မှုလက်လှမ်းမမီသော ဒေသများတွင်) စစ်ကြောင်းအလိုက် ချီတက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိပါသည်။

9. ၂၀၂၁-ခုနှစ် ဒီဇင်ဘာလ(၅)ရက်နေ့တွင် စစ်တပ်က ဆန္ဒပြ လူငယ်များကို ကားဖြင့် တိုက်သတ်ပြီးနောက် ရန်ကုန်တစ်မြို့လုံး စစ်အာဏာရှင်ဆန့်ကျင်ရေး သံပုံးပြန်တီးကြသည်။ https://fb.watch/c6RrJtvw5a/

10. လျှပ်စစ်/ရေ မီတာမဆောင်ခြင်း၊ စစ်တပ်၏ ညွှန်ကြားချက်များ မလိုက်နာခြင်း အပါအဝင် အာဏာသိမ်းစစ်တပ်၏ တရားဝင်မှုကို အသိအမှတ်မပြုသည့် လုပ်ရပ်များ။

11. ဖြစ်ရပ်တစ်ခုမှာ — ၂၈-၀၂-၂၀၂၁ ရက်နေ့၌ အာဏာသိမ်းစစ်ကောင်စီ လက်အောက်ခံ ရဲတပ်ဖွဲ့မှ ဆေးတက္ကသိုလ်များ သပိတ်ကြောင်းကို မျက်ရည်ယိုဗုံးနှင့် အသံဗုံးများဖြင့် ဖြိုခွင်းချိန်တွင် Defense Team အဖွဲ့က ရှေ့တန်းမှ ခုခံကာကွယ်ပေးနေခဲ့သောကြောင့် ဆန္ဒပြ ဆေးကျောင်းသားအများစု ဘေးကင်းရာသို့ ပြေးလွှားတိမ်းရှောင်ချိန် ရခဲ့ပါသည်။
https://www.facebook.com/um1su.mm/posts/3783509565060779

12. ဆန္ဒပြသူများနှင့် (ရဲ/စစ်တပ်) လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိပ်တိုက်တွေ့သောကြောင့် လူစုခွဲရန် သဘောတူညီမှု ရရှိပြီး လူစုခွဲချိန်တွင် ရဲ/စစ်သားများက ကျည်အစစ်ဖြင့် ပစ်ခတ်သတ်ဖြတ်သည့်ဖြစ်ရပ်များစွာ ရှိခဲ့ပြီး ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီ ၂၁-ရက်နေ့ မန္တလေးမှ အကြမ်းဖက်မှုဖြစ်စဉ်မှာ ထင်ရှားသည့်ဖြစ်ရပ်တစ်ခုဖြစ်သည်။

13. ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်တွင် ယနေ့ မတ်လ(၁၉)ရက်နေ့ ညနေ(၃)နာရီ (၁၂)မိနစ်အချိန်က အာဏာသိမ်းစစ်ကောင်စီ၏ အကြမ်းဖက် စစ်တပ်နှင့်ရဲတို့က အပြစ်မဲ့ပြည်သူအား အတင်းအဓမ္မစေခိုင်းပြီး လမ်းပေါ်တွင် လေးဖက်ထောက်သွားခိုင်းနေသည်။ (Tachileik News Agency)
https://www.facebook.com/watch/?v=361270021697382

14. လှိုင်သာယာတွင် စစ်တပ်က အကြမ်းဖက်ပစ်သတ်မှုကြောင့် သေဆုံးသူ(၃၀)ရှိဟု အတည်ပြုပြီး ပြင်းထန်ဒဏ်ရာရသူများ၍ သေဆုံးသူတိုးနိုင်သည်ဟုဆိုသည်။ (ခေတ်သစ်မီဒီယာ - ရန်ကုန်၊ မတ်-၁၄)၊
https://www.facebook.com/khitthitnews/posts/1148854302218581

15. ပြည်သူအချင်းချင်းကာကွယ်ပေးသည့်ပုံစံဖြင့် လမ်းပေါ်ဆန္ဒဖော်ထုတ်မှုပုံစံ (Self-defended protests) ကို ဖေဖော်ဝါရီလအတွင်းမှ စတင်တွေ့ရှိခဲ့သော်လည်း အဆိုပါကာလတွင် မည်သည့်လက်နက်ကိုမျှ ယူဆောင်ခွင့်မပြုခဲ့ပေ။ ထိုသို့ယူဆောင်သူသည် အကြမ်းဖက်မှုကို ဖြစ်စေရန်တွန်းအားပေးသူဟု အများကသတ်မှတ်သည့်ဖြစ်ရပ်များလည်း ရှိခဲ့သည်။ ဖြစ်ရပ်တစ်ခုမှာ ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီ ၂၆၊ လှည်းတန်းမှ ဖြစ်ရပ်တစ်ခုဖြစ်သည်။
https://www.facebook.com/khitthitnews/videos/967088394098528/

16. Myanmar Peace Monitor (2016), ‘Armed Ethnic Groups’,
https://www.mmpeacemonitor.org/1426/armed-ethnic-groups/

17. ဤသုတေသနမှလေ့လာခဲ့သည့်အဖွဲ့-၁၀၀ကျော်တွင်၎င်းတို့ဖော်ပြထားသည့်စတင်ဖွဲ့စည်းသည့်ကာလကိုမတ်လဟု တွေ့ရှိရသော်လည်း ထို့ထက်စော၍ ပြင်ဆင်စုစည်းခဲ့ကြသည့်အဖွဲ့များလည်း ရှိနေနိုင်ပါသည်။

18. Anonymous author (2021), “The Centrality of the Civil Disobedience Movement (CDM) in Myanmar’s Post- Coup Era”, Policy Briefing - SEARBO, Australian National University, Published by: New Mandala, (P. 27~29)
https://www.newmandala.org/wp-content/uploads/2021/10/SEARBO_CDM-Myanmar_paper.pdf

19. Ibid. P–35.

20. Nyein Swe and Min Min (2021), 'Over 8,000' soldiers and police officers have joined the Civil Disobedience Movement, says defector group, Myanmar Now, https://www.myanmar-now.org/en/news/over-8000-soldiers-and-police-officers-have-joined-the-civil-disobedience-movement-says

21. Khit Thit Media (2021), "ဟားခါးတွင် အကြမ်းဖက်စစ်ကောင်စီတပ်စခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဝင်စီးမီးရှို့၊ စစ်သားနှင့်ရဲများ ထွက်ပြေးဟု CDF-Hakha ထုတ်ပြန်"၊ https://www.facebook.com/khitthitnews/posts/1190675578036453

22. ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီလ(၅)ရက်နေ့ ထုတ်ပြန်ချက်တွင် အာဏာသိမ်းမှုကို ကန့်ကွက်ကြောင်း၊ တည်ငြိမ်ခိုင်မာသည့် ငြိမ်းချမ်းရေးမှတဆင့် အနာဂတ်ဖက်ဒရယ် တည်ဆောက်ရေးကို ရှေ့ရှုသည့် ဒီမိုကရေစီအစိုးရတစ်ရပ် အမြန်ဆုံးပြန်လည်ပေါ်ထွန်းလာရေးအတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။ https://www.facebook.com/wah.lay/posts/10159164189028535

23. တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေး ထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ၏ ၂၀၂၁-ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ အထူးအစည်းအဝေး ထုတ်ပြန်ကြေညာချက်တွင် စစ်အာဏာရှင်စနစ်နှင့် စစ်အာဏာသိမ်းခြင်းကို ဆန့်ကျင်သည့် လူထုလှုပ်ရှားမှုကို ထောက်ခံပံ့ပိုးမည်ဖြစ်ပြီး၊ အာဏာသိမ်းစစ်ကောင်စီနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှုများကို ရပ်ဆိုင်းထားမည်၊ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် လက်ရှိနိုင်ငံရေး ပြဿနာများကို နည်းလမ်းရှာ ဖြေရှင်းနိုင်ရေးအတွက် ပြည်တွင်းပြည်ပ အင်အားစုများနှင့် ပူးပေါင်းမည်ဟု ဖော်ပြထားသည်။
https://www.facebook.com/ncasignatoryeaoofficial/posts/1027849247739944

24. စစ်ကောင်စီက ၂၀၂၁-ခုနှစ် မတ်လ ၁၁-ရက်နေ့တွင် ရက္ခိုင့်တပ်တော်ကို အကြမ်းဖက်အုပ်စုအဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်။ Aljazeera (2021), "Myanmar military removes rebel Arakan Army from 'terrorist' list", March 11.
https://www.aljazeera.com/news/2021/3/11/myanmar-junta-removes-rakhine-rebels-from-terrorist-list

25. Dr. Zaw Wai Soe (April 2021), https://www.facebook.com/zawwai.soe/posts/1772804799546443

26. Dr. Zaw Wai Soe (May 2021), https://www.facebook.com/zawwai.soe/posts/1790321164461473

27. People's Spring (June 29, 2021), "တစ်ချိန်တည်းဆင်နွှဲမည့် ပြည်သူ့တော်လှန်ရေးအချိန်နှီးကပ်ပြီဖြစ်၍ ပြင်ဆင်ထားကြရန် NUG ဝန်ကြီးအသိပေး", https://www.facebook.com/LuduNwayOo/posts/164969779025816

28. DVB (2021), "ကာကွယ်ရေးဝန်ကြီးဌာနနှင့် တွေ့ဆုံခြင်း", https://youtu.be/k7UVyAnenno

29. Myanmar Now (2021), "စစ်ကောင်စီကို နှိမ်နှင်းရန် တိုက်ပွဲခေါ်သံပေးမည်ဟု NUG ပြော"၊ https://web.facebook.com/watch/?v=2944508459118492

30. ၂၀၂၁-ခုနှစ် ဇူလိုင်လ(၁)ရက်နေ့တွင် "ကုလသမဂ္ဂစစ်မြေပြင်က မြန်မာ့ဒီဒေး (D-Day)" ဟူသည့် ဆောင်းပါးကို မူရင်းရေးသားသူ Aung Din (ဒတ္တ) ကရေးသားခဲ့ပြီး NUG လူ့အခွင့်အရေးဝန်ကြီး ဦးအောင်မျိုးမင်းအပါအဝင် ဝေဖန်ဆွေးနွေးသူအများအပြားရှိခဲ့သည်။ မူရင်းရေးသားသူ၏ ဆောင်းပါး https://www.facebook.com/permalink.php?story_fbid=333213518255180&id=100046996034356 ၊ လူ့အခွင့်အရေးဝန်ကြီး၏ဝေဖန်မှု - https://www.facebook.com/aung.m.min.9/posts/10160134216135864 Myanmar Now (2021),

31. "စစ်အာဏာရှင်ကို ပြည်သူ့တော်လှန်ရေးစတင်ပြီဖြစ်ကြောင်း NUG ကြေညာ"၊ https://web.facebook.com/watch/?v=270545734901565

32. History.com Editors (2009), 'D-Day', History, https://www.history.com/topics/world-war-ii/d-day

33. National World War II Museum, 'What does the "D" in D-Day means?', https://www.army.mil/e2/downloads/rv7/d-day/the-meaning-of-dday-fact.pdf

34. UN Office for the Coordination of Humanitarian Affairs - OCHA (1 Oct 2021), "Myanmar Humanitarian Update No. 11", Situation Report, https://reliefweb.int/report/myanmar/myanmar-humanitarian-update-no-11-1-october-2021

35. U Yee Mon's Facebook Post (20 September 2021), https://www.facebook.com/maung.t.thit/posts/10222507469527995

36. Interview of Dr. Zaw Wai Soe (24 September 2021), https://www.facebook.com/zawwai.soe/posts/1888320617994860

37. Dr. Zaw Wai Soe's Facebook Post (29 June 2021), https://www.facebook.com/zawwai.soe/posts/1823347784492144

38. ACLED (2022), https://acleddata.com/dashboard/#/dashboard

39. Data for Myanmar (2022), Reported number of houses burnt down by Myanmar's military (by month), https://www.datawrapper.de/_/YBD7O/

40. လူနေအိမ်ခြေ မီးလောင်ပျက်စီးမှုအများဆုံးမှာ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ဖြစ်ကြသည်။

41. Nyein Swe and Min Min (2021), ibid.

42. Selth A. (2021), "Could defections threaten the survival of Myanmar's military regime?", Asia Link, https://asialink.unimelb.edu.au/insights/could-defections-threaten-the-survival-of-myanmars-military-regime

43. Data for Myanmar (2022), "ရပ်ကျေးအုပ်ချုပ်ရေးမှူးများ လအလိုက် နုတ်ထွက်မှုအခြေအနေ", https://www.datawrapper.de/_/7xlmx/

44. United Nations (2021), "General Assembly defers decision on Afghanistan and Myanmar seats", https://news.un.org/en/story/2021/12/1107262

General Strike Committee of Nationlities

GSCN

